
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# တင့်တယ်
# ဖြေလျော့ခွေ



မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



mgyoe.com

ISBN 9789997115379
FIC133
9 789997 115379
3,200.00KS

mgyoe.com

ပြေလျှော့ခွေ၊ တင့်တယ်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၃၀ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၅၅၊ ရှုမဝစာအုပ်တိုက်၏တတိယအကြိမ်။

ရောင်းဈေး ၃၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



## အမှာ

တင့်တယ်ရေး 'ဖြေလျော့ခွေ' ဝတ္ထုကို ဤအကြိမ် စက်တင်ပုံနှိပ်ခြင်းသည် တတိယအကြိမ် ဖြစ်ပေသည်။ ပထမအကြိမ် ပုံနှိပ်ခြင်းမှာ "ပဒေသာ" မဂ္ဂဇင်းထွက်နေစဉ် အခါက မဂ္ဂဇင်း ဝတ္ထုရှည်အဖြစ်ဖြင့် ပုံနှိပ်ခဲ့၏။ တင့်တယ် ဘိလပ်သို့ထွက်သွားပြီးနောက် ၁၉၄၉ ခုနှစ်သို့ရောက် သောအခါ၌ 'ဖြေလျော့ခွေ' ကို ရှုမဝက လုံးချင်းစာအုပ် အဖြစ်ဖြင့် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။ တင့်တယ် ဘိလပ်၌နေစဉ်တွင်ပင် ဗြိတိသျှဘားမား ရုပ်ရှင် ကုမ္ပဏီက 'ဖြေလျော့ခွေ' ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးလို ကြောင်း လာရောက်ပြောဆို၏။ သို့သော် တင့်တယ်က ဘိလပ်၌ရှိနေ၍ ဤကိစ္စသည် စာပေးစာယူနှင့် အတန်ငယ် နှောင့်နှေးနေခဲ့သည်။

၁၉၅၂ ခုနှစ်တွင် တင့်တယ်ဘိလပ်က ပြန်ရောက်လာ ၏။ ထိုအခါတွင် 'ဖြေလျော့ခွေ' ကို ရုပ်ရှင်ရိုက်ကူးရန် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီက တက္ကသိုလ်နေဝင်းအား

mgyoe.com

mgyoe.com



စေလွှတ်၍ အကြောင်းကြားပြန်ပေသည်။ နောက်ဆုံး၌ တင့်တယ်နှင့် ဗြိတိသျှဘားမား ဦးချန်ထွန်း၊ ရှုမဝဦးကျော် တို့ဆွေးနွေးကာ 'ဖြေလျော့ခွေ' ကို ရုပ်ရှင်ရိုက်ကူးရန် သဘောတူညီခဲ့ကြလေသည်။

လက်ဦးတွင် 'ဖြေလျော့ခွေ' ကို ဦးချန်ထွန်းက ဒါရိုက်တာအဖြစ် ဦးဆောင်၍ရိုက်ကူးရန် စီစဉ်သည်။ သို့သော် ဦးချန်ထွန်း အလုပ်မအားလပ်သဖြင့် ဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ရွှေဒုံးဘီအောင်က ရိုက်ကွက်များခွဲခြားစီစဉ်ကာ ဒါရိုက်တာ ကိုချစ်ခင်က ဦးဆောင်ရိုက်ကူးခဲ့လေသည်။

ဝတ္ထုနှင့် ရုပ်ရှင်သည် အတော်ပင်သဘောချင်း ခြားနား၏။ ဝတ္ထုထဲ၌ **'လေပြည်ထဲတွင် ပန်းပေါင်းစုံတို့၏ရနံ့ သင်းပျံ့ကြွယ်ဝနေပေသည်'** ဟု ရေးထားသည်ကို ရုပ်ရှင်က ရိုက်၍မရပေ။ ရုပ်ရှင်ဘက်က တတ်နိုင်သော ကင်မရာ အယူအဆ ကြည့်ထောင့်ကွက်ဆန်းများကိုလည်း ဝတ္ထု၌ ထည့်ရေး၍မရ။ ဝတ္ထုနှင့်ရုပ်ရှင် အတော်ပင်ခြားနားချက် ရှိ၏ ။

'ဖြေလျော့ခွေ' ကို ရုပ်ရှင်ရိုက်ကူးခြင်းသည် စွန့်စား ခန်းတစ်ရပ် လိုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဖြေလျော့ခွေ' မှာ စာဖတ်ပရိသတ် သိကြပြီးဖြစ်သည့် အတိုင်း တင့်တယ်၏ ပြောင်မြောက်သော လက်ရာတစ်ပုဒ် ဖြစ်သည်။ လူကြိုက်များပြီးသားလည်းဖြစ်သည်။ ဝတ္ထု အရသာကို အပြည့်အဝခံစားရပြီးသူအများ ရှိနေသည်။ ထိုအရသာမျိုးကို ရုပ်ရှင်ဇာတ်ကားအဖြစ်နှင့် ပြန်၍ပေါ်လာ အောင် ရိုက်ကူးရခြင်းမှာ မလွယ်လှပေ။ ဝတ္ထုကိုဖတ်စဉ်က ခံစားရသော အရသာမျိုးကို ရုပ်ရှင်ကားဖြင့် သရုပ်ဖော်ရခြင်း သည် စွန့်စားခန်းတစ်ရပ်ပင်ဖြစ်၏။ ဒါရိုက်တာ၏ စွန့်စား ခန်းသာမဟုတ်သေး။ ကင်မရာဆရာ၊ ဇာတ်လိုက်၊ ဇာတ်ရံ၊ ဆက်တင်အခမ်းအနားဆိုင်ရာ အားလုံးတို့၏ စွန့်စားခန်း

mgyoe.com

mgyoe.com



လည်း မည်ပေသည်။

သို့သော် ဒါရိုက်တာကိုချစ်ခင်သည် 'ဖြေလျော့ခွေ' ဇာတ်ကားကို ဝတ္ထုနှင့် အရသာတန်းတူရှိအောင် ကြိုးစား ရိုက်ကူး၏။ ထိုစဉ်အခါက မဖတ်လိုက်မိသေးသော ပရိသတ်များကလည်းကောင်း၊ ထိုအခါက စာဖတ်အလေ့မရသေးဘဲ လွန်ခဲ့သောနှစ်နှစ်အတွင်းမှ ဟုန်းခနဲ ရုတ်တရက်ပွားများလာသော နောက်တိုး စာဖတ်ပရိသတ်ကြီးကလည်းကောင်း 'ဖြေလျော့ခွေ' ကိုထပ်မံပုံနှိပ်ရန် အကြံပေးကြသည်။ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီကြီးကလည်း 'ဖြေလျော့ခွေ' ကို ရှုမဝက ထပ်မံပုံနှိပ်ထုတ်ဝေပါဟု အကြံပေးသည်။ ရှုမဝကထုတ်ဝေခြင်းမပြုပါလျှင် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီကပင် ပုံနှိပ်ထုတ်ဝေမည်ဟု ရည်ရွယ်ကြောင်း ပြောပြသည်။

စာဖတ်ပရိသတ်၏ အလိုဆန္ဒအရ တင့်တယ်ရေး 'ဖြေလျော့ခွေ' ကို ယခုတတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်ပါ၏။ ယခုတစ်ကြိမ် ထုတ်ဝေရာ၌ ထူးခြားချက်မှာ 'ဖြေလျော့ခွေ' ဇာတ်ကားမှ ဓာတ်ပုံများကို ထည့်သွင်းဖော်ပြခြင်းဖြစ်၏။ စာသားမှာမူ ၁၉၄၈ ခုနှစ်က ပဒေသာမဂ္ဂဇင်း၌ တင့်တယ်မူလရေးသားခဲ့သည့်အတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်း လုံးဝမပြုဘဲ၊ မူအတိုင်း ပြန်လည်ပုံနှိပ်ထားပါကြောင်း။

ရှုမဝ

***

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





"သစ်သူဌေး ဦးရွှေဖံအောင် အိမ်ဟာ ဒီအိမ်မဟုတ်လား ဘရယ် ...
ကျွန်မကို ဒေါ်ရွှေစုက ဒီကနေ့လာခဲ့ပါဆိုလို့ ..."

mgyoe.com

mgyoe.com





"လိမ္မာစမ်းပါ အမိလေးရယ်၊ ကိုယ့်မိဘဂုဏ် ကိုယ့်ဆွေမျိုးဂုဏ်တွေကိုလည်း ထောက်ပါဦးမှပေါ့ကွယ်"

mgyoe.com

mgyoe.com





''ပြောရက်ပါပေ့ အလုံ့ရယ် ... ပြောရက်ပါပေ့၊
ကိုလတ်ကို အလုံ့အထင်မှားပြီကွယ် ... ကိုလတ် အလုံ့ကိုချစ်တာဟာလေ ...
တကယ့်ကို အသည်းထဲ နှလုံးထဲက လှိုက်လှိုက်လှဲလှဲချစ်ထာမို့ ...''

mgyoe.com

mgyoe.com





"ခွေးမကလေး ... ဟင် ... နင်က ဒိုင်ရွှေဖံအောင်အိမ်မှာမှ သွားပြီး အလုပ်လုပ်ချင်ရသလား၊ ဖွီ ... သွား ... ပဲပြုတ်ပြန်ရောင်း ... ဟိုအိမ်မှာတော့ ကျွန်မခံရဘူး။ နားလည်လား ..."

mgyoe.com

mgyoe.com





"အဖေကလည်းတစ်ခက်ပဲ မလှရွှေရယ် ...
ပြောလို့လည်းမရ ... ဆိုလို့လည်းမရနဲ့ ..."

mgyoe.com

mgyoe.com






''စိတ်မှာလည်း ကြည်နူးဖွယ် ... တောတန်းနဲ့ သောင်ကမ်းက
သာယာပါပေတယ်၊ လောင်းလှေကလေးတွေများရယ် ...
ကူးခတ်လို့ ထာဝစဉ် အမြဲအားဖြင့်ကွယ် ... ပျော်ကြတယ် ...''

mgyoe.com

mgyoe.com





"တယ်ပြီး ကြည့်နူးလာကြတယ်ထင်ပ့ါ ... ဟုတ်စ ... ဟို ...
ကိုသာယာကြီးကလည်း တယ်ပြီး သာယာနေထင်ပ့ါ"

mgyoe.com

mgyoe.com





''မဟုတ်ဘူး ကိုဖိုးလှရယ် ... စေ့စပ်ရေးလုပ်စမ်းပါ၊ လုပ်လို့ရပါစေ့မယ် ...
မေ အာမခံပါတယ် ကိုဖိုးလှရယ် ...''

mgyoe.com

mgyoe.com

"ဘ ..."

ပဲခူးရိုးမတောင်တန်းကြီး၏ မြောက်ဘက်စွန်း တောင်လက်တက်တစ်သွယ်ဖြစ်သော ပြည်မြို့–မင်းကြီးတောင်၏ တောင်ထိပ်နံပါတ် ၁၁ ပေါ်တွင် ကြီးမားသော သံပန်းဝင်းတံခါးကြီးများနှင့် ဆေးစိမ်းသုတ် သံဝင်းခတ်ထားသော တိုက်ခံအိမ်ကြီးတစ်လုံးသည် ကျယ်ဝန်းပြန့်ပြူးလှသော ဝင်းခြံကြီးတစ်ခု၏အတွင်းဝယ် ထီးထီးမားမားကြီး ခံ့ညားထင်ရှားစွာ တည်ရှိနေလေ၏။ ခြံဝင်းတစ်လျှောက်တွင် ဒန့်သလွန်ပင်၊ သရက်ပင် စသော စားသီးအမြန်ဆုံးရနိုင်သည့် သီးပင်ပျိုတို့မှာ တစ်ပင်နှင့်တစ်ပင် အကွာအဝေး ညီမျှစွာ အလှည့်ကျတည်ရှိနေကြလျက်၊ သံဝင်းအတွင်း ထိုသီးပင်များ၏ အကြားတွင်မူ၊ သော်ကပန်းစည်းရိုးတစ်ခုသည် စိမ်းလန်းညီညာစွာ အိမ်ကြီး၏ လေးဖက်လေးတန်ကို ပတ်လည်ဝိုင်းကာ၊ သံဝင်းထရံစိမ်းနှင့် မျဉ်းပြိုင်ပြေးလျက်ရှိနေလေ၏။ သော်ကပန်းစည်းရိုး၏ အတွင်းတွင်မူ မြေဝပ်ပန်းခင်းများ၊ နှင်းပန်းပင်များ၊ နှင်းဆီရုံများနှင့် စံပယ်ရုံများမှာ နေ့စဉ်မပြတ်ပြုစုပျိုးထောင်ထားခြင်းအားဖြင့်၊ အကွက်ကျ–အကွက်ကျ၊ ကွတ်ကွတ်ရွတ်ရွတ် သေသပ်စွာ တည်ရှိနေကြပြီးလျှင် မွေးပန်း၊ ပန်ပန်းများ၏အကြားတွင်မူကား စက်ဖြင့်တိရိတ်ထားသောကြောင့် ညီညာစိမ်းလဲ့နေသော မြက်ခင်းပြင်ကလေးများကို ထောင့်လေးထောင့်တွင် အသီးသီး ဗုဒ္ဓသရဏံပင်များက နယ်နိမိတ် သတ်ဘိသို့ စိုလန်းလျက် ပန်းရနေသည်ကိုလည်း တွေ့မြင်နိုင်

mgyoe.com

mgyoe.com


လေသည်။

ကျယ်ဝန်းပြန့်ပြူး ကြည်နူးဖွယ်ရာ ကောင်းလှသော၊ ထိုခြံဝင်းကြီး အတွင်းရှိ တိုက်ခံအိမ်ကြီးမှာလည်း ခြံဝင်းနှင့်လိုက်အောင်ပင် ကျယ်ဝန်းမြင့်မား စွာ ဆောက်လုပ်ထားသည်ဖြစ်ရာ အဝါရောင် ဆေးသုတ်ထားသော အောက် ထပ်တိုက်နှင့် ရေနံရည်ဝနေသောကြောင့် ညို့ညို့ကြီးနေသည့် သစ်သား အပေါ်ထပ်နှင့်တကွ နီကြန့်ကြန့်နေသော အုတ်ကြွပ်မိုးတို့ကြောင့် အစိမ်း၊ အနီ၊ အဝါ သုံးဖြာသောအရောင်တို့ဖြင့် ထိုခြံဝင်းကြီး၏ ရှုခင်းမှာ ရှုတိုင်း သာလျက် ရှိတော့လေ၏။ ထို့အပြင် အိမ်ကြီး၏နောက်ဖေးဘက်ဆီ၌ ကား ထားသောရုံ၊ အစေခံတန်းလျား၊ မီးဖိုစသည့် အုတ်အဆောက်အဦပုပုပြားပြား ကလေးများသည်လည်း ကြီးမားကျယ်မြင့်သော အိမ်ကြီးအား ပို၍ ထည်ဝါ ခံ့ညားအောင် အသရေဆောင်လျက် ရှိကြပြန်ပြီးလျှင် ဝင်းကြီး၏နံဘေး သော်ကပန်းစည်းရိုးနှင့်ကပ်လျက် တန်းထားသော ကြိုးတန်းကြီးနှစ်တန်းတို့ တွင် တစ်တန်း၌ ဖြူဖွေးသော ရှပ်အင်္ကျီစွပ်ကျယ်များကို တသီတတန်းကြီး မြင်နေရလျက် အခြားတစ်တန်းတွင်မူ မဲနယ်ရောင်ဖြင့် နေရောင်တွင် ပြာလဲ့ စွာဝင်းနေသော မိန်းမဝတ် ပဒုမ္မာအင်္ကျီများနှင့် ဇာဘော်လီအင်္ကျီများကို လှမ်းမျှော်၍ မြင်နိုင်ပြန်လေရကား၊ ထိုအိမ်ကြီးတွင် နေထိုင်လျက်ရှိသူ အိမ်ကြီးရှင်မှာ များစွာ ကြွယ်ဝချမ်းသာလျက်၊ အိမ်သူမိသားစု အတော်ပင် ကြီးမားများပြားသည် ဟူသောအချက်ကို သက်သေခံဘိသကဲ့သို့ ရှိနေ လေ၏။

ထိုအခြင်းအရာများကို သံဝင်းတံခါးကြီး၏ ပြင်ဘက်မှနေ၍ မိန်းမပျို တစ်ယောက်သည် တွေဝေငေးမောကာ ကြည့်ရှုနေလေ၏။ ပြီးမှ လူသူ အရိပ်အယောင်မျှ မမြင်ရသောကြောင့် သံဝင်းတံခါးကြီး၏ သံပန်းများ အကြားတွင် မျက်နှာလေးအပ်ကာ မြင်လိုမြင်ရငြားဖြင့် ဟိုဟိုဒီဒီ ကြည့်ရှု ရှာဖွေပြန်လေ၏။ သို့သော်လည်း မည်သူ့ကိုမျှ မမြင်ရသောကြောင့် မိန်းမပျို သည် ပြင့်မားလှသော သံဝင်းတံခါးကြီးကို မော်၍ကြည့်ပြီးလျှင် တစ်ဖန် ကြီးမားလှသော ကြေးသော့ခလောက်ကြီးအတွင်းမှ ချိတ်ထားသော ဝင်း တံခါးကန့်လန့်ကြီးကိုကြည့်ပြီးနောက်၊ ကြေးသော့ခလောက်ကြီးကိုပင် ရွံ့ရ တော့မလို၊ စိတ်ပျက်ရတော့မလို၊ အမူအရာကလေးများ ပေါ်လာကာ ...၊

mgyoe.com

mgyoe.com


နဖူးပေါ်သို့ ဝဲဆင်းနေသော ဆံနွယ်ကလေးတစ်ခွေနှစ်ခွေကို ပင့်တင်ရင်း သက်ပြင်းကလေးတစ်ချက် ချလိုက်ရှာလေ၏။

ခံ့ညားမြင့်မားလှသောအိမ်ကြီးကို လှမ်းမျှော်၍ ကြည့်ရှုနေရှာသူ ထိုမိန်းမပျိုမှာကား ... ထိုအိမ်ကြီးတွင် နေထိုင်သူ မိန်းမပျိုတစ်ဦးတစ်ယောက် အလျဉ်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မိန်းမပျိုမှာ သရက်မြို့ထွက် ခံ့ဖိနပ်ရိုးရိုးကိုစီးလျက် ခါးတွင်မူ သရက်ထည်လုံချည် တစ်ရေကျလောက်ကို ဝတ်ဆင်ထားကာ ကိုယ်တွင်လေထီးဖျင်ကို ချုပ်ထားသဖြင့် ရင်ဖုံးဘက် က အဆက်ပါသောအင်္ကျီကို ဝတ်ထားသည်သာမက လက်တွင်လည်း အိမ်တော်ရာထီး ခပ်နွမ်းနွမ်းကို မဟာတဟာပိတ်ကာ ခရိုင်ဆုံလည်မှ ကိုင်ထားသောကြောင့်၊ မည်သူမျှပင် ထိုမိန်းမပျိုသည် ထိုအိမ်ကြီး၌ နေထိုင်သူ ဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရာ မရှိချေ။

သို့သော် ... အတန်နွမ်းပါးသော အဝတ်အစားများ၏အောက်မှ ချောမောတင့်တယ်သည့် မိန်းမပျို၏ ရုပ်ရည်ရူပကာယသည်၊ ဝွမ်းညစ်ညစ် ဖြင့် ထွေးထားသည့်တိုင်အောင် အရောင်မပျက် တဖျတ်ဖျတ်လက်၍နေသော မိးကောင်းလှသည့် စိန်စစ်ရတနာပမာကဲ့သို့ ဝင်းဝင်းကြီး ဖွတ်ပေါ်လွင်လျက် ရှိနေ၏။

ထိုအခိုက်တွင် မိန်းမပျိုနားထဲသို့ ခပ်လှမ်းလှမ်းမှနေ၍ တချပ်ချပ် မြည်နေသော အသံတစ်ခုသည် ရုတ်တရက်ဝင်၍လာလေရာ မိန်းမပျိုလည်း ဝင်းတံခါးကြီး၏ သံပန်းများအကြားမှ ခေါင်းကိုငဲ့ကာစောင်းကာဖြင့် အသံ လာရာသို့ တစ်စုံတစ်ယောက်ကို မြင်ရနိုးနိုးကြည့်ရှာလေ၏။ သို့သော်လည်း ဝင်းတံခါးကြီး၏အတွင်းဘက်တွင် ဝင်းတိုင်များ၏နောက်၌ တိရိစ္ဆာလာ၍ ဆုံးနေသော သော်ကာပန်းစည်းရိုးများ တစ်ဖက်တစ်ချက်၏ထိပ်၌ ကြီးမားလှ သော ရွက်လှပင်ကြီးများ အုံကြီးစွာ စိုက်ပျိုးထားသောကြောင့် မိန်းမပျိုမှာ တချပ်ချပ်မြည်သံကို နားဖြင့်သာမှန်းဆရသော်လည်း ထိုအသံကို ဘာသံ မှန်းပင်မသိ၊ အသံရှိလျှင် လူရှိရမည်ဟူသော အသိတစ်ခုတည်းဖြင့်သာ မြင်ရနိုးနိုးလှမ်း၍ ကြည့်နေမိခြင်း ဖြစ်လေ၏။

တချပ်ချပ်မြည်သံသည် ချပ်ချပ်ချင်းဆက်၍သာ ပေါ်နေလေရာ မိန်းမပျိုသည် သံဝင်းအပြင်ဘက်ရှိ လူသွားလမ်းကလေးအတိုင်း အသံ

mgyoe.com

mgyoe.com


လာရာဆီသို့ လျှောက်ခဲ့လေ၏။ ချပ်ချပ်မြည်သံသည် တဖြည်းဖြည်းနီးလာခဲ့ရာ၊ နောက်ဆုံး၌ မိန်းမပျိုသည် အသံပေါ်ထွက်နေရာနှင့် မျက်နှာချင်းဆိုင်နေရာသို့ပင် ရောက်ခဲ့သဖြင့် သံဝင်းအကြားမှနေ၍ အသံထွက်ပေါ်ရာနေရာဆီသို့ ချောင်း၍ကြည့်ရှုပြန်လေ၏။

မိန်းမပျို၏ရှေ့တည့်တည့်သံဝင်း၏ အတွင်းဘက်၌ကား သော်ကပန်းစည်းရိုးသည် လူ့ပခုံးခန့်မြင့်အောင် ထူထပ်ညီညာစွာ ရှိနေလေ၏။ ထိုခဏ၌ ချပ်ချပ်အသံများမှာ ထပ်၍ပေါ်လာကာ သော်ကစည်းရိုးမှာ တလှုပ်လှုပ်တရွရွဖြစ်နေပြီးနောက်၊ ချပ်ချပ်သံများ ပျောက်သွားပြန်သည့်အခိုက်တွင်၊ "အင်း" ခနဲ ခါးဆန့်လိုက်သော အသံနှင့်အတူ၊ နုတ်ခမ်းမွေးများပင် ဖြူကြောင်ကြောင်ဖြစ်နေသော ခပ်နွမ်းနွမ်းပုဆိုးတစ်ထည်ကို ဦးရစ်ပတ်ထားသော အဘိုးကြီးတစ်ယောက်၏ဦးခေါင်းသည် သော်ကပန်းစည်းရိုးပေါ်ကိုကျော်၍ပေါ်လာသဖြင့် မိန်းမပျိုသည် ဝမ်းသာအားရဖြင့် ...၊ "ဘ ..." ဟု တစ်လုံးချင်းလွှတ်၍ ခေါ်လိုက်မိလေ၏။

"ဘ ..." ဟု လုံးချင်းခေါ်လိုက်သံကို ကြားရသည်နှင့်တစ်ပြိုင်နက် အဘိုးကြီးသည် သော်ကပန်းစည်းရိုးကိုကျော်ကာ ဝင်း၏အပြင်ဘက်သို့ ကြည့်လိုက်ရာ မိန်းမပျိုအား မြင်ရသည်၌ "ဘာတုံး မိန်းကလေး ..." ဟု မေးလိုက်သဖြင့် မိန်းမပျိုလည်း "ဒီအိမ်ကြီးဟာ ... သစ်သူဌေး ဦးရွှေခံအောင်ရဲ့ အိမ်ကြီးလားရှင်" ဟု မျှော်လင့်ခြင်းကြီးလှသောအသံဖြင့် မေးလိုက်ရှာလေ၏။

"အေး ... ဟုတ်တယ် ... ဘာကိစ္စရှိလို့လဲ"

"ဒီအိမ်က ဒေါ်ရွှေစုက ကျွန်မကို ဒီနေ့လာခဲ့ဖို့ မှာလိုက်လို့ပါရှင်"

"သြော် ... အေး ... ဒီအိမ်မှာ အလုပ်လုပ်ဖို့ ရွှေစု ခေါ်ထားတဲ့ မိန်းကလေးဟာ မင်းပဲကိုး၊ နာမည်ဘယ်သူတဲ့"

"လုံမ ... ပါတဲ့ အဘရယ်"

"အေး ... အေး ... ဟုတ်ပြီ ...၊ ညကတောင် ရွှေစုက မင်း လာမှလာပါ့မလားမသိဘူးလို့တောင် ပြောသေးတယ်၊ လာ ... လာ ... ဝင်းပေါက်ဟိုဘက်မှာကွဲ့ ..."

အဘိုးကြီးသည် ဝင်းတံခါးကြီးဘက်သို့ လျှောက်ခဲ့လေရာ လုံမ ဆိုသူ

mgyoe.com

မိန်းမပျိုမှာလည်း ယခင်က မိမိချောင်းမြောင်းကြည့်ရှုခဲ့သော ဝင်းတံခါးကြီး ဆီသို့ ပြန်၍လျှောက်ကာ လိုက်လာခဲ့လေ၏။

နှစ်ယောက်သား ဝင်းတံခါးတွင် ဆုံမိခဲ့ကြသည်၌ မိန်းမပျိုသည် အဘိုးကြီး၏လက်တွင် ကတ်ကြေးကြီးတစ်လက်ရှိ၍ ကတ်ကြေးအသွားများ တွင် သော်ကရွက်အပြတ်အသတ်များ ကပ်ရပ်ပေရေနေသည်ကို မြင်ရ လေရာ၊ "ဩော် ... လက်စသတ်တော့ ဟိုချပ်ချပ်လို့ မြည်တဲ့အသံဟာ သော်ကပင်တွေကို ကတ်ကြေးနဲ့ညှပ်ပြီး ညှိတဲ့အသံပါကလား ..." ဟု တွေးလိုက်ပြီးလျှင် အဘိုးကြီးအတွင်းမှနေ၍ ဝင်းသော့ခလောက်ကြီးကို ဖွင့်ပေးမည်ကို စောင့်နေရှာလေ၏။

အဘိုးကြီးလည်း "လာ ... ကလေးမ" ဟုပြောပြီး စေ့ရုံမျှသာစေ့ထား သော ဝင်းတံခါးကြီးကို အလွယ်တကူပင် ဖွင့်ပေးလိုက်ရာ၊ လုံမသည် "အမယ်လေး ... ငါ့နှယ် ... သော့ခလောက်ကြီးမြင်လို့ သော့ခတ်များထား သလားလို့" ဟုတွေးကာ ပြုံးလိုက်မိရှာရင်း၊ ဟနေသော တံခါးရွက်ကြီးနှစ်ခု အကြားမှ ခြံကြီးအတွင်းသို့ ဝင်လိုက်ရလေ၏။ ထိုခဏ၌ ကျယ်ဝန်းကြီးမား လှသော ခြံကြီးနှင့်တကွ၊ ထည်ဝါခံ့ညားလှသော အိမ်ကြီး၏အရှိန်အဝါ တို့သည် လုံမ၏စိတ်ကိုလွှမ်းမိုးလာကြပြန်လေရာ၊ အိမ်ကြီးဆီသို့ကြည့်ရင်း ကပင် လုံမမှာ ထိုအိမ်ကြီးအထဲသို့သွားရမည်ကို ကြောက်ရွံ့သလို ဖြစ်လာ သောကြောင့် ခပ်တွေတွေကလေး ရပ်နေလိုက်မိပြန်လေ၏။ ဤတွင် အဘိုး ကြီးက "ကဲ ... သွားလေ ... မိန်းကလေး ... ဟောဟို ညာဘက် ကျောက် စရစ်လမ်းကလေးအတိုင်းလိုက်သွား ... ပြီးတော့ ဟို နှင်းဆီရုံတွေအနား ရောက်တော့ ညာဘက်ကိုကွေ့ ... မီးဖိုဆောင်ကို ရောက်သွားလိမ့်မယ်။ အဲဒီကျတော့ ရွှေစုကို တွေ့လိမ့်မယ်။ ခုနကပဲ ဘ,လာတုန်းက မီးဖိုထဲမှာ စီမံရင်း ကျန်ရစ်လေရဲ့ ..." ဟုပြောလိုက်သဖြင့် လုံမလည်း စိတ်ကိုတင်းကာ အဘိုးကြီး၏အပါးမှ ခွာခဲ့ပြီးလျှင် ညွှန်ကြားလိုက်သည့်အတိုင်း ရင်ထဲ၌ တဒိတ်ဒိတ်သွေးတိုးလျက် လျှောက်လာခဲ့ရလေ၏။

နှင်းဆီရုံများတွင် စွင့်စွင့်ကားကား ပွင့်နေကြသော ကရမက်၊ စကော၊ နှင်းဆီပွင့်ကြီးများမှ သင်းပျံ့သောရနံ့သည်၊ အနီးမှဖြတ်လျှောက်သွားရသူ လုံမ၏နှာဝကို ချူ၍မြူ၍ နေကြလေ၏။ သို့သော်လည်း လုံမမှာ နှင်းဆီရနံ့

mgyoe.com

mgyoe.com


များကို သတိမထားအားနိုင်လောက်အောင် စိတ်လှုပ်ရှားလျက်၊ အိမ်ကြီးနှင့် အမိုးတစ်လျှောက် ဆက်ထားသော ဆင်းရဲသားအိမ်ငယ် တစ်လုံးထက်ပင် ထည်ဝါနေသည့် မီးဖိုဆောင်ကြီးဆီသို့ စိုက်စိုက်ကလေး လျှောက်လာခဲ့လေ၏။ လျှောက်လာရင်းလည်း မီးဖိုဆောင်မှ ထိုးထွက်နေသော မီးခိုးများကိုကြည့်ကာ "ဘုရား ... ဘုရား၊ ဒေါ်ရွှေစုကိုမှ တွေ့ပါ့မလား ..." ဟု တကြောင့်ကြကြလည်း ဖြစ်နေမိရှာသေးလေ၏။

ထိုအခိုက်တွင် မီးဖိုဆောင်၏အတွင်းမှ ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်သည် ကြွေရည်သုတ်ဇလုံကြီးတစ်ခုကိုကိုင်ကာ၊ ထွက်လာသည်ကို လုံမ မြင်ရလေရာ၊ ဤတွင် လုံမ၏မျက်နှာမှာ ချက်ချင်းပင် အားတက်လန်းဆန်းသော အမူအရာများပေါ်လွင်လာပြီးလျှင် ထိုမိန်းမကြီး မီးဖိုဆောင်ထဲသို့ ပြန်ဝင်ကွယ်ပျောက်သွားမည်ကို စိုးရိမ်သလို ခပ်သုတ်သုတ်ကလေး ပြေးတော့မတတ် လျှောက်သွားလေရာက "ဒေါ်စု ဒေါ်စု" ဟု ခပ်လောလော ကလေး ခေါ်လိုက်ရှာလေ၏။

ကြွေရည်သုတ်ဇလုံကြီးကို ရွှေဟသာ်လှမ်းဟန်မျိုးဖြင့် သယ်ယူလာပြီးနောက် ဇလုံထဲ၌ ပါလာသောရေများကို ဖြန်းခနဲ သွန်လိုက်သူဒေါ်စုလည်း လုံမခေါ်သံကိုကြားလိုက်သည်၌ လှည့်၍ကြည့်ကာ "လာဟေ့ ... လုံမ ... အတော်ပဲ ... ခုနကတောင် မမ,က ငါ့ကို မေးနေသေးတယ်။ ညည်း ရောက်လာပလားလို့" ဟု ဆီးကြိုကာ ခေါ်လိုက်သဖြင့် လုံမမှာ အားတက်သည်ထက်အားတက်သွားရင်း ဒေါ်ရွှေစုနှင့်အတူ မီးဖိုဆောင်ထဲသို့ လိုက်သွားရာက "ကျွန်မလည်း ခုနကတည်းက ရောက်နေတာပဲ ဒေါ်စုရဲ့ ... ဝင်းထဲကို ဘယ်လိုဝင်ရမှန်းမသိတာနဲ့ ဝင်းအပြင်ဘက်မှာ အတော်ကြာသေးတယ် ...။ နို့ ပြီးတော့မှ သော်ကပန်းပင်တွေ ကတ်ကြေးနဲ့ညှပ်နေတဲ့ ဘကြီးကိုတွေ့တော့မှ အထဲကို ဝင်ခဲ့ရတော့တယ် ..." ဟု ပြောရှာလေ၏။

"အဲဒီ ဘကြီးဆိုတာ ငါ့ယောကျာ်းအေ့၊ နာမည်ဦးထွန်းဦးတဲ့ မှတ်ထား။ အေး ညည်းလာတာ အဆင်သင့်ပါပဲ လုံမရယ်။ ငါ့တစ်လက်တည်း လုပ်လိုက်ကိုင်လိုက်ရတာ ဖေးဖေးကိုလန်နေတာပါပဲ အေရဲ့ ... အစတုန်းကတော့ အေးစိန်ဆိုတဲ့ ကောင်မတစ်ကောင်လည်း ရှိသအေ့ ... အဲဒီတုန်းကတော့ ငါအတော်သက်သာတယ်။ ဒီကောင်မက လင်တရှူးပဲအေရယ်...။

mgyoe.com

mgyoe.com


ဟိုဘက် မျက်စောင်းထိုး တောင်ထိပ်နံပါတ် ၁၀ ခြံက ထမင်းချက် ငဝင်း ဆိုတဲ့အကောင်နဲ့ လိုက်ပြေးလို့ ငါတစ်ယောက်တည်း၊ ဒါနဲ့မမက ကူဖော် လောင်ဖက်တစ်ယောက်ကို မစုရှာစမ်းပါဦးဆိုတာနဲ့ ရှာတော့ ညည်းနဲ့ အဆင်သင့်သွားတာပေါ့အေ့၊ ကဲ ... လာ အိမ်ထဲကိုသွားရအောင်၊ အိမ်ပေါ် ထပ်တက်ပြီး ညည်းရောက်ကြောင်းပြောရင် မမ ဆင်းလာလိမ့်မယ်၊ မမ,က အေးစိန် လင့်နောက်လိုက်ပြေးတာနဲ့၊ လူမွေးရမှာ မိန်းမဆိုရင် ခပ်ကြောက် ကြောက်ဖြစ်နေတယ်အေ့ ... ဒီတော့ ညည်းလိမ္မာသလို ချစ်အောင်၊ သနား အောင်ပြောပေါ့ ... ဟုတ်လား ... ကဲ ... လာ ... သွားကြမယ်"

ဒေါ်ရွှေစုလည်း ပါးစပ်ကလည်းပြော လက်ကလည်း ထမင်းအုပ်ကြီး တစ်ခုအတွင်းရှိ ထမင်းများကို သပ်ရပ်အောင်ပြုနေပြီးနောက် အဖုံးဖုံးအုပ် လိုက်ပြီးလျှင် ထမင်းအုပ်ကိုချိုင်ပင့်ကာ ရှေ့ဆောင်၍ ခေါ်သွားလေ၏။ လုံမ လည်း အိမ်တော်ရာထီးကလေးကို ပန်းကန်စင်ထောင့်တွင်ထောင်၍ သရက်ခုံ ဖိနပ်ကလေးကိုလည်း တံခါးထောင့်တစ်နေရာတွင် ဝှက်ထားခဲ့ပြီးလျှင် ဒေါ်ရွှေစု၏နောက်သို့ ခပ်ရွံ့ရွံ့နှင့်ပင် လိုက်သွားရလေ၏။

ပထမဝင်ခဲ့သော အခန်းမှာကား ထမင်းစားခန်းဖြစ်ရာ လုံမသည် ကျယ်ဝန်းလှသော ထမင်းစားခန်းကြီးအထဲသို့ ရောက်ခဲ့သည်နှင့်တစ်ပြိုင်နက် မျက်လုံးဝိုင်းကြီးမှာ ပြူးကလာ ပျာကလာဖြစ်၍ နေရှာလေ၏။

ထမင်းစားခန်းကြီး၏အလယ်၌ကား ကြီးမားတောက်ပြောင်သော ခြေထောက်များရှိသည့် ကျွန်းစားပွဲကြီးမှာ ဖြူဝင်းသန့်ရှင်းသော အပြာအနား ကွပ်နှင့် စားပွဲခင်းဖြူကြီး ခင်းထားလျက်ရှိလေ၏။ စားပွဲပေါ်တွင်ကား သုံးပွင့်ဆိုင် ငွေပန်းခိုင်နှစ်ခုကို နှင်းဆီပန်းများထိုးစိုက်လျက် တွေ့ရလေ၏။ ရောင်ဆီဝင်းနေသော ကုလားထိုင်ကြီးများ၏ ရှေ့စားပွဲပေါ်တွင်မူ ပြောင် လက်သော ဓား၊ ဇွန်း၊ ခက်ရင်းများနှင့်တကွ စင်ကြယ်ဖြူဝင်းနေသော ထမင်းစားပန်းကန်များကို မှောက်ထားသည်ကို တွေ့ရလေ၏။ ထမင်းစား ပန်းကန်ဝိုင်းများ၏ဘေးတွင်ကား လက်သုတ်ပဝါဖြူများကို ကတော့ထိုး လျက်ကြည်လင်သန့်ရှင်းသော ဖန်ခွက်များတွင် စိုက်ထားသည်ကို မြင်ရလေ ၏။ ထမင်းစားခန်းကြီး၏ နံရံများတွင်သွင်းထားသော ဗီရို ကြီးငယ်များ တွင်မူ ထမင်းစားပန်းကန်စုံကြီးများကို သူ့အစုလိုက်အစုလိုက် ဗန်းပြ၍

mgyoe.com

mgyoe.com


အလှပြင်ထားသည်ကို တွေ့ရလေရာ လုံမမှာ ဤမျှနုနယ်လှပသော ကြွေထည် ကြွေအုပ်များကို ဤမျှများပြားစွာ တစ်ခါဖူးမျှ မမြင်ဖူးရှာသောကြောင့် မျက်လုံးများဝိုင်းချာလည်အောင်ပင် တအံ့တဩ ငေးမောကြည့်ရှုနေမိရှာလေ၏။

"အမယ်လေးနော် ... ဒီအိမ်က လူတွေသိပ်များတယ်ထင်ပါရဲ့ ... ပန်းကန်တွေကို အများကြီးပါပဲလားဟယ်" ဟု စိတ်ထဲ၌ ကျိတ်၍ တွေးနေမိစဉ်ပင် ဒေါ်ရွှေစုက "ကိုင်း ... လာ လုံမ၊ အိမ်ထဲသွားကြရအောင်၊ ညည်းကို ငါလှေကားထိပ်ရောက်အောင်ပို့ခဲ့မယ် ... ပြီးတော့ မမကို ညည်း ရောက်နေတဲ့အကြောင်း ငါအပေါ်ထပ်တက်ပြီး ပြောပေးမယ် ...၊ မမ လာအောင် ညည်း လှေကားထိပ်ကစောင့်နေပေါ့ ... ဟုတ်လား၊ ကဲ လာ ..." ဟု ပြောကာ ထမင်းစားခန်းထဲမှတစ်ဆင့် အိမ်တွင်းခန်းမကြီးထဲသို့ ခေါ်သွားပြန်သဖြင့် လုံမမှာ ကပျာကသီ အံ့ဩစိတ်ကိုမျိုသိပ်၍ လိုက်သွားရပြန်လေ၏။

အိမ်တွင်းခန်းထဲသို့ ခြေလှမ်း၍နင်းကာ ဝင်လိုက်မိသည်နှင့်တစ်ပြိုင်နက် လုံမမှာ နောက်တစ်လှမ်းဆက်၍ မလှမ်းဝံ့သလိုဖြစ်ကာ သူ့ခြေထောက်ကိုသူ ငုံ့၍ကြည့်လိုက်မိရှာလေ၏။ အကြောင်းမှာမူ သူနင်းမိသောအရာမှာ ထမင်းစားခန်းတုန်းကလို ကျွန်းနှင့်ပျဉ်းကတိုးကို အကွက်ရိုက်၍ ခင်းထားသော သစ်သားကြမ်းပြင်သက်သက် မဟုတ်ဘဲ ခန်းလုံးပြည့်ခင်းထားသော ကော်ဇောကြီးတစ်ချပ်ကို နင်းလိုက်မိသောကြောင့်ဖြစ်လေ၏။ ခြေထောက်မှ ခေါင်းမော်၍ ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါတွင်မူ လုံမမှာ ငေးကြောင်ကြောင်ကလေးများပင် ဖြစ်၍သွားရပြန်လေ၏။ ထမင်းစားခန်းကြီးတွင် ခမ်းနားသည်ထက် ဆပေါင်းများစွာ ပို၍အထက်တန်းကျကျ ခမ်းနားနေသော ဧည့်ခန်းမကြီးကိုလည်းကောင်း၊ ဧည့်ခန်းနှင့် တံခါးပိတ်ထားသော အခန်းကြီးတစ်ခန်း၏အကြား မိမိ ယခုရောက်နေရသော တိုင်ပျောက်ခန်းကျယ်ကြီးကိုလည်းကောင်း၊ ထိုအခန်းကြီးများတွင် အလှအပ ပြင်ဆင်ထားသော ဂမုန်းနဂါးစက်များ အညွန့်ထောင်နေသော ငွေဖလားကြီးများ၊ ပိုးသားမီးကာအုပ် ဓာတ်မီးတိုင်ကလေးများ၊ ဓာခန်းဆီးများ၊ ငွေကွပ်ထားသော စိုင်ချို၊ သမင်ချိုများ၊ ဧည့်ခန်းဘက်၌ခင်းထားသော ခေါင်းနှင့်တကွ ကျား

mgyoe.com

mgyoe.com


အရေပြားကြီးများ၊ ငွေကွပ်ထားသော ဆင်ခြေထောက်ဖထိုင်များ စသည့် ပရိဘောဂများကို မြင်ရသူလုံမမှာ အိမ်ကြီး၏ ကြီးကျယ်ခမ်းနားလှသော အရှိန်အဝါ၏အကြားတွင် တုတ်တုတ်မျှ မလှုပ်ဝံ့အောင် နစ်မြုပ်၍နေရသလို ဖြစ်နေလေ၏။

"အမယ်လေးဟဲ့ ... လုံမနယ် ... ငေးလိုက်တာ၊ လာ ... ဒီကို ... ဟောဒီလှေကားထိပ်က စောင့်နေ ...၊ ငါ မမကိုတက်ပြီး ပြောလိုက်ဦးမယ်"

ရှေ့မှဆောင်သွားသူ ဒေါ်ရွှေစုက လှေကားထိပ်မှနေ၍ နောက်ချန်နေရစ်မိသူလုံမအား လှမ်း၍ခေါ်လိုက်ပြီးလျှင် ချောမွတ်ပြောင်ဝင်း၍ နီဝါရောင်ချည်ကော်ဇောကြီးခင်းထားသော လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်သွားမှ လုံမမှာ မရဲတရဲနှင့် လှေကားသို့ ချဉ်းကပ်လာခဲ့မိလေ၏။ ခဏကလေးအတွင်းတွင်ပင် ဒေါ်ရွှေစု အပေါ်ထပ်မှပြန်ဆင်းလာ၍ "မမ ... အခုတင်ကလေး ဆင်းလာလိမ့်မယ်၊ ရေချိုးပြီးလို့ အဝတ်လဲနေတယ်အေ့ ညည်း ဒီနားက စောင့်နေဦးနော် ... ငါလည်း ... မနက်ထမင်းစားဖို့ သွားပြီး ပြင်ရဦးမယ် ... ဟုတ်လား ..." ဟု ပြောပြောဆိုဆို ထမင်းစားခန်းဆီသို့ လျှောက်သွားသဖြင့် လုံမမှာ ခေါင်းကလေးကို ညိတ်လိုက်ရသည့်တိုင်အောင် ကြောက်စိတ်ကလေးမကင်းဘဲ လှေကားအပေါ်ထပ်ကိုသာ မျက်လွှာကလေး လှန်၍ ကြည့်ကာကြည့်ကာနှင့် ခမ်းနားလှသော အထက်တန်းစား ပတ်ဝန်းကျင်အတွင်းတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရလေ၏။

ငါးမိနစ်ခန့် ကြာသွားလေ၏။ ထိုငါးမိနစ်အတွင်းတွင် လုံမ၏ မျက်လုံးများမှာ အဖိုးထိုက်အဖိုးတန် ပစ္စည်းပရိဘောဂများကို တစ်လှည့်၊ လှေကားအပေါ်ထပ်ဆီသို့တစ်လှည့်၊ အပြန်အလှန် ကြည့်ကာကြည့်ကာနှင့်သာ ရင်တထိတ်ထိတ်တုန်နေရှာရာက ခြေထောက်သေွးတောင့်သလို ဖြစ်လာသဖြင့် ထိုင်စရာနေရာတစ်ခုကို မသိမသာရှာမိလေ၏။ အဆင်သင့်ပင် အနီး၌ ပိုးကတ္တီပါအုပ်ထားသော တစ်ယောက်ထိုင် ဆိုဖာတစ်လုံးကို မြင်လေရာ လုံမမှာ လူသူလေးပါးကို အကဲခတ်ရင်း မည်သူ့ကိုမျှ မမြင်သောကြောင့် ခေတ္တခဏ အညောင်းပြေသဘော ထိုင်ဖူးသည်ရှိအောင် ထိုင်ကြည့်မည် ဟူသော စိတ်ကူးကလေးဖြင့် ဆိုဖာပေါ်၌ အသာအယာခပ်ရွံ့ရွံ့ ထိုင်၍ကြည့်လိုက်လေ၏။ သို့ထိုင်လိုက်သည်၌ ပျော့ပျောင်းလှသော ဆိုဖာသည် အိခနဲ

mgyoe.com

mgyoe.com


နှစ်ဝင်သွားလေရာ လုံမမှာ ထိတ်ခနဲဖြစ်၍ ပြန်ထလိုက်မည်ပြုမိပြီးမှ ကိုယ့်အဖြစ်ကို ကိုယ်တစ်ယောက်တည်းရှက်ကာ ရှက်ပြုံးပြုံးမိရင်း ဆိုဖာလက်တင်ကိုအုပ်ထားသော ကတ္တီပါသားချောမွေ့မွေ့ကို အသာအယာ ပွတ်သပ်စမ်းကြည့်နေမိပြန်လေ၏။

ထိုခဏတွင် လုံမ မျက်နှာမူ၍နေသော အလယ်ခန်းဆောင်တံခါးကြီးသည် ခပ်ဖြည်းဖြည်းပွင့်၍လာလေရာ လုံမမှာ ရုတ်တရက်လည်း ထိုင်ရာမှ မထဖြစ်။ ဝင်လာသူက မိမိထိုင်နေသည်ကို မြင်မည်လည်းစိုးမိလျက် ကြက်သေသေကာ မလှုပ်နိုင်မရှားနိုင် ငိုင်ငိုင်ကြီးသာပွင့်ဟလာသော တံခါးကို ကြည့်၍နေမိလေရာ ပွင့်ဟလာသောတံခါးမှနေ၍ အသက် ၂၅ နှစ်အရွယ် အနောက်တိုင်းသားအဝတ်အစားကိုဝတ်ထားသော မြန်မာယောကျ်ားပျိုတစ်ယောက်သည် လက်ဆွဲသေတ္တာတစ်လုံးကိုင်ကာ ဝင်လာပြီးနောက် တံခါးအဝင်အဝဘေး၌ အသင့်ရှိနေသော မှန်တင်ခုံ၌ သားရေအိတ်ကိုချကာ မှန်တင်ခုံအထက်တန်းရှိ ငွေချိတ်တစ်ခု၌ ခေါင်းမှဦးထုပ်ကိုချွတ်ကာ ချိတ်ပစ်ခဲ့ပြီးလျှင် မိမိဘက်သို့ မျက်နှာမူကာ လျှောက်လာသည်ကို မြင်ရလေ၏။

ငေးငိုင်ငိုင်ကလေးဖြစ်နေသူ လုံမမှာ ယောကျ်ားပျို အတော်နီးကပ်လာသည်တွင်မှ ထိုင်ရာမှ ကမန်းကတန်း ရှက်ကိုးရှက်ကန်းနှင့် မျက်နှာအမ်းကာထလိုက်ရာ ယောကျ်ားပျိုလည်း လုံမအား ခပ်ပြုံးပြုံးကြည့်၍ လက်နှစ်ဖက်ကိုဖြန့်ကာ အောက်သို့နှိမ့်၍နှိမ့်၍ ပြန်ထိုင်ခိုင်းသောအမူအရာကို ပြလိုက်ပြီးနောက် ပါးစပ်တွင် လက်ညှိုးကန့်လန့်ဖြတ်တေ့ပြကာ အသံမပြုစေလိုသောလက္ခဏာကို ပြလိုက်လေ၏။ လုံမမှာကား ယောကျ်ားပျိုပြသော အရိပ်အခြေတို့ကို ဘာမှန်းမသိရှာသော်လည်း ယောကျ်ားပျိုတစ်ယောက်၏ ပြုံးပြုံးကြီးကြည့်ခြင်းကို ခံရသည့်အတွက်နှင့်ပင် ပါးစပ်က စကားမထွက်နိုင်အောင်ဖြစ်နေရသည်သာမက ဆိုဖာတွင်လည်း အလိုလို ပြန်၍ထိုင်မိအောင် ဒူးများခွေပျော့နေသဖြင့် ထူးဆန်းသောယောကျ်ားပျိုအား ကြောင်တက်တက်ကလေးသာ ကြည့်နေမိရှာလေ၏။ လုံမ ပြန်ထိုင်သွားသည်ကို ယောကျ်ားပျိုလည်း ပြုံးမြဲပြုံး၍ကြည့်နေပြီးမှ လှေကားထိပ်ဆီသို့သွား၍ ရပ်ကာ ...

mgyoe.com

mgyoe.com


ခြောက်သုံး တစ်တန် လေးရာ၊
သုံးသုံး တစ်တန် ရှစ်ရာ၊
လေးနှစ် တစ်တန် ကိုးရာ၊

ဟူသော သစ်တန်တွက်ပုံ လင်္ကာကလေး တစ်ပိုင်းတစ်စကို သီချင်းဆိုသလို အသံနိမ့်ချည်မြင့်ချည်ဖြင့် ခပ်ကျယ်ကျယ် ဆိုလိုက်ပြီးနောက်၊ လှေကားထိပ်ဆီသို့ ပြုံးပြုံးကြီးလှပ်ကာ ရပ်ကြည့်နေလေရာ လုံမမှာ ကြက်သေသေကာ အံ့အားကြီးသင့်လျက် ထူးဆန်းလှသော ယောက်ျားပျိုကို ငေး၍သာကြည့်နေမိတော့လေ၏။

❋❋❋

"ဟော ကိုကိုလတ် ပြန်လာပြီဟေ့ ..."

ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အိမ်ကြီးအပေါ်ထပ်မှ ပြေးလွှားလာသံကို ကြားလိုက်ရပြီးနောက် အသက် ၁၆ နှစ်အရွယ်ရှိ ယောက်ျားပျိုတစ်ယောက်သည် လှေကားကြီး၏ထိပ်၌ ဒရောသောပါး ပေါ်လာပြီးလျှင် ပြောင်လက်ချောမွေ့သော လှေကားလက်ရန်းကြီးကို တင်ပါးလွှဲထိုင်၍ ရွှီခနဲ လျှောချလိုက်ပြီးနောက် "ကိုကိုလတ်ကြီးလာပဟေ့" ဟုအော်ရင်းပင် အောက်လှေကားထိပ်မှ ဆီးကြို၍ ပွေ့ဖမ်းလိုက်သောဘောင်းဘီနှင့် ယောက်ျားပျို၏ ရင်ခွင်ထဲသို့ ရောက်သွားလေ၏။

"ဟော ... တို့ ကိုကိုလတ် လာပြီကွ"

ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အိမ်ကြီးအပေါ်ထပ်မှ ပြေးလွှားလာသံကို ကြားလိုက်ရပြီးနောက် အသက် ၁၅ နှစ်ရွယ် မိန်းမပျိုကလေး တစ်ယောက်သည်လည်း လှေကားကြီး၏ထိပ်မှ ဒရောသောပါး ပေါ်လာပြန်ကာ ပြောင်လက်ချောမွေ့သော လှေကားလက်ရန်းကြီးကို တင်ပါးလွှဲထိုင်၍ ရွှီခနဲ လျှောချလိုက်ပြီးနောက် "တို့ ကိုကိုလတ်ကွ" ဟုအော်ရင်းပင် အောက်လှေကားထိပ်မှ ဆီးကြိုပွေ့ဖက်လိုက်သော ဘောင်းဘီနှင့် ယောက်ျားပျို၏ ရင်ခွင်ထဲသို့ ရောက်သွားပြန်လေ၏။

ဤအဖြစ်အပျက်များမှာ တစ်မိနစ်မကုန်မီ ကာလကလေးအတွင်း၌ပင် ဆူဆူညံညံ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ရုတ်တရက်ဖြစ်သွားလေရာ လှေကား

mgyoe.com

mgyoe.com


ထိပ်ဆေားတွင် ထိုင်နေသူလုံမပင်လျှင် ထိုင်ရာမှထနေမိတော့လျက်၊ လှေကားခြေရင်း၌ ဝမ်းသာအားရ ဖက်လဲတကင်းဖြစ်နေကြသူ သုံးယောက်တို့အား ကြည့်ကာ ရယ်ရတော့မလို၊ ငိုရတော့မလို ဖြစ်နေမိရှာလေ၏။

"ကိုကိုလတ်ကြီးက သိပ်နောက်တာပဲကွာ ..."

"ကြည့်စမ်း ... ကိုကိုလတ်ကြီး သံကြိုးလည်းမပေးဘူး"

"ကိုကိုလတ်ကြီးက တိတ်တိတ်ကလေး ပြန်လာတယ် ... ကြည့်စမ်း"

"ကိုကိုလတ်ကြီး ဝလာတယ်ကွ"

"အေးကွ ... အသားလည်း ဖြူလာတယ်ကွ"

"အမေရိကန်သားကြီးနဲ့ တူတယ်ကွ"

"အမေရိကန်မလေး မပါလာဘူးလား ကိုကိုလတ်ရဲ့"

စသည်ဖြင့် အိမ်ပေါ်ထပ်မှ လျှောဆင်းလာသူ ယောကျ်ားပျိုကလေးနှင့် အပျိုပေါက်ကလေးတို့သည် ဘောင်းဘီနှင့်ယောကျ်ားပျိုအား လည်ပင်းကိုဝိုင်းဖက်ကြကာ တစ်ယောက်တစ်ခွန်း အလုအယက်မေးကြရင်း ရယ်ရယ်မောမော တသောသောဖြစ်နေကြလေရာ လုံမမှာလည်း အလွန်အကြူး ဆွေ့ဆွေ့ခုန် ဝမ်းသာနေကြသူသုံးဦးကိုကြည့်လျက် အယောင်ယောင်အမှားမှား ခေါင်းကလေးငဲ့လိုက်၊ ပါးစပ်ကလေးရွဲ့လိုက်နှင့် ပျော်ရွှင်မှုတွင် အလကားနေရင်း ဝေစုဝင်၍ ပါနေမိရှာလေ၏။

ထိုအခိုက်တွင် "ဟေး ... ကိုလတ်၊ မင်းသိပ်ရှော်တဲ့ကောင်၊ ဘာလို့ တိတ်တိတ်ကလေး ပြန်လာရတာလဲဟင်၊ တို့ရန်ကုန်တက်ပြီး မကြိုရဘူးလား" ဟူသော အပြစ်တင်သံနှင့်အတူ လူရွယ်တစ်ဦး တံခါးမကြီးမှဝင်၍ လာလေရာ ကိုကိုလတ်အမည်ခံ ဘောင်းဘီနှင့်ယောကျ်ားပျိုလည်း ကပျာကယာပြေး၍၊ လူငယ်၏ခါးကိုဖက်ရာက "ဟာ ... ကိုကြီးနှယ် ... ကျွန်တော် သံကြိုးရိုက်လိုက်ရင်၊ ကိုကြီးရော ... ဖေဖေရော ... စက်မှာ အလုပ်တွေ ပျက်ကုန်မှာပေါ့၊ ကျွန်တော်ရောက်ရင် ... ရောက်ရမယ့်ဥစ္စာ၊ ပြီးတော့လည်း ခုလိုမမျှော်လင့်ဘဲ ရုတ်တရက်ရောက်လာတာ တွေ့ရတော့ ကိုကြီးတို့ ဘယ်လောက်ဝမ်းသာသွားသလဲ၊ ကြည့်စမ်း" ဟု ပြောပြောဆိုဆို ကိုကိုကြီးဆိုသူ လူရွယ်အား လှေကားထိပ်ဆီသို့ ခေါ်ယူလာခဲ့လေ၏။

"နို့ ... မင်းအခု ဘယ်လို ပြန်လာတာလဲကွ ..."

mgyoe.com

mgyoe.com


"ကျွန်တော် ဂျပန်ဘက်ကလှည့်ပြီး ပြန်လာတာ ကိုကြီးရ၊ မနေ့က ညနေကျမှ မင်္ဂလာဒုံကို ရောက်တယ်၊ ဒါနဲ့ ညရထားစီးပြီး ပြန်ခဲ့တာပဲ။ ရန်ကုန်ကနေပြီးတော့ သံကြိုးရိုက်ဖို့ကလည်း အချိန်မရတော့ဘူး။ ပြီးတော့လည်း ကိုကြီးတို့မမျှော်လင့်ဘဲ တွေ့လိုက်ကြရရင် သိပ်ဝမ်းသာမှာပဲဆိုပြီးတော့ ပြည်ဘူတာရောက်တော့ တက္ကစီငှား၊ တောင်ပေါ်အမောင်းခိုင်း၊ ဝင်းဝနဲ့ခပ်ဝေးဝေးနေရာမှာရပ်ခိုင်းပြီးတော့ ဝင်းတံခါးကို ဦးထွန်းဦးကြီး အလစ်မှာဝင် ..."

"ဟာ ... မဟုတ်တာကပဲ၊ မင့်ဟာက ... ၁၉၄၅ ခုနှစ်တည်းက အမေရိကန်ကိုသွားတာ၊ အခုဆို တစ်နှစ်တောင်ကျော်သွားပြီဟာကို။ တို့ဖြင့် မင်းသွားကတည်းက နေ့တိုင်းမင်းကိုချည့် သတိရနေကြတာ။ မင်းသွားချင်လွန်းလို့သာ ဖေဖေကလွှတ်တာ ..."

"အခု ... ပြန်ရောက်လာပြီဥစ္စာပဲ ... ကိုကြီးကလည်း ... ဩော် ... ဘယ့်နှယ် စက်အလုပ်တွေအားလုံး ဟန်ကျပန်ကျပဲနော် ကိုကြီး"

"အေးကွာ ... အခုသစ်ကွက်တွေအများကြီးရထားလို့ တို့တစ်တွေဖြင့် နေ့မီးမအား၊ ညမီးမအား၊ အလုပ်လုပ်နေတာပဲ။ စက်လည်းတိုးချဲ့ရတယ်..."

"ကျွန်တော်ဖြင့် စက်ကြီးကို လွမ်းလိုက်တာလေ ...။ အမေရိကန်ကို ရောက်တော့ လက်ဦး ကနေဒါသစ်စက်ကြီးတွေ သွားကြည့်တုန်းကများ ဆိုရင် အိမ်ကလည်းခွာစမို့ထင်ပါရဲ့ ... ကျွန်တော်တို့စက်က လွှဝိုင်းအသံတွေကိုချည်း ကြားယောင်နေတာပဲ ..."

"လခွေး ... မင့်အဖတဲ့ပဲ၊ မိဘ၊ ညီအစ်ကို၊ မောင်နှမတစ်တွေကိုတော့ မင်းမလွမ်းဘူးပေါ့လေ ... ဟုတ်လား"

လေးယောက်သား အုန်းခနဲရယ်လိုက်ကြရာ လုံမမှာ ဝမ်းသာအယ်လဲဖြစ်ကြသူများကိုကြည့်ရင်း ရောယောင်၍ ပြုံးနေမိရှာပြန်လေ၏။

ထိုခဏ၌ "သား ... ကိုလတ်" ဟု လေကားထိပ်မှ ဝမ်းသာခြင်းဖြင့် တုန်ရီလှုပ်ရှားနေသော အသံဖြင့် ခေါ်သံကို ကြားလိုက်ရလေရာ အားလုံးပင် မော်၍ကြည့်လိုက်ကြသည်၌၊ မွန်ရည်သန့်ပြန့်ခဲ့ထည်၍ ကျက်သရေရှိလှသော အသက် ၅၀ အရွယ်အဒေါ်ကြီးတစ်ယောက်ကို မြင်ကြရလေရာ ကိုကိုလတ်လည်း ပါးစပ်မှ "မေမေ" ဟု အော်ရင်း လှေကားကိုသုံးထစ်

mgyoe.com

mgyoe.com


ကျော်ပြေးတက်သွားသည်၌ အဒေါ်ကြီးလည်း ကိုကိုလတ်ကို အားရဝမ်းသာ ဆီးကြို၍ ဖက်လိုက်ပြီးလျှင် "သား ... သား ... ငါ့သားကြီး ... မင့်နှယ် ကွယ် ... ပြန်မယ့်ဥစ္စာကို သံကြိုးကလေးဘာလေး ရိုက်လိုက်ကရောပေါ့... မေမေတို့ လာမကြိုရပါလား ..." ဟု ဝမ်းသာလွန်းမက ဝမ်းသာဟန်ဖြင့် မျက်ရည်များပင်ဝဲကာ သား၏မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်ရှာလေ၏။

"ဟာ ... မေမေကလည်း မေမေတို့ကို ဒုက္ခမပေးချင်လို့ ... ဟာပဲ။ ပြီးတော့လည်း ခုလို ရုတ်တရက်တွေ့ရတော့ မေမေတို့ သိပ်ကန်ပြီး ဝမ်းသာ မသွားဘူးလား ..."

"ပြောမှ ပြောပလေ သားရယ် ... ဘယ့်နှယ် ... မေမေတို့က နောက် သုံးလလောက်ကြာမှ သားပြန်လာမယ်ထင်နေတာ၊ အခု ကိုထွေးနဲ့မိမိလေးက ငါ့သားငယ်ငယ်ကတည်းက အမြဲသီချင်းဆိုသလို ဆိုနေကျ သစ်တန်တွက် လင်္ကာကလေးကို လေ့ကားဆီက ဆိုသံကြားတယ်လို့ဆိုပြီး "ဟော ဟော့ ... တို့ ကိုကိုလတ်ကြီး ပြန်လာပြီထင်ပါရဲ့" လို့ သူတို့ချင်းပြောပြီး ဆင်း ပြေးကြတာတောင် မေမေက လက်ဦးမယုံသေးဘူး။ မေမေ အခုထွက်လာမှ ငါ့သားကြီးမျက်နှာကို မြင်လိုက်ရတော့ မေမေဖြင့်ကွယ် ..."

"နို့ ... ဖေဖေရော ... စက်ထဲက မပြန်သေးဘူးနော်"

ကိုကိုလတ်က ကိုကိုကြီးဘက်သို့ လှည့်၍မေးလိုက်ရာ ကိုကိုကြီးက "မင်းပြန်လာမှန်း မသိလို့ပေါ့ကွာ၊ မင်းပြန်လာမှန်းသိရင် ဖေဖေက ရန်ကုန် ထိအောင်တက်ပြီးကြိုဖို့ စီစဉ်ထားတာကွ။ အေး ... အခုစက်ကို ငါပြန်သွား ရင် ဖေဖေ့ကို ပြန်လွှတ်လိုက်မယ်။ ဖေဖေတော့ မင်းကိုတွေ့ရရင် သိပ်ဝမ်းသာ မှာပဲ။ ပြီးတော့လည်း ဘုံဘေဘားမားသစ်ကုမ္ပဏီက ကိုယ်စားလှယ် တစ် ယောက်လည်း အရေးကြီးတဲ့ကိစ္စနဲ့ ရောက်နေတယ်ကွ၊ မင်းပြန်ရောက်တာနဲ့ အတော်ပဲ ..." ဟု ပြန်ပြောလိုက်လေ၏။

ဤတွင် ကိုကိုလတ်၏မိခင်ကြီးက "ကဲ ... ကဲ ... ငါ့သားကြီး ကိုကိုလတ် မောလာတယ်။ မင်းညီထွေး၊ ညီမထွေးတွေနဲ့ အိမ်ပေါ်တက်ပြီး အမောဖြေကြဦး။ ငါ့သားကိုကိုကြီးကလည်း စက်ကိုပြန်ရောက်ရင် မင့်ဖေဖေ ကိုကိုလတ် တိတ်တိတ်ကလေးပြန်ရောက်လာတဲ့အကြောင်း ပြောလိုက်ပါ

mgyoe.com

mgyoe.com


ကွယ် ...” ဟု တစ်နိုင်ငံရပ်ခြားမှ ချစ်လှစွာသော သားအလတ် ပြန်၍လာသည်ကို ပီတိလုံးကြီးဖုံးနေသော ဟဒယဖြင့် ပြုံးပြုံးကြီးပြောလိုက်သဖြင့် ကိုကိုလတ်လည်း ညီငယ်ကိုကိုထွေးနှင့် ညီမငယ် မိမိလေးတို့အား ပခုံးကို ပွေ့၍တွဲကာ၊ အိမ်ပေါ်ထပ်သို့ ကိုကိုကြီးနှင့်အတူ တပျော်တပါး တဟားဟား ရယ်မောရွှင်ပျစွာ တသိုက်တဝန်းကြီး တက်သွားကြလေ၏။

သားသမီးတစ်စု ကျွက်စီ ကျွက်စီနှင့် ပျော်ပျော်ကြီးတက်သွားကြသည်ကို ပြုံးတုံးတုံးကြီးနှင့် နှစ်ခြိုက်စွာကြည့်နေလိုက်ပြီးမှ ကိုကိုလတ်၏ မိခင်ကြီးသည် လုံမရှိရာသို့ အပြုံးမပျက် မျက်နှာမူ၍လာကာ “သြော် ... ကလေးမက မစုပြောတဲ့ ကလေးမပဲကိုးနော် ...” ဟု သိမ်မွေ့စွာ ဖော်ရွေသော အသံဖြင့်မေးကာ ကတ္တီပါဖုံးထားသော ဆိုဖာတွင် ဝင်၍ထိုင်လိုက်ရာ၊ လုံမလည်း ကိုယ်ကိုယို့၍ နောက်သို့ မသိမသာဆုတ်ကာ လမ်းဖယ်ပေးလိုက်ရင်း “ဟုတ်ကဲ့ရှင်” ဟု ယဉ်ကျေးဖွယ်ရာသော အမူအရာဖြင့် ပြန်၍ဖြေလိုက်လေ၏။

ကိုကိုလတ်၏ မိခင်ကြီးသည် လုံမ၏ကြည်လင်တောင့်တင်းစိုဝင်းဖွံ့ဖြိုးလှသော ဥပမိရုပ်ကိုကြည့်ရာမှ တစ်ဖန် ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည်မှာ အပေါ်စား စစ်ပြီးစခေတ်၊ နွမ်းပါးသူတို့၏ အဝတ်အစားများ ဖြစ်သည့်တိုင် ရုပ်လုံးကလေးပေါ်အောင် ဝင်းဝင်းပပ ဖြစ်နေသူ မိန်းကလေးအား ကိုယ်ချင်းစာမိလျက် ကြင်နာသော အသံဖြင့် “ကဲကွယ် ... ထိုင်စမ်းပါဦး” ဟု ထိုင်ခွင့်ပေးလိုက်လေ၏။ လုံမလည်း အသင့်ရှိနေသော ထိုင်ခုံလေးတစ်လုံးပေါ်တွင် ကျိုးနွံသောအမူအရာဖြင့် ဖြည်းညင်းစွာ ထိုင်လိုက်ရှာလေ၏။

“ကလေးမရဲ့ နာမည်က ဘယ်သူပါတဲ့တုံးကွယ်”

“ကျွန်မနာမည်ကို ရွာထဲကတော့ လုံမလို့ခေါ်ကြပါတယ်ရှင်။ ကျွန်မအဖေနဲ့ ကျွန်မအစ်မကြီးကတော့ ငမလို့ခေါ်ကြပါတယ်ရှင်”

ကြည်လင်သော ကိုယ်ရည်ကိုယ်သွေးနှင့် ကုသိုလ်ကံအကျိုးပေးညံ့မှုကြောင့် ဆင်းရဲနွမ်းပါးသူကလေး ဖြစ်သည့်တိုင် အပြောအဆိုမှာ သာယာညင်းပျောင်းရှိလျက် အသံသြဇာမှာလည်း ပကတိ နူးညံ့သိမ်မွေ့လှသော လုံမအား ကိုကိုလတ်၏ မိခင်ကြီးသည် ခေါင်းတညိတ်ညိတ်နှင့် ကြင်နာစွာ

mgyoe.com

mgyoe.com


ပြုံး၍ ကြည့်နေလိုက်မိလေ၏။ ပြီးမှ ...

"မမကြီးတို့အိမ်ကတော့ အလုပ်အတော်များတယ်ကွယ်၊ ပင်ပင်ပန်းပန်းတော့ မဟုတ်ပေဘူးကွဲ့" ဟု ကင်းစမ်းတစ်ခွန်းလွှတ်၍ လုံမ၏ အကဲကိုခတ်၍နေမိသည်တွင် လုံမက "မမကြီးတို့အိမ်မှာ အလုပ်များတာကို ကျွန်မနိုင်အောင် လုပ်ပါ့မယ်ရှင်" ဟု သနားစဖွယ် ပြောလိုက်ပြန်သဖြင့် ကိုကိုလတ်၏မိခင်ကြီးမှာ လုံမအား ကရုဏာသက်မိရပြန်လျက်...

"အေး ... နို့ကွယ် ... နေပါဦး၊ ကလေးမရဲ့မိဘတွေကရောကွဲ့ ..." ဟု မေးလိုက်သည်၌ ...

"ကျွန်မအမေဆုံးတာ ကြာပါပြီ မမကြီးရဲ့၊ အခု ကျွန်မအဖေရယ်... အစ်မရယ် ... ခဲအိုရယ် ... နေရပါတယ်ရှင်" ဟု ဖြေသဖြင့် ...

"သြော် ... ဟုတ်လား၊ နေတော့ ဘယ်မှာနေသလဲကွဲ့"

"ကျွန်မတို့ နဝင်းမှာနေကြပါတယ်ရှင်"

"မိဘတွေကရောကွဲ့ ..."

"ကျွန်မဖေဖေက ဦးနေဒွန်းပါတဲ့ရှင်၊ မမကြီးတို့သစ်စက်ထဲမှာ အလုပ်လုပ်ရင်း၊ ခြေထောက်ကိုသစ်တုံးကြိတ်မိလို့၊ ခြေထောက်တစ်ဖက် ဖြတ်ပစ်ရပြီး၊ ချိုင်းထောက်ကြီးနဲ့ နေရတဲ့ ဦးနေဒွန်းပါ"

ဦးနေဒွန်းဟူသော အမည်ကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်၊ ကိုကိုလတ်၏မိခင်ကြီးသည် တွေတွေကြီးဖြစ်သွားရာက ခေါင်းကိုဖြည်းညင်းစွာညိတ်၍နေပြန်လေ၏။ ပြီးမှ ...

"အင်း ... ကိုနေဒွန်းဆိုတာ မမကြီးတို့ငယ်စဉ်တုန်းကတော့ မိတ်ဆွေတစ်ယောက်ပေါ့ကွယ် ... အခုမှ လူချင်းက အဆက်အဆံပြတ်နေကြရတာ ...၊ သြော် ... ကလေးမက ကိုနေဒွန်းရဲ့သမီးပေကိုး၊ အင်း ... အင်း" ဟု လေးလေးကြီးပြောကာ ကြင်နာသော အရောင်တွေယှက်ဖုံးနေသော မျက်နှာဖြင့် လုံမအား ပြောနေပြန်သဖြင့် လုံမက ....

"ဟုတ်ပါတယ် ... မမကြီးရယ်၊ ဒါကြောင့်မို့ ဒေါ်ရွှေစုက မမကြီးတို့အိမ်မှာ ကူဖော်လောင်ဖက်မိန်းကလေးတစ်ယောက် လိုချင်တယ် ပြောတာနဲ့၊ ကျွန်မလည်း မမကြီးတို့ကို အားကိုးအားထားနဲ့ အခုလာခဲ့တာပေါ့ရှင် ..." ဟု ကရုဏာသက်စဖွယ် ပြောလိုက်ရှာလေ၏။

mgyoe.com

mgyoe.com


"နို့ ကလေးမက အရင်တုန်းက ဘာလုပ်သလဲကွဲ့"

"ကျွန်မ ... ဈေးတောင်းခေါင်းပေါ် ရွက်နိုင်ကတည်းကပဲ ဈေးရောင်းရပါတယ်ရှင် ...၊ စက်ဝင်းထဲက ခရေပွင့်တွေကို မနက်စောစောထကောက်၊ နှီးကလေးနဲ့သီကုံးပြီး ရောင်းခဲ့ပါတယ်။ မုန့်အိုးကင်းကပ်တို့၊ မုန့်စိမ်းပေါင်းတို့လည်း ရောင်းဖူးပါတယ်။ ပြီးတော့လည်း ပဲပြုတ်နဲ့ကောက်ညှင်းပေါင်းလည်း ရောင်းဖူးပါတယ်ရှင် ..."

ရုပ်ရည်လေး တင့်မောသည်နှင့်အမျှ ကံအကျိုးပေးမလှ ဖြစ်ရရှာသော လုံမကိုကြည့်ကာ ကိုကိုလတ်၏ မိခင်ကြီးမှာ မိန်းမချင်း ကိုယ်ချင်းစာမိလျက် "အေးကွယ် ... မေမေကြီးတို့အိမ်မှာ မစုတို့နဲ့ အတူတူ ကူညီလုပ်ကိုင်ပြီး နေတာပေါ့၊ ဟုတ်လား။ မေမေကြီးက အစားလည်းကျွေး၊ အဝတ်အစားလည်းပေးမယ်။ ပြီးတော့လည်း တစ်လကိုငွေ ၃၀ လည်းပေးဦးမယ်နော် ဟုတ်လား ..." ဟု ညင်သာပျော့ပျောင်းလှသော အသံဖြင့် ပြောလိုက်ရာ လုံမမှာ ဒေါ်ရွှေစုနှင့် ယခင်တွေ့စဉ်က တစ်လလျှင် ငွေ ၂၀ သာရမည်ဟု သိခဲ့ရလျက် ယခုမူ ၂၀ိ မက ၃၀ိ ပင်ရတော့မည်ကို ကြားနေရသဖြင့် မျက်လုံးရွဲရွဲကြီးများမှာ ဝမ်းသာလုံးအရှိန်ဖြင့် ပြောင်လက်ရွှန်းလည် ဝင်းဝင်း ကြည့်၍ လာကြတော့ကာ ...

"ကျေးဇူးတင်လိုက်တာ မေမေကြီးရယ်၊ မေမေကြီးတို့ ဝတ္တရားကို ကျေပွန်အောင် ကျွန်မ အလုပ်လုပ်ပါ့မယ်၊ ကျွန်မလေ အိမ်မှာ အဖေကလည်း ဒုက္ခိတကြီး ဖြစ်နေ၊ ပြီးတော့ ခဲအိုကလည်း သားသမီးတွေများလို့ လခ ကလေးနဲ့မလောက် ...၊ ပြီးတော့ အစ်မကြီးကလည်း အခု သားကလေး တစ်ယောက်ဖွားတာ နို့နာပေါက်ပြီးစ နို့မထွက်လို့ နို့ဆီတိုက်နေရပြန်တော့ အင်မတန့်ကို ကျပ်တည်းနေကြတာ၊ ခုလို မေမေကြီးက တစ်လ ၃၀ိ ပေးမယ် ဆိုရင်တော့ ကျွန်မတူကလေးကို နို့ဆီမှန်မှန်တိုက်နိုင်တော့မှာပဲ မေမေကြီး ရယ်" ဟု ပြောလိုက်လေရာ ကိုကိုလတ်၏မိခင်ကြီးမှာ သနားစရာပေါ်တွင် သနားစရာသာထပ်၍ထပ်၍ ကြားနေရသောကြောင့် စကားပြောင်းလွှဲလို ဟန်ဖြင့် ...

"နို့ကွယ် ... ကလေးမရဲ့ ခဲအိုက ဘာလုပ်သလဲကွဲ့ ... ရုံးစာရေးလား၊ ကျောင်းဆရာလား" ဟု ဖြတ်ထိုးမေးလိုက်ရလေ၏။ ဤတွင် လုံမက ...

mgyoe.com

mgyoe.com


"မဟုတ်ပါဘူး မေမေကြီးရ၊ ကျွန်မခဲအို ကိုဖိုးလှဟာ မေမေကြီးတို့ သစ်စက်ထဲမှာ ဂန်ဒယ် လုပ်နေပါတယ်၊ အစကတုန်းက ကျွန်မတို့အဖေ လုပ်နေတဲ့နေရာမှာပါပဲရှင်၊ အဖေကသစ်တုံးပိလို့ ဆေးရုံတက်နေရကတည်းက ကျွန်မခဲအိုက အဖေ့နေရာမှာဝင်လုပ်ပြီး၊ မေမေကြီးတို့သစ်စက်မှာ အလုပ်မလစ်ဟင်းရအောင် လုပ်ခဲ့ပါတယ်" ဟု ရှင်းပြလိုက်ပြန်သဖြင့် ကိုကိုလတ်၏ မိခင်ကြီးမှာ လုံမ၏ အဖြစ်ဆိုးတို့ကိုသာ ထပ်တလဲလဲ ကြားနေရာတွင် စိတ်မကောင်းဖြစ်လာရသဖြင့် "အေးကွယ် ... မစုကိုပြောပြီး မစုတို့နေတဲ့ တန်းလျားမှာ အခန်းပိုကလေးတစ်ခု ရှိလေရဲ့၊ အဲဒီမှာပဲနေပေတော့ ဟုတ်ပြီလား၊ အဝတ်အစားကလေးများလည်း ယူခဲ့ရဲ့နော်" ဟု စကားစကို သိမ်းလိုက်ရာ၊ လုံမက ...

"ဒီနေ့ ... နေ့ခင်းတော့ ကျွန်မ နဝင်းကို ပြန်ပါရစေဦးမေမေကြီးရယ် ... မေမေကြီးတို့ဆီမှာ အလုပ်လုပ်ဖို့ကို မေမေကြီးတို့က ခိုင်းမှခိုင်းပါ့မလား၊ မခိုင်းရင် အဝတ်ကလေးတွေယူလာတာ ရှက်စရာကြီးဖြစ်နေမှာစိုးလို့ ကျွန်မ အဝတ်ကလေးတွေ အိမ်မှာပဲထားပစ်ခဲ့လို့ ပြန်ယူပါရစေ မေမေကြီးရယ်၊ ယူပြီး ကျွန်မချက်ချင်းပြန်လာပါ့မယ်နော် ... များများစားစားလည်း ယူရမှာ မဟုတ်ပါဘူး မေမေကြီးရယ်၊ လုံချည်ကလေးနှစ်ထည်နဲ့ အင်္ကျီကလေးနှစ်ထည်၊ ဘော်လီအင်္ကျီကလေး သုံးထည်တည်းပါ" ဟု တောင်းတောင်းပန်ပန် ပြောနေရှာပြန်သဖြင့် ကိုကိုလတ်၏ မိခင်ကြီးအဖို့တွင် သမီးပျိုကလေး၏ မိခင်ပီပီ သမီးချင်းစာနာမိရပြန်တော့ကာ "အေး ... အေး ခပ်စောစောကလေးပြန်လာနော် ... ဟုတ်လား ... ဒီမင်းကြီးတောင်ပေါ်တက်ရတာ လမ်းက လူအပြတ်သားကွဲ့" ဟုပြောကာ ထိုင်ရာမှထ၍ လှေကားကိုတက်ခဲ့လေ၏။ သို့သော်လည်း လှေကားသုံးထစ်မျှတက်လိုက်မိသည်တွင် ဆက်၍တက်မသွားသေးဘဲ လုံမအားလှည့်၍ကြည့်လိုက်ရာ လုံမသည် ထမင်းစားခန်းဘက်သို့ ခပ်သုတ်သုတ်နှင့်ကုပ်ကုပ်ကလေး လျှောက်သွားသည်ကို မြင်လိုက်ရသဖြင့် အချိုးအစား ကျနပြေပြစ်လှသော လုံမ၏ ကိုယ်လုံးကလေးကို ကြည့်ကာ သက်ပြင်းတစ်ချက်ချလျက်နှင့်ပင် ပြုံး၍ခေါင်းညိတ်လိုက်မိလေ၏။

***

mgyoe.com

mgyoe.com


"ဟင် ... ခွေးမလေး၊ ခွေးအလုပ်ကို တယ်ပြီးလုပ်ချင်တယ် ဟုတ်လား၊ ထွီ ... ဒီငရွှေဇံအောင်ရဲ့ အိမ်မှာမှ ... အလုပ်လုပ်ရသတဲ့ဗျာ ... ခွေးမသား ဓနရှင်တွေ ... ဟင်း ... သင်းတို့ တစ်နေ့ကျရင်သိမယ်။ ငနေဒွန်းအကြောင်း သိမယ်။ အလုပ်သမားတွေရဲ့ ကုပ်သွေးကို ရက်ရက်စက်စက် ဝါးမျိုစုပ်ယူ နေတဲ့ လူယုတ်မာတွေ၊ အေး ... တစ်နေ့တော့ သိစေ့မပေါ့ကွာ ..."

အင်ဖက် သက်ငယ်မိုးထားလျက်၊ အင်ကြင်းတိုင်ကလေးများကို ထူကာ၊ သုံးမိုးမျှ ခံခဲ့ရပြီဖြစ်သဖြင့် ဆွေးသည့်နေရာကဆွေး ရိမည်းညစ်နေ သော သုံးလွှာဝါးထရံချည့်နဲ့နဲ့ဖြင့် ကာရံထားသော အိမ်ကုပ်ကလေးအတွင်း မှ ဒေါသအလျှံပြင်းထန်စွာ ကြိမ်းမောင်းငေါက်ငမ်းနေသော အသံကြီးသည် ကြောက်မက်ဖွယ်ပေါ်ထွက်၍နေလေရာ အနီးအနားရှိ တဲကုပ်ကလေးများ တွင် ရှိနေကြသော အိမ်နီးနားချင်းများပင်လျှင် စကားကျယ်ကျယ် မပြောဝံ့ သလို ငြိမ်သက်၍နေကြလေ၏။

"ရယ်ချင်တယ် ... ငါက ရယ်လိုက်ချင်တယ် ... ဒီလို နှပ်ချေး ငါးပိချက်လုပ်စားနေတဲ့ ကပ်စေးနဲ့ကော်တစ်ရာရဲ့အိမ်မှာမှ ငါ့သမီးက ကျွန် ခံချင်သတဲ့၊ ဟား ... ဟား ... ခွေးမကလေး ... ခွေးအလုပ်မျိုးမှ လုပ်ချင် တယ်၊ မလုပ်ရဘူး။ သင်းမလုပ်ရဘူး။ ငါမသေမချင်း သင်း ဒီရွှေဇံအောင့် အိမ်မှာ ကျွန်မခံရဘူး။ အေး–ငါသေရင်တော့ သင်းထင်ရာ လုပ်ချင်လုပ်ပေ စေ၊ မအေပေး ... ဒီလိုပိုက်ဆံတစ်ပြား၊ နှစ်ပြားမှတ်လို့ ခွာနေတဲ့ကောင်ရဲ့အိမ် မှာ ငါ့သမီးက အစေခံလုပ်ရမယ်ဆိုတာ၊ တောက် ... ရာဇဝင်ရိုင်းလိုက်လေ ... အေးလေ ... သင်းတို့ ဓနရှင်တွေ မကြာခင် သိရစေ့မပေါ့။ ဓနရှင် ဂြိုဟ်ကောင်တွေကို ငါကိုယ်တိုင် သုတ်သင်ပြမယ်"

ဒေါသဖြင့် ဆူပွက်နေသော ထိုအသံကို ခပ်လှမ်းလှမ်းမှပင် ကြား လိုက်ရသူလုံမသည်၊ ထိုအသံကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ... ခပ်သုတ် သုတ်ကလေးလျှောက်လာကာ အိမ်ကုပ်ကလေး၏ တံစက်မြိတ်ကို ခေါင်းငုံ့ ကာ ရှောင်လိုက်ပြီးလျှင် အတွင်းသို့ဝင်လိုက်လေ၏။

အိမ်ကုပ်ကလေး၏ အတွင်းတွင်ကား ရှေ့တစ်ပိုင်းမှာ မြေကြီးသက် သက်သာဖြစ်လျက် အလယ်ခန်းတွင်ဝါးပိုးများကို အုန်းဆံကြိုးနှင့်ကြောကာ ခပ်ကျဲကျဲစီထားပြီးလျှင်၊ အတွင်းဘက်ဆုံးကျသော အခန်းမှာမူ လူတစ်ရပ်

mgyoe.com

mgyoe.com


စာမျှ ထရံဖြင့်ကာထားလျက် အိပ်ခန်းလုပ်ထားလေ၏။ အိပ်ခန်းထဲသို့ဝင်ရန် အပေါက်မှာလည်း လူတစ်ယောက်ဝင်ရုံမျှရှိကာ ဝါးခြမ်းပြားဖြင့် ဇလီသပ်ထားလေ၏။ ထိုအခန်းကာ ထရံတွင်ကား စစ်မဖြစ်မီက ငါးပဲတန် မှန်အိမ်ထွန်းသည့် သံကိုင်းကလေးတစ်ကိုင်း၌ မြေဘုရားပန်းအိုးကလေးတစ်လုံးရှိကာ တစ်ချပ်တစ်ပဲနှင့်ရောင်းသော မဟာမြတ်မုနိဘုရားပုံ၊ ကားချပ်တစ်ချပ်မှာလည်း ထရံစလေးနှင့် ထိုးညှပ်၍ကပ်ထားသည်ကိုမြင်နိုင်လေ၏။ ဘုရားပန်းအိုးအတွင်း၌ရှိသော စိန်ခြယ်ပန်းကလေးများမှာလည်း ညှိုးလျော်ခြောက်သွေ့၍နေလေရာ ဘုရားပန်းအိုးမလဲဘဲ မေ့လျော့ထားကြသည်မှာ အတော်ကြာနေကြောင်း ထင်ရှားနေလေ၏။

အလယ်ခန်း ဝါးကြမ်းပေါ်၌ကား ခြေတစ်ဖက်ငုံးတိကြီးဖြစ်နေသူ အသက် ၅၀ ကျော်အရွယ် လူကြီးတစ်ယောက်သည် အဝတ်အစား ညစ်ထေးထေးကိုဝတ်ကာ ဒေါသဖြင့် နီမြန်းနေသော မျက်နှာကြီးဖြင့် ဆူပူအော်ဟစ်လျက် ရှိနေလေ၏။ ခြေရင်းခန်းဘက်တွင် ထုပ်မှ တွဲလွဲကျနေသော ချင်းစောင်အစုတ် ပုခက်ကလေးအတွင်းတွင် ကလေးငယ်နီနီကလေးမှာ တကျီကျီ၊ တကျာကျာငိုနေလျက် ပုခက်လွှဲရာ၊ လမ်းကြောင်းအောက်တည့်တည့် ကြမ်းပြင်ပေါ်တွင်မူကား ကလေးဆီးသွားထားသဖြင့် ရွှဲရွှဲစို၍နေလေ၏။ အိမ်ရှေ့ခန်း ခြေရင်းဘက်မြေပြင်တွင်ကား အုတ်ခဲများကို ပတ်လည်ဝိုင်း၍ ထရံဘက်တွင် ရေနံဆီပုံးစုတ် သံပြားများကိုကာရံထားသည့် မီးဖိုတစ်ခုရှိပြီး လျှင် အသက် ၇ နှစ်အရွယ် ကလေးမကလေးတစ်ယောက်က တွံတေး ငရုတ်ဆုံတွင် ဝါးကျည်ပွေ့ဖြင့် ငရုတ်သီးထောင်းနေလျက် အသက် ၃၀ ရွယ် မိန်းမတစ်ဦးကမူ မြေထမင်းအိုးကြီးတစ်လုံးကို ထမင်းရည်ငှဲ့နေလေ၏။

လုံမသည် အိမ်ထဲသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် အိမ်တော်ရာ ထီးကလေးကိုချကာ တစီစီတစာစာ ငိုနေရှာသော ကလေး ကလေးကို ပုခက်အတွင်းမှ ယူ၍ချီလိုက်ရင်း ...

"မလှရွှေကလည်းကွယ် ... ကလေးငိုနေတာမှ ယူမချီဘူး၊ ကလေး ကြပ်ကြပ်ငိုရင် တက်တတ်တယ်၊ သိလား" ဟု အပြစ်တင်သလို ပြောလိုက်ရာ၊ ထမင်းအိုးငှဲ့နေသူ မလှရွှေက ထမင်းအိုးကို ဖောက်ထိုးပင့်မြှောက်၍ ဆောင့်ကာ မီးခဲများကို ထုတ်၍ နှပ်လိုက်ရာက "ငါ့သားကလေး အိပ်ပျော်

mgyoe.com

mgyoe.com


နေတာပါအေ၊ အဖေက ဆူဆူပူပူလုပ်တာနဲ့ ကလေး နိုးပြီးငိုတာအေ့ ... ပြီးတော့လည်း ငါ့မှာ ချည့်ချည့်နဲ့နဲ့ကြီးနဲ့ထပြီး ထမင်းရည်ငှဲ့နေရတုန်းမို့၊ မချီအားတာပါအေရယ်" ဟု ပြန်ပြောလိုက်ပြီးနောက်၊ ကလေးကိုယူ၍ ချီသဖြင့်၊ လုံမလည်း အိမ်ဦးခန်းဘက်တွင် မိမိအား စားမတတ် ဝါးမတတ်၊ ဒေါသကြီးနှင့် ကြည့်နေသော ဖခင်ကြီးအား မျက်နှာချင်းဆိုင်လိုက်လေ၏။

လုံမ၏ ဖခင်ဦးနေဒွန်းကြီးလည်း ခက်ထန်သောမျက်နှာထားကြီးဖြင့် "ဟဲ့ ... လုံမ၊ နင် ရွှေဖံအောင်တို့အိမ်မှာ အစေခံအလုပ်ရအောင် သွားပြီးမေးတယ်ဆို ... ဟင် ... ပြောစမ်း ... ဟုတ်လား ... ဟုတ်လားဆိုတာ လူရွှေကတော့ ဒီအတိုင်းပြောတာပဲ ..." ဟု သံပြတ်နှင့်မေးလိုက်သည်၌ လုံမက "ဟုတ်တယ် အဖေ ..." ဟု ငုံးတိတိပြန်၍ ဖြေလိုက်လေ၏။ ဤတွင် ဦးနေဒွန်းမှာ ပို၍ဒေါသထွက်လာသည့်အလား၊ မီးကျီးခဲကဲ့သို့နီရဲသော မျက်နှာကြီးဖြင့် "ဘာ ... ဘာပြောတယ်၊ နင် ရွှေဖံအောင့်အိမ်မှာ အလုပ်မလုပ်ရဘူး၊ ငါမသေမချင်း မလုပ်ရဘူး၊ သိလား ..." ဟု အံကြိုးကြိတ်ကာ ပြောလိုက်သဖြင့် လုံမလည်း ဖခင်ကြီးဒေါသကြီးနေပုံကို ကြည့်ကာ မျက်နှာညှိုးကျသွားလေ၏။ ပြီးမှ ဖခင်ကြီးအနီးသို့ ရွေ့သွားရင်း ...

"အဖေ ... စဉ်းစားကြည့်ပါ အဖေရယ်၊ မလှရွှေက မမာ၊ အဖေကလည်း ဘာမှမလုပ်နိုင်၊ မကိုင်နိုင်၊ ကိုဖိုးလှတစ်ယောက်တည်းရှာစာကို တစ်အိမ်လုံးဝိုင်းပြီးစားနေကြလို့ ဖြစ်ပါ့မလား အဖေရယ်၊ ပြီးတော့ ကလေးတွေကလည်းများ၊ အကြီးဆုံးကလည်း လူမမည်၊ အငယ်ဆုံးကပြန်တော့လည်း နို့မျက်၊ နို့ဘူးမှ ဝဝလင်လင်မစို့ရနဲ့၊ ကျွန်မအလုပ်မလုပ်ဘဲ မနေနိုင်ဘူး အဖေ၊ ဒီအတိုင်းထိုင်ပြီး မကြည့်နိုင်ဘူး" ဟု ညည်းညည်းညူညူကြီး ပြောလိုက်ရှာလေ၏။

သို့တိုင်အောင် ဦးနေဒွန်းမှာ မကျေမချမ်းကြီးပင်ရှိနေလျက် "တခြားအိမ်မှာဆိုရင်တော်သေးရဲ့၊ ခုတော့ ဒီခွေးကောင် ရွှေဖံအောင်ရဲ့အိမ်မှာမှ လုပ်ရတယ်ဆိုလို့ဗျာ ... တောက် ... ဟင်း ပင်ပင်ပန်းပန်း ဈေးလည်ရောင်းတာကိုတောင် ငါမကြိုက်လို့ အရောင်းမခိုင်းဘဲထားတာ၊ ငါ့သမီးကို သင်းတို့ အခိုင်းအစေတော့ မခံနိုင်ဘူး၊ ဟဲ့ ... လုံမ၊ နင်ရွှေဖံအောင်အိမ်မှာ အခိုင်းအစေ လုပ်မယ့်အစား၊ ဈေးတောင်းခေါင်းရွက်သာလုပ်ပြီး ပဲပြုတ်ပြန်ရောင်းတော့၊

mgyoe.com

mgyoe.com


ဟိုအိမ်ကိုသွားပြီး အလုပ်လုပ်တာကိုတော့ ငါဘယ်နည်းနဲ့မှ သဘောမတူဘူး" ဟုပြောနေပြန်ရာ၊ မလှရွှေက အဖေဟာလေ သက်သက် တစ်ဖွတ်ထိုးကြီးပြောနေတာပဲ၊ အဖေ့သမီး ပဲပြုတ်ရောင်းခိုင်းရင် ဘာဖြစ်မယ်ထင်သလဲသိလား" ဟု ကလေးကို ပေါင်ခွင်တွင်ထည့်၍ လှုပ်သိပ်ရာက၊ နားကြားပြင်းကတ်သလို လှမ်းပြောလိုက်သဖြင့် "ဘာဖြစ်ရမလဲ၊ ငါ့သမီး ပင်ပန်းတာရှိမှာပေါ့၊ ဒီခွေးကောင် ရွှေဖံအောင်ရဲ့အိမ်မှာ အခိုင်းအစေခံရတာထက်တော့တော်ဦးမယ် ..."ဟု ပြန်၍ ငေါက်လိုက်သည်တွင် မလှရွှေက သရော်ရယ်ရယ်လိုက်ပြီး "ဟား ... ဟား ... တော်ပါလိမ့် အားကြီးတော်ပါလိမ့်မယ်။ ပဲပြုတ်နဲ့ ကောက်ညှင်းပေါင်း ရောင်းခိုင်းတုန်းက ဘာတွေဖြစ်သလဲ အဖေသိလားဟင်၊ အဖေသိလား ...၊ ဟိုစပယ်ယာက ရိသဲ့သဲ့ပြောလွှတ် ... ဒီကုလားက ပဲကတော့ကိုယူသလိုနဲ့ ထိကပါးရိကပါး လက်ကို မထိတထိလုပ်နဲ့၊ ဒါတွေကြောင့် လုံမကို ဈေးမရောင်းခိုင်းဘဲ ထားရတာ" ဟု ပြောထုတ်လိုက်သဖြင့်၊ ဦးနေဒွန်းမှာ ပါးစပ်ကြီးအဟောင်းသားနှင့် ဖြစ်နေလေ၏။

"ဟော့ ... ဆူလို့ညံလို့၊ ဘာတွေဖြစ်နေကြတာတုံး၊ မင်းတို့မလဲကွယ်၊ ဆူညံဆူညံနဲ့ အိမ်နီးနားချင်းမှ မရှက်ကြဘူးလားကွာ"

ချွေးသံတရွှဲရွှဲနှင့် ကိုယ်လုံးကြီးတွင် လွှစာမှုန့်များ ပေကျံလျက်ရှိကာပုဆိုးစုတ်တစ်ထည်ကို ထွေးလုံးကာကိုင်လျက်၊ အိမ်ထဲသို့ဝင်လာသူ မလှရွှေ၏ယောကျ်ား ကိုဖိုးလှသည် စိတ်ပျက်လက်ပျက်ညည်းရင်း ကပြင်ပေါ်တွင်ဟီးချ၍ ထိုင်ချလိုက်လေ၏။

"ဆူမှာပေါ့ ကိုဖိုးလှရဲ့၊ အဖေလုပ်ပုံကိုလည်း ကြည့်ဦးလေ၊ အခုငမကို တော်တို့သစ်စက်သူဌေးဦးရွှေဖံအောင်အိမ်မှာနေဖို့ ဒေါ်စုကြီးက လာခေါ်တာ၊ အခု ဦးရွှေဖံအောင်ရဲ့မိန်းမ ဒေါ်သိန်းနွဲ့နဲ့ တွေ့ခဲ့ပြီးလို့ အလုပ်လုပ်လှည့်ဖို့ မှာလိုက်တာ၊ အဖေကသွားပြီး မလုပ်ရဘူးတဲ့၊ ပဲပြုတ်ပြန်ရောင်းခိုင်းနေတယ်၊ ဒီဟာစ်ခါပဲပြုတ်များ ပြန်ရောင်းခိုင်းရင်လား ..."

မလှရွှေက စကားမဆက်ဘဲ ထားလိုက်ခြင်းမှာ အကြောင်းစုံသိပြီးဖြစ်သူ ကိုဖိုးလှအဖို့၌ အဓိပ္ပာယ်ထင်ရှားသွားတော့သည့်အတိုင်း "အင်း" ဟု အင်းရှည်ကြီးတစ်ချက် ချလိုက်ပြီးနောက်၊ "မရှိလို့ လုပ်စားပြန်ပါလည်းဆင်းရဲရှာတဲ့ ကိုယ့်အမျိုးသမီးကလေးရယ်လို့ ကိုယ့်အမျိုးသားတွေကိုယ်တိုင်

mgyoe.com

mgyoe.com

က မသက်ညှာကြတော့ လူမျိုးခြားတွေကပါ ... ပရောပရီ လုပ်ကြတာပေါ့ ကွယ်" ဟု ညည်းလိုက်ရှာလေ၏။ ပြီးမှ ...

"အေးအေးဆေးဆေးနဲ့ ဟိုတောင်ပေါ်အိမ်မှာပဲ သွားပြီးအလုပ်လုပ် နေပါစေလား အဖေရယ်၊ ဒီမှာဆိုရင် လုံမအတွက်နဲ့ ဒီရွာစု ကာလသား ခေါင်းဆောင်တွေနဲ့လည်း ရန်သိပ်များတယ်" ဟုပြောလိုက်ရာ၊ ဦးနေဒွန်း က "ထွီ ... ဒီလိုခွေးကောင်တွေနဲ့ ငါ့သမီးနဲ့တန်တန်ရာရာ" ဟု ထွီလုံးကြီး ရိုက်နေပြန်လေရကား၊ ကိုဖိုးလုလည်း ယူလာသောပုဆိုးစုတ်ကို အထွေး အလုံးထဲမှ အာဘာပုလင်း တစ်ပုလင်းကိုထုတ်၍ "ကဲ အဖေ၊ ဒူလာမြားတို့ လူစုတွေ အဖေ့ကိုစောင့်နေတယ်၊ ရော့ ... ချက်ကြီးတို့တဲကို သွားချင် သွားလေ..." ဟုပြောကာ ဦးနေဒွန်းအား ကမ်းပေးလိုက်လေ၏။ ပုလင်းကို မြင်သည်နှင့်တစ်ပြိုင်နက် ဦးနေဒွန်း၏မျက်နှာမှာ အတင်းမာပြေလျော့သွား ပြီးလျှင်၊ "အင်း ... ငါ့သမီးတော့၊ ဒီရန်သူရဲ့လက်အောက်မှာ အနိုင်အစေ ခံရရှာတော့မယ်၊ အဖေအသည်းနာလှတယ်သမီးရယ် ...၊ အဖေလည်း ကိုယ် မချိလို့ အမိသော်လည်း–သားတော်ခဲဆိုသလိုမို့သာ ခွင့်လွှတ်ရမှာပဲ" ဟု ထွေထွေကြီးပြောရှာပြီးနောက်၊ ပုလင်းကို ခါးကြားတွင်ထိုးကာ ချိုင်းထောက် ကြီးတဒေါက်ဒေါက်နှင့် အိမ်ပြင်ဘက်သို့ ကျင်လည်စွာ ကုန်းကွ၍ ထွက် သွားလေ၏။

လုံမအလုပ်လုပ်ရန် သွားခဲ့သော သစ်စက်သူကြီး ဦးရွှေဖံအောင်၏ အပေါ်တွင် လုံမ၏ဖခင် ဦးနေဒွန်း ဤမျှ ပစ်ပစ်ခါခါ ပြောဆို၍နေခြင်းမှာ ကား အတိတ်အကြောင်း ရှိသောကြောင့်ပင် ဖြစ်လေ၏။ ထိုအကြောင်း မှာမူ ...

❋ ❋ ❋

အထက်အညာမှ ဘီ–ဘီ–တီ–စီ ကုမ္ပဏီပိုင် သစ်ဖောင်များကိုမျှော၍ လိုက်ရသူ ဖောင်သမားလေး မောင်ရွှေဖံအောင်နှင့် မောင်နေဒွန်းတို့ နှစ် ယောက်သည် အလွန်ချစ်ခင်ရင်းနှီးကြသော သူငယ်ချင်းနှစ်ယောက်ဖြစ်ကြ လေ၏။ နှစ်စဉ် သစ်ဖောင်မျှောတိုင်း မောင်နေဒွန်းနှင့် မောင်ရွှေဖံအောင် တို့သည် တစ်ဦးလိုက်သော ဖောင်ကိုမှသာ တစ်ဦးလိုက်လေ့ရှိကြသည်။

mgyoe.com

mgyoe.com

သို့နှင့် တစ်နေ့တွင် သစ်ဖောင်မျှောလာခဲ့ကြရာ ပြည်မြို့အထက် ရွှေဖျိုင်းဖြူ မဇစ်လှိုင်း၌ လေမိ၍ဖောင်ပျက်သောကြောင့် မောင်နေဒွန်းနှင့် မောင်ရွှေဖံ အောင်တို့နှစ်ဦးမှာ သေကံမရောက်၊ သက်မပျောက်ဆိုသော စကားနှင့်အညီ ကျွန်းတုံးတစ်တုံးကိုတွယ်ကာ ပြည်မြို့နဝင်းရပ်တွင် လာ၍သောင်တင်နေကြ တော့လေ၏။ ထိုစဉ်က နဝင်းချောင်းနှင့် ဧရာဝတီမြစ်တို့ဆုံရာ ကြက်လျှာ သဏ္ဌာန်ကုန်းစွန်းတွင် ဂျာမန်ရေဝတီသူဌေးတစ်ဦးက သစ်စက်ကလေး တည်လျက် အာလံ–သရက်ကြိုးဝိုင်းများမှ သစ်များကို လိုင်စင်ခံ၍ ထုတ်ယူ ခွဲစိတ်ရောင်းချနေလေရာ အတွယ်အတာကင်းမဲ့သော ဖောင်သမားကလေး မောင်နေဒွန်းနှင့် မောင်ရွှေဖံအောင်တို့သည် မိမိတို့ဇာတိအထက်အညာသို့ မပြန်တော့ဘဲ၊ ထိုဂျာမန်ရေဝတီ သူဌေး၏ သစ်စက်ကလေး၌ပင် ကူလီဝင်၍ လုပ်ရင်း ပြည်မြို့၌ ချရပ်နေထိုင်ခဲ့ကြလေ၏။

ချစ်ခင်လှသော မိတ်ရင်းဆွေရင်းနှစ်ဦးပင် ဖြစ်စေကာမူ မောင်နေဒွန်း နှင့်မောင်ရွှေဖံအောင်တို့မှာ တစ်ဦးနှင့်တစ်ဦး စာရိတ္တဗလချင်း မတူကြ။ မောင်နေဒွန်းက အရက်၊ ကြက်ဝိုင်း၊ ဖဲဝိုင်းကလေးများကို ဝါသနာပါလျက် မောင်ရွှေဖံအောင်ကမူ ရသမျှငွေကလေးကို မစားရက်၊ မသုံးရက် ကျစ်ကျစ် ပါအောင်ထုပ်၍ ဂျာမန်ရေဝတီသူဌေးထံတွင်အပ်နှံကာ သစ်လုပ်ငန်းတွင် တစ်စွန်းတစ်စမျှ ပါဝင်လုပ်ကိုင်ခွင့်ကို ရှာဖွေခဲ့လေရာ၊ ကိုနေဒွန်းမှာ သစ်လုံး များကို ခွဲစိတ်ရာတွင် ပျဉ်အကောင်းဆုံးနှင့် အများဆုံးထွက်အောင် မျဉ်းသား ပြရသော ဂန်ဒယ်ခေါ်သစ်ခွဲခေါင်းဆောင်ဘဝတွင်သာ တက်လမ်းဆုံး၍ နေလျက် ကိုရွှေဖံအောင်မှာမူ ဂန်ဒယ်ဘဝမှ အရောင်းအဝယ်စာရေးကလေး၊ ထိုမှတစ်ဖန် ငွေကိုင်စာရေးကလေး၊ စာရေးကြီး၊ လက်ထောက်မန်နေဂျာ စသည်ဖြင့် တက်လမ်းအဆုံးမရှိသကဲ့သို့ ကြီးပွားလာခဲ့လေတော့သည်။

ထိုစဉ်က နဝင်းရပ်တွင် အတော်ပင်ချောမောလှပ၍ သဘောသဏ္ဌာယ ကောင်းသော မသိန်းနွဲ့ဆိုသူ မိန်းမပျိုတစ်ဦး ရှိခဲ့သည်။ ထိုမိန်းမမှာ ဆေးလိပ် လိပ်၍ အသက်မွေးရရှာသည်။ ကိုရွှေဖံအောင်နှင့် ကိုနေဒွန်းတို့သည် မသိန်းနွဲ့ အား ပြိုင်တူ လူပျိုလှည့်ခဲ့ကြသည်။ လက်ဦးတွင်မူ မသိန်းနွဲ့သည် ရုပ်ရည် သာသော ကိုနေဒွန်းကို မျက်နှာသာပေးသယောင်ယောင် ရှိခဲ့သည်။ သို့သော် လည်း နောက်ဆုံးတွင် ကိုနေဒွန်း၏စာရိတ္တကို တဖြည်းဖြည်းသိရှိလာသည်၌

mgyoe.com

mgyoe.com


အပတ်တကုတ် ကြိုးစားအားထုတ်၍ တက်လမ်းကြီးပွားလမ်းကိုသာ အမြဲတစေ ရှေးရှုနေသူ ကိုရွှေဖံအောင်၏ဘက်သို့ မေတ္တာပန်းယိမ်းယိုင်ခဲ့ရာ ကိုရွှေဖံအောင် သူဌေးကိုယ်စားလှယ် အဖြစ်သို့ တက်ရသည့်နှစ်တွင် မသိန်းနွဲ့နှင့် ကိုရွှေဖံအောင်တို့ လက်ထပ်ခဲ့ကြလေသည်။ ထိုနှစ်တွင်ပင် ကိုနေဒွန်းသည် အခြားမိန်းမတစ်ယောက်နှင့် အိမ်ထောင်ပြုလိုက်လေတော့သည်။

၁၉၁၄ ခုနှစ်သို့ ရောက်လာခဲ့ရာ၊ အင်္ဂလိပ်နှင့်ဂျာမန်တို့ စစ်ဖြစ်ကြမည့် အတိတ်နိမိတ်များ ပေါ်လာသည်၌ ဂျာမန်ရေဝတီသူဌေးသည် သစ်စက်ကလေးကို ကိုရွှေဖံအောင်အား အပိုင်လွှဲအပ်ပေးခဲ့ပြီးလျှင် ဂျာမနီသို့ ပြန်သွားလေတော့ရာ၊ ကိုရွှေဖံအောင်မှာ နေ့ချင်းညချင်း သစ်စက်ပိုင်ဘဝသို့ ကံချွန်သဖြင့် ရောက်သွားရလေတော့သည်။ ကိုနေဒွန်းမှာမူကား ယခင်ကထက်ပို၍သာ သောက်စားမူးယစ်နေကာ ဂန်ဒယ်အလုပ်ကိုပင် မှန်မှန်မဆင်းနိုင်ဘဲ ရှိခဲ့လေသည်။ သို့သော် ကိုရွှေဖံအောင်မှာ ဖောင်စီးဘက် ... သေမင်းရင်ဆိုင်ဘက် ... မိတ်ဆွေတစ်ဦး ဖြစ်သည့်အတိုင်း အခြားဂန်ဒယ်ကိုသာ အပိုခန့်ထား၍ ကိုနေဒွန်းအား အထိုက်အလျောက်ပြေပြစ်စွာ ဆက်ဆံနေခဲ့လေသည်။

ပထမကမ္ဘာစစ်ကြီးပြီးသောအခါမှစ၍ ဦးရွှေဖံအောင်ဇနီး ဒေါ်သိန်းနွဲ့တွင် သားသမီးများ ထွန်းကားလာခဲ့ရာ ကြီးစဉ်ငယ်လိုက်အားဖြင့် ... ကိုကိုကြီး၊ ကိုကိုလတ်၊ ကိုကိုထွေး၊ မိမိလေးဟူ၍ အမည်မှည့်ထားသည်။ ကိုနေဒွန်းမှာမူကား ပထမဇနီးသည်နှင့် သားသမီးမထွန်းကားဘဲ နောက်ပြုသောအိမ်ထောင်နှင့် သားသမီးနှစ်ယောက်ထွန်းကားခဲ့သည်။ သမီးအကြီး မလှရွှေသည် သစ်စက်ထဲ၌ ဦးနေဒွန်း၏လက်ထောက် ဂန်ဒယ်လုပ်ရသူ မောင်ဖိုးလှနှင့် အိမ်ထောင်ကျသည်။ သမီးငယ်မလုံမမှာမူ ထိုစဉ်က အသက် ၁၅ နှစ် ရွယ်မျှသာရှိသေးသဖြင့် အိမ်တွင်ချက်ပြုတ်လုပ်ကိုင်သောအခါ လုပ်ကိုင်၍ ဆူးပုပ်ရွက် ပြည်ပန်းညိုရွက်များကို သစ်စက်ဝင်းပြင်ဘက် ချုံများတွင်ခူးကာ၊ ပြည်မြို့ဈေး နာရီစင်ကြီးအနီးတွင် ဗျပ်ထိုးကလေးသွား၍ ရောင်းသည့်အခါ ရောင်းရသည်။ မလှရွှေ အိမ်ထောင်ကျ၍ သားသမီး ၃ ယောက် ထွန်းကားလာသောအချိန်တွင် ဦးနေဒွန်းသည် သစ်စက်ထဲ၌ အလုပ်လုပ်ခိုက် သစ်လုံးပုံကြီးတစ်ပုံ အလိုအလျောက်ပြို၍ကျရာတွင် ခြေထောက်ကိုကြိတ်မိ

mgyoe.com

mgyoe.com


သဖြင့် သူဌေးဦး ရွှေဖံအောင်ကိုယ်တိုင် ပြည်ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံအထိတင်ပို့ကုသပေးသည်။ သို့သော်လည်း ဒဏ်ရာပြင်းထန်လှသောကြောင့် ခြေထောက်တစ်ဖက်မှာ ဖြတ်ပစ်ရလျက် တစ်ဖက်မှာကား ထောက်နိုင်ရုံမျှသာ သိမ်၍သွားတော့လေရာ၊ ဦးရွှေဖံအောင်သည် ငယ်ချစ်မိတ်ဆွေ ဦးနေဒွန်းအား အလုပ်မလုပ်စေတော့ဘဲ ပေးမြဲလခကို အမြဲတမ်းပေး၍ ထားခဲ့လေ၏။

သို့သော် ဦးနေဒွန်းမှာ မိမိချစ်ပင်ပျိုးခဲ့သော မသိန်းနွဲ့က မိမိအား ပယ်၍ ဦးရွှေဖံအောင်ကိုသာ ရွေးချယ်သွားသည်ကို ကြိတ်မနိုင်ခဲမရ ဖြစ်၍ ကျန်ရစ်ခဲ့ရသည်လည်းတစ်ကြောင်း၊ မိမိနှင့်အတူ ဖောင်ပျက်၍ နဝင်းရပ်တွင် အတူတူကူလီဘဝဖြင့် နေခဲ့ရပါလျက်နှင့် ဦးရွှေဖံအောင်မှာ သစ်စက်ပိုင်ဘဝသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားကာ မိမိမှာ ဂန်ဒယ် သစ်ခွဲခေါင်းအဖြစ်ဖြင့်သာ အောက်တန်းကျလျက်ရှိနေရသည်ကို ကျိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရသည်တစ်ကြောင်း၊ တစ်ဖန် သစ်လုံးညှပ်မိသည့်အတွက် မိမိမှာ တစ်သက်တာတွင် လူစဉ်မမီအလုပ်မလုပ်နိုင်အောင် ကိုယ်အင်္ဂါချွတ်ယွင်းရသည့်အတွက် ဘာမှလုပ်ကိုင်စားသောက်ရန် မတတ်နိုင်သည့်အလျောက် မိမိနှင့်အခြေတူဘဝမှ လိုက်မမီအောင် အဆင့်ချင်း ကွာခြားသွားလေသူ ဦးရွှေဖံအောင်ထံမှာ မယူချင်ဘဲနှင့်ပင် မတတ်သာ၍သာ လခကိုထုတ်ယူနေရသည်ကို ကြိတ်မနိုင်ခဲမရ ဖြစ်ရသောကြောင့်တစ်ကြောင်း၊ ဦးရွှေဖံအောင်ဆိုလျှင် အလိုလိုနေရင်း သဝန်တိုမနာလိုစိတ်ဖြင့် မုန်းတီးလျက် ရှိနေလေတော့သည်။ ထိုမုန်းတီးစိတ်ကို အရင်းခံလျက် ဦးနေဒွန်းသည် မိမိဒုက္ခိတဘဝသို့ ရောက်ရသည်မှာ ဦးရွှေဖံအောင်ပိုင် သစ်လုံးများကြောင့် (သို့မဟုတ်) သစ်လုံးပိုင်သူ ဦးရွှေဖံအောင်ကြောင့် ဟူ၍ တစွဲတလမ်းကြီး အယူသီးနေသည်အထိ ဣဿာတရားပွားများလျက်ရှိနေလေ၏။

ထို့ပြင် မစွမ်းမသန် ဒုက္ခိတကြီးဖြစ်နေရသဖြင့် ကြံတိုင်းစည်တိုင်းလည်း မပေါက်ရောက်နိုင်တော့သောကြောင့် ဦးနေဒွန်းသည် စာရိတ္တပျက်ပြားရာ၌ တဖြည်းဖြည်းဆိုးရွားသည်ထက် ဆိုးရွားလာကာ နောက်ဆုံးတွင် ဒုက္ခိတဘဝသာမက ဒုက္ခိတယစ်ထုပ်ကြီးဘဝသို့ပါ သက်ဆင်းရရှာလေတော့သည်။ ဦးရွှေဖံအောင်က လစဉ်ထုတ်ပေးလျက်ရှိသော ဂန်ဒယ်လခ

mgyoe.com

mgyoe.com



မှာလည်း ဦးနေဒွန်း၏ အသောက်စရိတ်ကို ကာမိသည့်အခါမှ ကာမိလေတော့သည်။

တစ်ခါတွင် ဦးရွှေဖံအောင်ကိုယ်တိုင်ကိုယ်ကျ လာ၍ ဦးနေဒွန်းအားဖျောင်းဖျကာ ပြုပြင်ရန် ကြိုးစားလေသေးသည်။ သို့သော် နေ့စဉ်နှင့်အမျှ သူတစ်ပါးကိုလည်းကောင်း၊ ကိုယ့်ကိုယ်ကိုယ်လည်းကောင်း၊ အမြဲသဖြင့် မကျေမချမ်းဖြစ်နေရသူ ဦးနေဒွန်းသည် ဦးရွှေဖံအောင်အား "ဟေ့ ... ဖောင်သမား အချင်းချင်းကို မင်းကပွဲသတ်တဲ့ကောင်၊ ငါက ကျက်ဆူးရိုက်တဲ့ကောင်လုပ်ပြီး၊ တရားပြမနေပါနဲ့ကွာ ..." ဟု ငေါက်ငမ်း၍လွှတ်ဖူးသည်။ ထိုအချိန်မှစ၍ ဦးရွှေဖံအောင်မှာ သူငယ်ချင်းဦးနေဒွန်း၏အပေါ်တွင် စိတ်မကွက်သည့်တိုင်အောင် အနီးသို့ ကိုယ်တိုင်ကိုယ်ကျ မလာတော့ဘဲ၊ အဝေးကသာ လစဉ်လခထုတ်ပေးခြင်းဖြင့် ထောက်ပံ့နေခဲ့ရလေတော့သည်။

သို့အားဖြင့် အဆင့်အတန်း နိမ့်၍နိမ့်၍သာ ကျဆင်းလျက် ဆင်းရဲခြင်း ညွန့်ဖွက်တွင် တိုး၍တိုး၍သာ ဦးနေဒွန်းမှာ နေရခိုက်တွင် ဦးရွှေဖံအောင်မှာမူ တစ်နေ့တခြား စီးပွားဖြိုးရေ တက်ဘိသကဲ့သို့တက်လျက်၊ မြန်မာပြည်မီးရထားလမ်း အသွယ်သွယ်တိုးချဲ့ရာတွင် ဇလီဖားတုံး ကန်ထရိုက်များကို ရရှိခြင်းဖြင့်၊ သစ်စက်ကလေးဘဝမှ သစ်စက်ကြီး တည်နိုင်သောအခြေသို့ပင် ရောက်ခဲ့လေတော့သည်။

ထိုမျှမကသေး ဦးနေဒွန်းတွင် သမီးချောကလေးအား ကောက်ညှင်းပေါင်း ပဲပြုတ်အရောင်းခိုင်းနေရသောအချိန်၌ ဦးရွှေဖံအောင်မှာမူ သားအကြီးဆုံးကိုကိုကြီးအား ပျဉ်းမနားသစ်တောကျောင်းတွင်ထား၍ သင်တန်းပြီးဆုံးလာသောအခါတွင် သစ်လုပ်ငန်း၌ ဝင်ရောက်ဦးစီးလုပ်ကိုင်စေခဲ့ပြီးလျှင် သားအလတ် ကိုကိုလတ်ကိုမူ ကောလိပ်ပညာကို သင်စေလျက် သားအထွေးကိုကိုထွေးနှင့် နှောင်းမွေး သမီးကလေးတို့ကိုပါ ခေတ်ပညာများကိုပါ အစဉ်တစိုက် သင်ကြားပေး၍နေခဲ့လေ၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည့်နှစ်၌ ကိုကိုလတ်သည် ဝိဇ္ဇာဘွဲ့ကို ရယူပြီးပြီဖြစ်သဖြင့် ကျောင်းထွက်ကာ သစ်စက်တွင်ပင် အရောင်းအဝယ် ငွေကိုင်ဘက်မှနေ၍ အလုပ်စ၍ သင်နေရပြီဖြစ်လေ၏။ ဂျပန်များဝင်လာသောအခါတွင် ဦးရွှေဖံအောင်သည် မိမိ၏သစ်စက်ကို ဂျပန်စစ်ဘက်

mgyoe.com

mgyoe.com


သို့ ထိုးအပ်ငှားထားလိုက်ခြင်းဖြင့်၊ စက်ဟူသမျှကိုမက်မောသော ဂျပန်တို့နှင့် အထိုက်အလျောက် ဆက်ဆံနိုင်ခဲ့လေသည်။ ထို့ကြောင့် အင်္ဂလိပ်များပြန်၍ ဝင်လာသောအခါ၌ ဦးရွှေဇံအောင်၏သစ်စက်မှာ မပျက်မစီး မချွတ်မယွင်း ကျန်ရစ်ခဲ့လေ၏။

စစ်ပြီးခေတ်ပြန်လည်ထူထောင်ရေးခေတ်သို့ ရောက်လာပြန်သော အခါတွင် ဦးရွှေဇံအောင်သည် စစ်ဘက်မှလေလံတင်ရောင်းချသော စစ်သုံး အပိုအလျှံ စက်ကိရိယာများကို ဈေးပေါပေါနှင့် ဝယ်ယူရရှိကာ သစ်စက်ကို တိုးချဲ့ပြီးလျှင် အစိုးရနှင့်စစ်ဘက်သို့ သစ်အမျိုးမျိုးတို့ကို ကန်ထရိုက် သွင်းခြင်းအားဖြင့် ရတနာရှိရာ ရတနာစုဟူဘိသို့ ကျိုကျိုတက်၍လာခဲ့ပြန် လေတော့သည်။ ထိုအချိန်တွင် ဦးနေဒွန်းမှာမူ ဆင်းရဲခြင်းညွှတ်ကွင်းထဲသို့ တိုးမြဲတိုး၍နေရဆဲဖြစ်လေ၏။

စစ်ပြေငြိမ်းကြောင်း ကြေညာ၍မှမကြာမီ ကိုကိုလတ်သည် ဖခင် ဖြစ်သူထံမှ အခွင့်တောင်း၍ အမေရိကန်သို့ သစ်လုပ်ငန်းများ လေ့လာရန် အတွက် ထွက်ခွာသွားခဲ့သည်။ စစ်အတွင်းက သစ်မှာ အရေးကြီးသောပစ္စည်း တစ်ခုဖြစ်ခဲ့လေရာ၊ အမေရိကန်နှင့် ကနေဒါနိုင်ငံများတွင် သစ်စက်များကို အကြီးအကျယ်တိုးချဲ့၍ သစ်ပစ္စည်းအမျိုးမျိုးကို လုပ်ကိုင်ခဲ့ရသည်။ ထိုသို့ တိုးချဲ့ရာမှ နဂိုအခြေသို့ပြန်လည်လျှော့ချခြင်းမပြုမီ သစ်လုပ်ငန်းကြီးကျယ်လှ သော အမေရိကန်နိုင်ငံ၏ နည်းစနစ်အဆန်းများကို ရရှိနိုင်စေရန် ကိုကိုလတ် ထွက်ခွာသွားခြင်းဖြစ်လေ၏။ အထူးသဖြင့် ကိုကိုလတ်သည် မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေး၌ အများဆုံးအသုံး ဝင်မည်ဖြစ်သော သုံးထပ်သား လုပ်နည်းများကို တစ်နှစ်ကျော်မျှ လေ့လာခဲ့ပြီးနောက်၊ ကမ္ဘာ့အရှေ့ပိုင်းမှ လှည့်ကာဇာတိရပ်မြေသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်လေ၏။

***

"ပန်းကန်ပြားကို ဟော့ဒီလိုထား၊ ဟောဒီဇွန်းက ဒီထိပ်က၊ ခက်ရင်းက ဘယ်ဘက်က၊ ဓားကတော့ ညာဘက်က မှတ်ထား" စသည်ဖြင့် ဒေါ်ရွှေစု က လက်ထပ်သင်ကြားပေးနေသည်ကို အသေအချာမှတ်ရင်း ထမင်းစားပွဲ ပြင်ပုံကို စိတ်အဝင်စားကြီးဝင်စားနေသူ လုံမသည် "အင်း ... သူတို့ပိုက်ဆံ

mgyoe.com

mgyoe.com


ရှိတဲ့ လူတွေများတော့ သိပ်ပြီးတော့ ကရိကထတွေများပါကလား၊ ဟောဒီ ခက်ရင်းဆိုတာကြီးများ မစားတတ်ရင် အာခေါင်ကို မတော်တဆစူးမှဖြင့်" စသည်ဖြင့် အရိုင်းတွေးကလေးတွေးကာ စားပွဲပေါ်ရှိ ပန်းကန်အကြီး အသေးမျိုးစုံတို့ကိုလည်းကောင်း၊ ဖန်ခွက်ပုပု၊ ရှည်ရှည်၊ ဝိုင်းဝိုင်း၊ မျောမျော အမျိုးစုံတို့ကိုလည်းကောင်း ကျယ်ဝန်းကြီးမားလှသော ဆန်ကောငယ်မျှ ရှိသည့် ကြွေပန်းကန်ကြီးများကိုလည်းကောင်း၊ ကြည့်ကာ၊ ကြည့်ကာသာ လျှင် စားပွဲထိုးရသည့်အလုပ်ကို လက်တွေ့သင်ကြားနေရလေ၏။

"ညည်းအလုပ်က ဒါပဲအေရဲ့၊ မီးဖိုချောင်ထဲဝင်ဖို့ မလိုဘူး၊ မီးဖိုမှာ ထမင်းချက်သက်သက် ကုလားကပြားလင်မယားနှစ်ယောက် ရှိသေးတယ် အေ့၊ ဘာဟင်းဘာကြွေး ချက်ရမယ်ဆိုတာလောက်ပဲ ငါကစီမံပေးပြီး သူတို့ ချက်ပြုတ်တဲ့ဟာကိုမှ ငါကဒီမှာပြင်ဆင်ပြီး မမတို့ကိုကျွေးရတယ်၊ သည့် အပြင် အလုပ်ကတော့ အိမ်ကြီးတစ်ခုလုံး လှည်းရကျင်းရ၊ ပြင်ရ၊ ဆင်ရတဲ့ အလုပ်ပဲ၊ ပြီးတော့ မမတို့က လက်တိုလက်တောင်း ခိုင်းတာလေးတွေလည်း လုပ်ပေးရတယ်။ ဘုရားပန်းအိုးတို့ဘာတို့လဲရင်လည်း ကူညီလုပ်ပေးရတယ်။ တစ်ခါတစ်ခါညောင်းရင် မမအနှိပ်ခံတတ်တယ်။ ပြီးတော့လည်း ကိုထွေးနဲ့ အမိလေးတို့နှစ်ယောက် ဖွပစ်ခဲ့တဲ့ အဝတ်အစားတို့၊ သတင်းစာတို့၊ ဘာတို့ လည်း လိုက်သိမ်းပေးရတယ်။ ဒါလောက်ပါပဲအေရယ်၊ သိပ်ပင်ပင်ပန်းပန်း တော့ မဟုတ်ပါဘူး" ဟု ဒေါ်ရွှေစုသည် ပန်းကန်များကို သန့်ရှင်းသည်ထက် သန့်ရှင်းအောင် သားရေတုအဝတ်ဝါနှင့်သုတ်ရာက လုပ်ရမည့် လုပ်ငန်းစဉ် များကို လုံမအား ရှင်းလင်းပြောပြနေလေ၏။

ထိုခဏတွင် ကိုကိုလတ်၏မိခင်ကြီး ဒေါ်သိန်းနွဲ့သည် ထမင်းစားခန်း အတွင်းသို့ ဝင်လာရာ၊ ဒေါ်ရွှေစုက ထမင်းစားပွဲတွင် လုံမအား လက်ထပ် သင်ကြားပေးနေသည်ကို မြင်သည်၌ "အေးကွယ် ... အဆင်သင့်ပဲ၊ ခုည တော့ တော်တော်အလုပ်များလိမ့်မယ်ကွဲ့" ဟုပြောလိုက်သဖြင့် ဒေါ်ရွှေစု လည်း ဒေါ်သိန်းနွဲ့အားကြည့်ကာ ရိုသေလေးစားသောအမူအရာဖြင့် "ဘယ် သူတွေ ထမင်းစားလာဦးမှာမို့လဲ မမ" ဟု မေးလိုက်လေ၏။ ဤတွင် ဒေါ်သိန်းနွဲ့က "ဘုံဘေဘားမားသစ်ကုမ္ပဏီက သူဌေးကိုယ်စားလှယ် ဒီည ဒီအိမ်မှာ ထမင်းကျွေးရလိမ့်မယ်လို့ ညည်းတို့အစ်ကိုကြီးက စက်ကနေပြီး

mgyoe.com

mgyoe.com


စာရေးပေးလိုက်တယ်။ သူလည်း ခပ်စောစော ပြန်လာလိမ့်မယ်၊ ပြီးတော့လည်း ခင်နှင်းလွင်လည်း ထမင်းစားလာလိမ့်မယ်။ အခုပဲ၊ မိမိလေးတို့သွားပြီး ဖိတ်ကြမလို့တဲ့" ဟု ပြောလိုက်ရာ "ဒါဖြင့် အားလုံး ရှစ်ယောက်စာပြင်ရမှာပေါ့နော် မမ" ဟု ဒေါ်ရွှေစုကပြောပြီးနောက် "ဟဲ့ လုံမ ... ဒီအပေါ်က ပန်းကန်တွေ၊ ဓားတွေ၊ ခက်ရင်းတွေသိမ်းလိုက်တော့" ဟု လုံမအားဆက်၍ခိုင်းသဖြင့် လုံမသည် ခိုင်းသည့်အတိုင်းပင် သတိထားကိုင်တွယ်သိမ်းဆည်းနေရှာလေ၏။

ပန်းကန်ပြား ရွယ်တူချင်းထပ်ကာ၊ ထို့နောက်မှ အကြီးပေါ်တွင်အသေးဆင့်၍ နိုင်တန်ရုံ၊ နိုင်တန်ရုံမျှ ဗီရိုများအတွင်းသို့သယ်ကာ သွင်းနေသော လုံမ၏ပြည့်ဝသွယ်လျား အဖျားရှူးသွားသော လက်ချောင်း ဖောင်းဖောင်းကလေးများနှင့် အဆစ်အမြစ်မပေါ်ဘဲ ... တုတ်ခိုင်ခိုင်ကလေးနေသောလက်ကောက်ဝတ်ကလေးများကို ဂရုစိုက်၍ကြည့်ကာ၊ "မစု ... ခဏ" ဟု ဒေါ်ရွှေစုအား ဒေါ်သိန်းနွဲ့က လှမ်း၍ခေါ်လိုက်ပြန်လေ၏။

ဒေါ်စုရောက်လာသည်တွင် "ညစာစားပွဲမှာ ကလေးမကိုလည်း ကူညီပြီး လုပ်ခိုင်းမလို့ မဟုတ်လား" ဟုမေးလိုက်ရာ၊ "ရှစ်ယောက်စာဆိုတော့ ကျွန်မတစ်ယောက်တည်းနဲ့ ထိန်းနိုင်မှာမဟုတ်ဘူး။ မမရဲ့ လုံမကိုလည်း ခိုင်းရမှာပေါ့" ဟု အဖြေရသည်၌ "ဒါဖြင့်ကွယ် ... လူစိမ်း ... သူစိမ်းတွေ ရှေ့မှာ ကလေးမကို လုံမ လုံမနဲ့ မခေါ်ပါနဲ့ကွယ် ...။ သူ့ကို အလုံလို့ခေါ်ပေါ့။ ဟုတ်လား၊ သူစိမ်းတွေက တို့အိမ်မှာ ဘာမှနားမလည်တဲ့လူတွေနဲ့ စခန်းသွားနေကြတယ်လို့ ထင်ပါ့မယ်။ ပြီးတော့လည်း သူ့ကို သင်မထားရသေးတာဆိုရင် ဘာမှမခိုင်းပါနဲ့ကွယ်။ လူကြားထဲမှာ ခမျာ အရှက်ကွဲနေပါဦးမယ်" ဟုပြောလိုက်ရာ လုံမမှာ အထက်တန်းစားတို့ အသေးစိတ်ဇီဇာကြောင်ပုံကို တွေးရင်းဒေါ်သိန်းနွဲ့၏ ကြင်နာတတ်သောစိတ်ကိုလည်း ဆက်၍ တွေးနေလိုက်မိပြန်လေ၏။

"ပြီးတော့လည်းကွယ် သူ့မှာပါလာတဲ့ အဝတ်အစားကလေးတွေကို အိမ်ကအဝတ်အစားတွေနဲ့ လဲပါ၊ ဖယ်ပါစေ။ ဟိုကလေးမ၊ မအေးစိန်ဖို့ ရည်ရွယ်ပြီး မမဝယ်ထားတဲ့ အဝတ်အစားတချို့ရှိတယ်။ အဲဒါတွေကို အလဲခိုင်းပေတော့။ လာ ... မစု ... လိုက်ပြီးယူလှည့်" ဟုပြောကာ ဒေါ်သိန်းနွဲ့

mgyoe.com

mgyoe.com


သည် ထမင်းစားခန်းမှထွက်သွားလေရာ၊ ဒေါ်စုလည်းလက်မှ ပန်းကန်သုတ်သော သားရေတုအဝတ်အဝါကလေးကို ချထားခဲ့ပြီးနောက် လိုက်၍သွားလေ၏။

ဤသို့အားဖြင့် လုံမခများမှာ သစ်လွင်သော "ပွင့်ရိုက်တိုဘရယ်(လ်)ကို လုံချည်အဆင်ဆန်း အပြာကလေးဝတ်လျက် တံတောင်ဆစ်အထက် လက်မောင်းထက်ဝက်သာသာမျှသာ လက်ရှိသော လိပ်ပြာတောင်ပခုံးပွ ပဒုမ္မာအင်္ကျီကလေးကို ဝတ်ဆင်ထားသည့် (အလုံ) ဟူသော ကူဖော် လောင်ဖက် သူငယ်မကလေးအဖြစ်သို့ ချက်ချင်းလိုပင် ဘဝပြောင်း၍သွားရှာလေ၏။ နဂိုရှိလျှင် နဂိုင်းထွက်သည်ဟူသော စကားမှာ လုံမ၏အဖို့ ဒင်ပြည့်ကျပ်ပြည့် မှန်၍နေတော့လေ၏။

လူအဝတ် တောင်းအကွပ်ဟူသည့်အတိုင်း သန့်ရှင်းလတ်ဆတ်သော အဝတ်အစားကလေးများကို ဝတ်လိုက်သောအခါတွင်မှ အလုံ၏ ရုပ်ရည်မှာ ကတ္တီပါအပြာခံ၍ အပေါ်တည့်တည့်မှ ဓာတ်မီးဖွင့်ကာ ပြထားသော စိန်ရတနာပမာ အစွမ်းကုန် အရည်အသွေးကြွတက်လျက် ရှိနေတော့လေရာ၊ ဒေါ်ရွှေစုကြီးပင်လျှင် အလုံအား မကြာခဏလှမ်း၍ ကြည့်နေမိလျက် "ဒီလိုဝတ်လိုက်တော့လည်း ငါ့တူမကြီးက အတော်ကြီးပဲဟေ့" ဟုပင် ပြောလိုက်မိရာ၊ အလုံမှာမူ သစ်လွင်သောအဝတ်အစားများကို ဝတ်ထားရသည်ကို ရှက်ကိုးရှက်ကန်းလိုလို ဖြစ်နေဆဲဌ ဤသို့ချီးမွမ်းခံလိုက်ရသည်ကို ပို၍ရှက်စနိုးဖြစ်သွားရင်း "အို ... ဒေါ်စုကလည်း" ဟု ပြောလိုက်ပြီးမှ "ကိုင်း ... ကျွန်မ ဘာလုပ်ရမလဲ" ဟု စကားလမ်းလွှဲပစ်လိုက်လေ၏။

ဒေါ်စုလည်း အလုံရှက်တတ်ပုံကို တစ်ချက်ပြုံးလိုက်မိပြီးလျှင် ထမင်းစားပွဲကို စားပွဲခင်းအသစ်ခင်းကာ အလုံ၏အကူအညီဖြင့် လူ ၈ ယောက် ညစာစားရန်အတွက် ပြင်ဆင်နေလေ၏။ ထိုအခိုက်တွင် ထမင်းစားခန်းကြီးအတွင်းရှိ၊ တိုင်ကပ်သံစုံနာရီကြီးမှ ၆ နာရီထိုးသံကို ကြားရလေရာ၊ ဒေါ်စုက "ကဲ ... ဟောဒီမှာ နမူနာထားပြတဲ့အတိုင်း အခြားနေရာတွေကိုလည်း ပြင်လိုက်ပေါ့အေ၊ ဟုတ်လား၊ ငါမီးဖိုဆောင်ထဲသွားဦးမယ်၊ ဟို လင်မယားဟင်းတွေစုံအောင်ချက်ပြီးမှ ပြီးကြပလားမသိဘူး" ဟုဆိုကာ မီးဖိုဆောင်သို့ကူးသွားသဖြင့် အလုံမှာ တစ်ယောက်တည်း စားပွဲပြင်ရင်း ကျန်ရစ်ခဲ့လေ၏။

mgyoe.com

mgyoe.com


ထိုခဏတွင် စကား ဆူညံဆူညံပြောလျက် ထမင်းစားခန်းထဲသို့ ကိုကိုထွေး နှင့် မိမိလေးတို့မောင်နှမနှစ်ယောက် ဝင်လာကြရာ၊ အလုံမှာ အရွယ်ကောင်း လူပျိုပေါက်၊ အပျိုပေါက် မောင်နှမကလေးနှစ်ယောက်တို့ ပိုးတရွှမ်းရွှမ်း ရေမွှေးနံ့တလှွမ်းလှွမ်းနှင့် ဝင်လာကြပုံကိုကြည့်ကာ ငေး၍ နေမိသည်၌ ကိုကိုထွေးက "ဟော့ အလုံ၊ ကိုထွေး အင်္ကျီလက်ကြယ်သီးကို တပ်ပေးစမ်းပါ" ဟု လက်တစ်ဖက်ကိုပေးရင်း ခိုင်းလိုက်သည်၌ မိမိလေးက လည်း "ကိုယ့်ကိုလည်း ဟောဒီရွှေဆံနှိပ်ကလေး တပ်ပေးစမ်းပါဦး အလုံရ" ဟု ရွှေဆံနှိပ်ကလေးကို ကမ်းပေးကာ ထပ်၍ခိုင်းလိုက်ပြန်သဖြင့် အလုံသည် လူလားမြောက်အရွယ်သို့ ရောက်ကြသည့်တိုင်အောင် ကလေးဆိုးကြီးတွေလို နေကြဆဲဖြစ်သော မောင်နှမနှစ်ယောက်ကိုကြည့်ကာ ပြုံးမိရင်း "ကဲ ... ဘယ်သူ့ကို အရင်လုပ်ပေးရမလဲ" ဟု အလိုလိုက်သံနှင့် ချော့လိုက်ရာ၊ ကိုကိုထွေးနှင့် မိမိလေးတို့က သူ့အရင်၊ ငါ့အရင် ငြင်းခုံနေကြသောကြောင့်၊ အလုံက "ကဲ၊ ကဲ မိမိလေးက ကိုကိုထွေးလက် ကြယ်သီးကိုတပ်ပေးလိုက်၊ လှည့် ... ဟိုဘက်ကို၊ အလုံက မိမိလေးဆံနှိပ် ကိုနှိပ်ပေးမယ်" ဟု ပြောပြော ဆိုဆို မိမိလေး၏ဆံနှိပ်ကိုယူကာ ဖွတ်မြီးနှစ်ခွေကို ရစ်ခွေထားသည့် အထက် မှ အချိုးတကျ တပ်ဆင်ပေးလိုက်လေ၏။ ဤတွင်မှ မိမိလေးလည်း သဘော ကျသွားကာ ကိုကိုထွေး၏ လက်ကြယ်သီးကို တပ်ပေးလိုက်ပြီးလျှင် မောင် နှမ နှစ်ယောက်သား ကြောင်စီစီရယ်ကြရာက "ကိုယ်တို့ တမင် အလုံကို ပညာစမ်းတာဆရာ၊ သိလား၊ အလုံက တော်တယ်နော်" ဟု ကလေးပြော ပြောနေကြရာ၊ အလုံမှာလည်း သူတို့နှစ်ယောက်နှင့်ရော၍ ရယ်ရတော့ကာ "အေးပေါ့ ... အလုံက သိပ်တော်တာပေါ့" ဟု နှုတ်ခမ်းကလေးစူစူ၊ ပါး ကလေးပူပူနှင့် ကလေးဟန်လုပ်၍ အလိုက်အလျော ခေါင်းကိုငဲ့၍ ပြောလိုက် ရသည်တွင်မှ မောင်နှမနှစ်ယောက်သားတို့လည်း ဆူညံဆူညံနှင့်ပင် ထမင်း စားခန်းတွင်းမှ ထွက်သွားကြလေ၏။

အလုံလည်း နွဲ့ဆိုးမောင်နှမနှစ်ယောက်တို့ကိုကြည့်ရင်း "အင်း ... ငါ့တူကလေးတွေ၊ ငါ့တူမကလေးတွေများ ဒီလိုဖြစ်လိုက်ရင် ဘယ်လောက် များကောင်းလိုက်မလဲနော်" ဟု ထမင်းစားခန်းထဲဝေ့၍ ကျန်ရစ်ခဲ့သော ရေမွှေးနံ့များကို ရှူမိရာမှ ကျိတ်၍တွေးလိုက်ရာမိလေ၏။

mgyoe.com

mgyoe.com


သို့ တွေးနေဆဲတွင်ပင် အိမ်ရှေ့ခန်းမတံခါးကြီးဆီမှ "ဂရင်" ဟူသော အသံတစ်ခုပေါ်၍လာလေရာ အလုံမှာ ဘာလုပ်ရမည်မသိဘဲ ကြောင်၍ ကြည့်နေစဉ် ဒေါ်ရွှေစုမီးဖိုချောင်မှ ပြန်ဝင်အလာနှင့် ဆုံနေသောကြောင့် "ဒေါ်စုဟိုမှာ ခုနကမြည်လိုက်တာ ဘာလဲဟင်" ဟုမေးလိုက်မိရာ ဒေါ်ရွှေစုက "အဲဒါ တံခါးကလက်လှည့်ခေါင်းလောင်းမြည်တာအေ့၊ အပြင်မှာ တစ်ယောက်ယောက် ရောက်နေပြီ၊ သွား တံခါးဖွင့်ပေးလိုက်၊ ဝင်လာတဲ့လူရဲ့ လက်ထဲမှာပါတာတွေလည်း ဆီးပြုယူရတယ်အေ့" ဟု သင်ကြားကာ ခိုင်းလိုက်သဖြင့် အလုံမှာ ခပ်တိတ်တိတ်နှင့်ပင် တံခါးမကြီးဆီသို့သွားကာ တံခါးကိုဖွင့်လိုက်လေ၏။

ဝင်လာသည်မှာကား အသက် ၆၀ ကျော်အရွယ်ပင် ဖြစ်လင့်ကစား ကျန်းမာဖျတ်လတ်၍ ကျနစွာဝတ်ဆင်ထားသော လူကြီးတစ်ယောက်ဖြစ်နေလေရာ အလုံမှာ ထိုလူကြီးအား မြင်သည်နှင့်တစ်ပြိုင်နက် မိမိ မကြာခဏ နဝင်းသစ်စက်ထဲတွင် အဝေးကမြင်ဖူးသော သစ်စက်သူဌေးကြီး ဦးရွှေဖဲအောင် ဖြစ်ကြောင်းကို ချက်ချင်းသိလိုက်လေ၏။ ထို့ကြောင့်ပင် ကြောက်သလိုလို ဖြစ်သမျှပြေ၍သွားလျက် ဦးရွှေဖဲအောင်၏လက်မှ တုတ်ကောက်ကြီးကို ဆီး၍ယူလိုက်ရာ ဦးရွှေဖဲအောင်ကလည်း မိမိတစ်ခါမျှ မမြင်ဖူးသော မိန်းကလေးတစ်ယောက်ကို တွေ့နေရသည်ကို အံ့အားသင့်ဟန်ဖြင့် "မင်းက ဘယ်သူတုံးကွဲ့" ဟု ပြုံး၍မေးလိုက်သည်၌ အလုံလည်း "ကျွန်မ ဒီကနေ့မှ မေမေကြီးတို့ခေါ်လာပြီးနေရတဲ့ အလုံပါ။ ကျွန်မအဖေက နဝင်းက ဖေဖေကြီးတို့သစ်စက်မှာ အလုပ်လုပ်ရင်း ခြေကျိုးသွားတဲ့ ဦးနေဒွန်းပါ" ဟု ပြောလိုက်ရာ ဦးရွှေဖဲအောင်လည်း အလုံကို ကြင်နာစွာပြုံးလျက် ကြည့်ရင်းက "သြော် ... ကလေးမက ကိုနေဒွန်းရဲ့သမီးကိုး၊ အေး အေး ... လိမ်လိမ်မာမာ နေနော်" ဟုပြောကာ အိမ်ပေါ်ထပ်သို့ တက်သွားသဖြင့် အလုံလည်း အိမ်ရှင်သူဌေးကြီးအား မိမိအကြောင်းကို ပြောလိုက်ရသည့်အတွက် ကျေနပ်မိသလိုလို ဖြစ်သွားပြီးနောက်၊ တုတ်ကောက်ကြီးကို တံခါးဝဆောင် ထီးစိုက်ခုံ၌ စိုက်ပစ်ခဲ့ပြီးလျှင် ထမင်းစားခန်းကြီးထဲသို့ ပြန်လာခဲ့လေ၏။

ရောက်သည်နှင့်တစ်ပြိုင်နက် ဟင်းပန်းကန်များကို နံရံကပ်စားပွဲအဖြူ ကလေးများပေါ်၌ အသင့်ပြင်ဆင်နေသူ ဒေါ်စုက "အလုံရေ ... ထမင်းစားခန်း

mgyoe.com

mgyoe.com


တံခါးကြီးဆွဲပိတ်ထားလိုက်တော့၊ ထမင်းစားပွဲ ပြင်ကြရအောင်" ဟု ပြောလိုက်သဖြင့် အလုံလည်း အိမ်တွင်းခန်းကြီးနှင့် ထမင်းစားခန်းတို့ကို ခြားထားသော လျှောတံခါးကြီးကို ဆွဲ၍ပိတ်လိုက်ပြီးလျှင် ဒေါ်စုနှင့်အတူ ကူညီလုပ်ကိုင်နေရလေ၏။

ထမင်းစားပွဲကြီးတွင် အဆင်သင့်ပြင်ဆင်၍ ပြီးတန်သလောက်ရှိသွားသောအခါတွင် အလုံခများမှာ ဆင်းရဲသူတို့ဘာဝ ညနေမဝင်မီ အမြဲတမ်းညစာစားလေ့ရှိသည့်အတိုင်း၊ ယခုမှောင်ရီအချိန်သို့ ရောက်ခဲ့သည့်တိုင် မိမိကိုယ်တိုင် စားရဖို့ဝေးစွ အိမ်ကြီးရှင်များပင်လျှင် မစားမသောက်ကြသေးသောကြောင့် ပွဲရုံပေါင်းများစွာဖြင့်၊ စားချင့်စဖွယ်ပြင်ဆင်ထားသော ထမင်းစားပွဲကြီးကိုကြည့်ကာ နှုတ်ခမ်းပါးကလေးများကိုပင် မသိမသာ ပြင်မိနေရာခိုက်တွင်၊ ဂျရင်ခနဲ အိမ်ရှေ့တံခါးကြီးမှ ခေါင်းလောင်း မြည်သံကို ကြားလိုက်ရသောကြောင့် ထမင်းစားခန်းကြီးအထဲမှ ပြေးထွက်သွားရပြန်ကာ၊ တံခါးမကြီးကို ဖွင့်ပေးလိုက်ရပြန်လေ၏။

ဖွင့်ပေးပြီးနောက် ဝင်လာသူ၏ လက်တွင်ပါလာသော ပစ္စည်းတစ်ခုခုကို ထုံးစံအတိုင်း ဆီးကြို၍ယူရန် ဟန်ပြင်ရင်းကြည့်လိုက်ရာ အလုံမှာ အတော်ပင် အလှအပကြိုက်ဟန်တူသော အသက် ၁၈ နှစ်အရွယ် မိန်းမပျိုတစ်ဦးနှင့် ရင်ဆိုင်လျက်သား ဖြစ်နေရသည်သာမက၊ အဆမတန် နှုတ်ခမ်းနီပါးနီဆိုးကာ၊ ခေါင်းပေါ်မှာလည်း နဖူးရှေ့သို့ တစ်မိုက်ခန့် စွန်းထွက်နေသော အမောက်ဆန်းကြီးကို လုပ်ထားသည်ကိုပါ မြင်ရသောကြောင့် လှချင်လွန်းရှာသော ထိုမိန်းမပျိုအား ကြောင်၍ကြည့်နေမိပြန်လေ၏။

"ဟော့ ... အနှင်း"

"ဟော ... ကိုကိုလတ်"

ဝမ်းသာအားရခေါ်သံနှစ်ခုကို ကြားလိုက်ရပြီးနောက် အမောက်ဆန်းနှင့်မိန်းမပျိုသည် အိမ်ပေါ်ထပ်မှ ပြေးဆင်းလာသူ ကိုကိုလတ်ရှိရာသို့ ပြေးကပ်သွားလေရာ ...၊ ကိုကိုလတ်ကလည်း ထိုမိန်းမပျို၏ပခုံးကို အသာအယာ ဆီးပွေ့လိုက်ရာက ...

"ကြည့်စမ်း ... အနှင်းတစ်ယောက် ဝနေလိုက်တာ" ဟု ပြုံးပြုံးကြီးပြောလိုက်သည်၌ အနှင်းဆိုသူ မိန်းမပျိုက "ကိုလတ်လည်း ဝလာတာပဲ...၊

mgyoe.com

mgyoe.com


အသား အရင်ကထက်တောင် ဖြူလာသေးတယ်၊ ကဲ ... ဆိုစမ်း ... ဘယ်မလဲ ကိုလတ်ခေါ်လာတဲ့ အမေရိကန်မကလေး" ဟု ပြောင်စပ်စပ်လုပ်၍ မေးလိုက်ရာ ကိုကိုလတ်က အားပါးတရရယ်လိုက်ရင်း "ဟောဒီမှာ ကိုလတ်ခေါ်လာတဲ့ အမေရိကန် လေထိမခံတဲ့ လန်ဒန်သူကလေး ..." ဟု ပြောပြောဆိုဆို အနှင်း၏ မေးစေ့ကလေးကို ကိုင်လိုက်သဖြင့် အနှင်းလည်း စူအောင့်အောင့်ကလေးလုပ်ကာ "တော်စမ်းပါ၊ ကိုလတ်လူညာကြီး အမေရိကန်မှာ သုံးလတည်းကြာမယ်ဆိုပြီးတော့ အခု တစ်နှစ်တောင်ကျော်သေးတယ်၊ ကြာလိုက်တာ၊ ပြီးတော့လည်း ပြန်လာမှာကို ကြိုတင်ပြီး သံကြိုးမပေးဘူး၊ ဟုတ်လား၊ ဟင်း ... ကိုလတ်၊ ကျောပြင်ကြီး ဖြောင်းတီးလိုက်ချင်တယ်" ဟု မကျေမချမ်း နွဲ့ဆိုးဆိုးကာ မူမူယူယူပြောရင်း တပြုံးပြုံးနှင့် ကျေနပ်စွာတွဲခေါ်သွားသူ ကိုကိုလတ်နှင့်အတူ ဧည့်ခန်းထဲသို့ လိုက်သွားလေ၏။

အလုံလည်း မိမိအား ဖုတ်လေသည့်ငါးပိ ရှိလေသည်မှမသိကြဘဲ၊ လွတ်လပ်စွာ ပြောဆိုပြုမူနေကြသော သူနှစ်ယောက်ထွက်သွားကာမှ တံခါးကိုပိတ်ကာ ထမင်းစားခန်းထဲသို့ ပြန်ဝင်လာခဲ့လေ၏။

"ဘယ်သူလဲကွဲ့"

ထမင်းစားပွဲတွင် လိုလေသေးမရှိစေရအောင်လိုက်၍ ကြည့်နေသူ ဒေါ်စုက ဆီး၍မေးလိုက်ရာ၊ အလုံက "အနှင်းဆိုတဲ့ အပျိုလေးပဲ ဒေါ်စုရဲ့၊ အဲဒီဟာလေးက ကိုကိုလတ်ကို တစ်ခါတည်းပြေးဖက်တယ်၊ ဘာတော်လို့လဲ ဟင် ..." ဟု ဖြေဖြေမေးမေး သိချင်ဇောနှင့် မေးလိုက်ရာ၊ ဒေါ်စုလည်း ပါးစပ်ကိုတစ်ချက်ရွဲ့၍ မျက်နှာကိုမဲ့လိုက်ရာက၊ "အဲဒီ မဟုတ္တကလေးပေါ့ အေ၊ ခင်နှင်းလွင်ဆိုတာ တို့နေတဲ့ခြံနဲ့ ... မျက်စောင်းထိုးက နံပါတ် ၁၀ ခြံက ပင်စင်ရ စက်ရှင်မင်းကြီးသမီးအေ့၊ တို့ကိုကိုလတ်ကို သိပ်ပြီးကြိုက်နေတဲ့ကောင်မလေးပေါ့ ...၊ ကိုလတ်ကြီးကတော့ ဒါလောက် မဟုတ်ပါဘူး ...၊ သူကကို ကဲနေတာ"ဟု အမြင်ကတ်ဟန်နှင့် ပြောလိုက်သဖြင့်၊ အလုံမှာလည်း မိမိနှင့်မဆိုင်သောကိစ္စ ဖြစ်သောကြောင့်၊ ဘာမျှမပြောဘဲ လုပ်စရာရှိသည်တို့ကို ကူညီကာလုပ်၍ နေလိုက်လေ၏။

ခဏကြာလျှင်ပင် အလုံပြန်၍ စေ့ထားသော ထမင်းစားခန်းဝလျှောတံခါးမှာ လျှောခနဲပွင့်သွားပြီးနောက်၊ တစ်စုံတစ်ယောက်ဝင်လာသံကို

mgyoe.com

mgyoe.com


ကြားရသဖြင့်၊ အလုံလည်း ဖန်ခွက်များတွင် လက်သုတ်ပဝါများကို ကတော့ လုပ်၍ စိုက်နေရာက လှမ်းကြည့်လိုက်သည်၌ ဝင်လာသူမှာ ကိုကိုလတ် ကိုယ်တိုင် ဖြစ်နေသောကြောင့် အကဲကိုသာ ကြည့်နေလိုက်ရာ၊ ကိုကိုလတ်က "ရေတစ်ခွက်ပေးစမ်းပါ" ဟု တောင်းလိုက်သဖြင့် အလုံလည်း နံရံကပ် စားပွဲဖြူကလေးပေါ်၌ အဆင်သင့်ရှိနေသော ဖန်ရေချိုင့်ကြီးမှ ရေတစ်ခွက်ကို ထည့်ကာ ကိုကိုလတ်ဆီသို့ အရောက်လာ၍ ပေးရလေ၏။

ကိုကိုလတ်သည် ရေသောက်ရင်း ဖန်ခွက်နှုတ်ခမ်းပေါ်မှကျော်၍ နုနယ်ချောမောသော အလုံ၏ရုပ်ရည်ကို အသေအချာကြည့်နေရာက၊ ရေသောက်အပြီးတွင် "မင်းလားကွဲ့၊ ဒီနေ့မှ တို့အိမ်ကိုလာပြီး အလုပ်ဝင်တဲ့ လူသစ်အလုံဆိုတာ" ဟု မေးလိုက်ရာ၊ အလုံက "ဟုတ်ကဲ့ရှင့်" ဟု ဖြေလိုက် သည်၌ ကိုကိုလတ်လည်း သူ့ "ရှင့်" ကလေးမှာ တမင်တကာ ယဉ်ကျေး ဖွယ်ရာအောင် အားစိုက်၍ထည့်ပြောလိုက်ရသော "ရှင့်" ကလေးမှန်း အကဲ ခတ်လိုက်မိသဖြင့် မိမိအား အဖြေပေးနေရသည်ကိုပင် မဝံ့တဝံ့ဖြင့် ရှုံ့ဟန် ပေါ်လွင်နေသူ အလုံအားဖော်ရွေစွာ ပြုံး၍ကြည့်ကာ ပြီးမှ ထမင်းစားပွဲဆီသို့ တစ်ချက်မျက်လုံးကစားလိုက်ပြီး "ထမင်းအဆင်သင့် ပြင်ပြီးပြီနော်" ဟု မေးလိုက်ပြန်လေ၏။

အလုံလည်း ကိုကိုလတ်ချလိုက်သော ရေသောက်ပြီးဖန်ခွက်ကို ကောက်၍ယူလိုက်ရာက "ဟုတ်ကဲ့ အဆင်သင့်ပြင်ပြီးပါပြီရှင်" ဟု ပြောလိုက် ရလေ၏။ ဤတွင် ကိုကိုလတ်သည် ရောက်စဖြစ်နေ၍ အိမ်ကြီး၏ အရှိန် အဝါ၊ အိမ်သူအိမ်သားတို့၏ ဂုဏ်သိက္ခာကို မခံမရပ်နိုင်ရှာဘဲ မနေတတ် မထိုင်တတ်ဖြစ်နေသူ အလုံအား ရဲတင်းဖျတ်လတ်စေရန်စိတ်ကူးဖြင့် "ကိုင်း ဒါဖြင့် မေမေ့သွားပြောလေ ... ထမင်းပြင်ပြီးပြီလို့ ..." တမင်ခိုင်းလိုက်ရာ၊ အလုံမှာ မျက်လုံးကလေးပြူးကြောင်ကြောင်နှင့် "ဒေါ်စုသွားပြောမယ်လို့ ပြောထားပါတယ်ရှင် ..." ဟု တစ်ဖက်သို့ တာဝန်လွှဲချလိုက်သဖြင့် ကိုကိုလတ်လည်း မီးဖိုဆောင်သို့ဆင်းသွားသူ ဒေါ်စုအား လှမ်းကြည့်လိုက် ပြီး၊ "ဒေါ်စုက အချိုပွဲတွေအတွက် အလုပ်များနေတယ်ကွဲ့၊ အလုံပဲ ပြော ချေပါ" ဟု ဇွတ်ခိုင်းလိုက်ရာ၊ အလုံမှာ မနေသာ မကွယ်သာတတ်တော့ပဲ၊ "ကျွန်မ ဘယ်လိုပြောရမှန်းမသိဘူးရှင့်၊ ညည့်သည်တွေရှေ့မှာ ပြောတာရိုင်း

mgyoe.com

mgyoe.com


လို့ မေမေကြီးစိတ်ဆိုးမှာကြောက်တယ်" ဟု တုန်တုန်ရီရီနှင့်ဖွင့်၍ ဝန်ခံရှာလေ၏။

အရိုးခံသက်သက် ရှက်သလိုကြောက်သလို ရင်ကလေးဖိုမလိုဖြစ်နေရှာသော ဆင်းရဲသူကလေး အလုံအား ကိုကိုလတ်မှာ သနားလည်းသနား၊ အားမလို အားမရလည်းရှိသောကြောင့်၊ "ဘာကြောက်ရမလဲ အလုံရဲ့၊ မေမေကြီးက မင်းကိုကိုက်စားမှာလား၊ (ထမင်းပြင်ပြီးပါပြီ ... မေမေကြီးရှင့်) လို့ ပြောလိုက်ရင် ပြီးတာကပဲ" နှောင်အစဉ်တစိုက်ပွဲတိုးဖူးသွားအောင် တိုက်တိုက်တွန်းတွန်း ဇွတ်ခိုင်းလိုက်သည်တွင်မှ အလုံလည်း "ထမင်းပြင်ပြီးပါပြီ ... မေမေကြီးရှင့်" ဟု တိုးတိုးကလေးသူ့ဘာသာသူ ရွတ်ဆိုကြည့်လိုက်ပြီးလျှင် ကိုကိုလတ်၏မျက်နှာကို စူးစမ်းသောမျက်လုံးကြီးများဖြင့် မော်ကြည့်ကာ၊ ခပ်အမ်းအမ်းကလေးဖြစ်နေလေရာ၊ ကိုကိုလတ်လည်း အားပေးသောအမူအရာဖြင့်၊ "အေး၊ ဒါကလေးပြောရတာပဲ၊ ခက်ခက်ခဲခဲလိုက်လို့၊ လာ ... မေမေ့ကို ပြောလှည့်" ဟုခေါ်ရင်း လျှောတံခါးမှ ထွက်လိုက်လေ၏။ အလုံလည်းကြောင်တက်တက်၊ ရှက်ရွံ့ရွံ့ကလေးနှင့် ကိုကိုလတ်၏အမိန့်အတိုင်း လိုက်၍လာရရှာလေရာ၊ ကိုကိုလတ်သည် အလုံနောက်မှလိုက်လာ၊ မလာကို ပြန်၍ကြည့်လိုက်သည်၌ ရုတ်တရက်ပြုံးသွားပြီး မျက်လုံးများမှာ အလုံ၏လက်များပေါ်၌ စိုက်၍ကြည့်နေကြလေ၏။

ဤတွင်မှ အလုံလည်း သူ့လက်ကိုသူပြန်၍ ငုံ့ကြည့်လိုက်ရာ၊ ကိုကိုလတ် သောက်လက်စရေဖန်ခွက်ကို ချမထားမိခဲ့ဘဲ လက်တွင်မေ့မေ့လျော့လျော့နှင့် ကိုင်လာမိသည်ကို သတိမထားမိသဖြင့်၊ ရှက်ကိုးရှက်ကန်းနှင့် စားပွဲသို့ပြန်၍ ဖန်ခွက်ကိုထားခဲ့ပြီးမှ ထမင်းစားခန်းမှထွက်ကာ ဧည့်ခန်းဝဆီသို့ တုန်တုန်ရီရီနှင့်လျှောက်သွားလေ၏။

ကိုကိုလတ်လည်း အလုံ၏အကဲကိုကြည့်ကာ နောက်မှလိုက်လာပြီးနောက်၊ ဧည့်ခန်းနားသို့နီးကာမှ အလုံကိုဖြတ်ကျော်၍တက်ကာ ဧည့်ခန်းထဲသို့ ဝင်သွားနှင့်ရာ အလုံမှာကိုကိုလတ်ခွာသွားသောအခါတွင် အလိုလိုနေရင်း အားကိုးရာမဲ့သွားသလို အားငယ်စိတ်ငယ်ကြီး ဖြစ်သွားရတော့လျက်၊ ဧည့်ခန်းဝ၌ရပ်ကာ ဧည့်ခန်းတွင်းဆူညံစွာစကားပြောနေကြသော ဝတ်ကောင်းစားလှ၊ စိန်ရွှေရတနာတွေ တဝင်းဝင်းနှင့် မျက်နှာကြီးလူစုကို ငေး

mgyoe.com

mgyoe.com


ကြောင်၍ နေမိရှာလေ၏။

ကိုကိုလတ်သည် မိခင်ကြီးအနီးသို့ရောက်အောင်၊ လျှောက်သွားပြီး နောက်၊ ဧည့်သည်များက ဝိုင်းဝန်းမေးကြသော မေးခွန်းများကို ပြုံးကာ ရယ်ကာ ဖြေဆိုပြီးနောက်၊ ဧည့်ခန်းဝ၌ ကျောက်ရုပ်ကြီးလို ခပ်ငိုင်ငိုင်ရပ်နေရှာ သော အလုံဆီသို့လှမ်းကြည့်ပြီး၊ ခေါင်းတစ်ချက်ဆတ်ပြလိုက်ရာ၊ အလုံခမျာ လည်း ကိုယ်ကလေးကိုယို့၍ "ထမင်းပြင်ပြီးပါပြီ မမကြီးရှင့်" ဟု အတင်း ဖျစ်ညှစ်၍ မျက်နှာမထားတတ်ဘဲ၊ ပြောလိုက်ရရှာလေ၏။ သို့တိုင်အောင် ဧည့်သည်တစ်စုမှာ၊ တဟားဟား ရယ်မောပြောဆိုနေကြသည်သာမက၊ အလုံကိုယ်တိုင်ပြောလိုက်သော အသံမှာလည်း အလိုလိုနေရင်း တိမ်ဝင်ကာ၊ ညင်းညင်းသာသာကလေးမျှသာရှိလျက်၊ နှုတ်အတတ ဖြစ်နေသောကြောင့်၊ မည်သူမျှ မကြားလိုက်ဘဲ၊ ရှိနေလေ၏။

မိမိပြောသံကို မကြားဘဲ၊ ရယ်မောပြောဆိုနေသူ ... ဧည့်သည်များ နှင့်သာ ဒေါ်သိန်းနွဲ့စကားလက်ဆုံကျနေသည်ကို အလုံမြင်ရလေရာ၊ အသံ ကို အတင်းဖျစ်ညှစ်၍ နောက်တစ်ကြိမ်ထပ်ကာ "ထမင်းပြင်ပြီးပါပြီ မမမေ ကြီးရှင့်" ဟု မနည်းကြီးကြိုးစား၍ ... ပြောလိုက်ပြန်လေ၏။ သို့သော်လည်း ဤအကြိမ်တွင် စကားသံမှာ ပို၍တိုးနေပြီးလျှင် အလုံမှာ မကြဲတတ် မစည် တတ်နှင့် အယောင်ယောင်အမှားမှားသာ တံတွေးကိုမျိုလျက် ရှက်သွေးကြွ ကာ ငိုချလိုက်တော့မလိုဖြစ်သောကြောင့်၊ ထိုအမူအရာများကို မြင်နေသူ ကိုကိုလတ်လည်း အရိုးခံမလေးအခြောက်တိုက် ဒုက္ခရောက်နေသည်ကို သနားလာမိကာ "ကဲ ... မေမေ ... ထမင်းပြင်ပြီးပြီထင်ပဲ့" ဟု သူ့မိခင်၏ အနားသို့ ကပ်ပြောလိုက်သည်၌ ဒေါ်သိန်းနွဲ့လည်း ဤတွင်မှ ဧည့်ခန်းဝသို့ မျက်နှာမူလာရာ၊ အလုံမှာ တတိယအကြိမ်အားဖြင့် "ထမင်းပြင်ပြီးပါပြီ မေမေကြီးရှင့်" ဟု ဆာစ်တော့မလို၊ ငေါ့တော့မလို တုံ့နှေး၊ တုံ့နှေးနှင့် ပြော လိုက်ရပြန်ရှာလေ၏။

ဒေါ်သိန်းနွဲ့လည်း အလုံတစ်ယောက် မျက်နှာအပျက်ပျက်နှင့် ရှက် ကြောက်နေပုံကို ချက်ချင်းသိကာ၊ "စကားပြောလို့လည်း ကောင်းကြပါရဲ့၊ ထမင်းစားကြဖို့ ကြွကြပါလားရှင်" ဟု ဧည့်သည်များကို ဖိတ်မန္တကပြုကာ ထလိုက်ရာ၊ အားလုံးထ၍ လက်စမသတ်သေးသော စကားများကို လျှောက်

mgyoe.com

mgyoe.com


လာရင်း ပြောကြကာ၊ ထမင်းစားခန်းကြီးအတွင်းသို့ ဝင်သွားကြလေ၏။ နောက်ဆုံးက လိုက်၍လာသူ ကိုကိုလတ်သည် တံခါးရွက်တွင်ကပ်၍ လမ်းဖယ်ပေးနေသူ အလုံအား ကြင်နာစွာပြုံး၍ကြည့်ရင်း အလုံပြောပုံဟုတ်သည်ဟူသော သဘောဖြင့် ကြောက်တတ်သောကလေး အကြောက်ပြေစတွင် ထပ်၍အားပေးလိုက်သလို ခေါင်းညိတ်ပြသွားလေရာ အလုံခမျာမှာ မိမိအား ကြင်နာစွာကူညီသော ကိုကိုလတ်အား ကျေးဇူးအတင်ကြီးတင်လျက် ကြည်ညိုမြတ်နိုးစိတ်များ ပွားမိကာ ကိုကိုလတ်၏ နောက်ကကပ်၍ လိုက်သွားရှာလေ၏။

❋❋❋

"မဖြစ်နိုင်ဘူးခင်ဗျာ ... ကိုယ်စားလှယ်ကြီးပြောတာဟာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ ကျွန်တော်တို့အဖို့မှာဆိုရင် ဒီစက်ကြီးဟာ အသက်သွေးခဲထက် မြတ်နိုးအပ်တဲ့ ပစ္စည်းရတနာကြီးမို့၊ တကယ်လို့ ကိုယ်စားလှယ်ကြီးကပဲ တတ်နိုင်လို့စက်ကြီးကို ငွေနဲ့စက်ပြီးဝယ်ပါ့မယ်ဆိုရင်တောင် မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ခုလိုစုံစမ်းတဲ့စကားကြားရတာတောင် ကျွန်တော်ဖြင့် ဘွင်းဘွင်းပြောရမယ်ဆိုရင်၊ အလုပ်လုပ်ဖက်ဆက်သွယ်လက်စ မိတ်ဆွေရင်းကြီးမို့သာ အတော်သည်းခံပြီး နားထောင်နေရတယ်၊ ရင်ကတော့ အတော်ပဲ အောင့်မိပေသပေါ့ခင်ဗျာ ... ဟဲ ... ဟဲ"

ထမင်းစားသောက်ပြီးစီးကြ၍ မိန်းမသားများ ဧည့်ခန်းသို့ ပြန်ထွက်သွားကြပြီဖြစ်သဖြင့်၊ ထမင်းစားခန်းကြီးတွင် ယောကျ်ားများချည်းသာ ကျန်ရစ်ကြသည်တွင် ဘုံဘောဘားမားသစ်သူဌေး၏ ကိုယ်စားလှယ်ကြီးက "ဘယ့်နှယ်တုံး သူဌေးကြီးရဲ့စက်ကို စက်ရော၊ အဆောက်အဦမြေကွက်ရော၊ လုပ်ငန်းဥသသုံ့နဲ့ လိုင်စင်ရထားတဲ့ သစ်ကွက်တွေပါ အပြီးအပြတ်ရနိုင်မယ်ဆိုရင်၊ ကျွန်တော်တို့ကုမ္ပဏီက ငွေဆယ်သိန်းနဲ့ဝယ်ချင်လို့၊ ကျွန်တော်တော့ အခုလာခဲ့ရတာပဲ" ဟု စကားစလိုက်သည်နှင့်တစ်ပြိုင်နက် ဦးရွှေဖံအောင်သည် ဖြည်းလေးစွာ ခေါင်းကြီးကိုခါယမ်းရင်း မျက်နှာထားမပျက်စေရန် ခပ်ပြုံးပြုံးလုပ်ထားရာက ပြောလိုက်ခြင်းဖြစ်လေ၏။

"ဆယ်သိန်းဆိုတဲ့ငွေဟာလည်း နည်းတဲ့ငွေမဟုတ်ပေဘူး သူဌေးကြီး

mgyoe.com

mgyoe.com


ရဲ့၊ ဒီလိုငွေတစ်လုံးတစ်ခဲကြီး စုလိုက်–ပုံလိုက်ရလိုက်ပြီဆိုရင် သူဌေးကြီးလည်း သားသမီးတွေအတွက် စိတ်ချလက်ချနဲ့ အငြိမ်းစားယူပြီး ကုသိုလ်ကောင်းမှုပွားများပြီးတော့ အေးအေးလူလူ နေနိုင်တာပေါ့"

ကိုယ်စားလှယ်ကြီးက ဤသို့ထပ်၍ဆင့်လိုက်သည်တွင် ဦးရွှေဖံအောင်မှာ တစ်စုံတစ်ခုကို အတော်သဘောကျသွားဟန်ဖြင့် သုံးလေးချက်ဆက်၍ လေးလေးကြီးရယ်လိုက်လေ၏။ ထို့နောက်မှ လက်ယာဘက် တစ်ယောက်ကျော်နေရာ၌ ထိုင်နေသူ ကိုကိုလတ်အား "ကဲ ... ငါ့သား ကိုကိုလတ်ကပဲ ဒီကိုယ်စားလှယ်ကြီးကို အကြောင်းစုံပြောပြလိုက်ပါတော့ကွယ်" ဟု သားလတ်ကို တပြုံးပြုံးနှင့် ဂုဏ်ယူသလိုကြည့်ကာ တာဝန်လွှဲပေးလိုက်ရာ၊ ကိုကိုလတ်လည်း ဘာမှချက်ချင်း ပြန်၍မပြောသေးဘဲ ထိုင်ရာမှထကာ ထမင်းစားခန်းကြီး၏ မှန်ပြတင်းတွင် တပ်ဆင်ထားသော ခန်းဆီးကို ဆွဲသို့ဖယ်လိုက်ပြီးနောက် ငွေချိတ်တွင် တင်ချိတ်ထားလိုက်လေ၏။ ပြီးမှ "ဦး ... တစ်ဆိတ်လောက် မြို့ဘက်ကိုလှမ်းကြည့်စမ်းပါ ခင်ဗျား" ဟု ထမင်းစားပွဲဆီသို့ ပြန်၍ကပ်လာပြီးလျှင် ပြန်မထိုင်သေးဘဲ၊ မတ်တတ်ကပင်ပြောလိုက်ရာ ကိုယ်စားလှယ်ကြီးလည်း တိုးလျှိုမြင်နေရသော မှန်ပြတင်းမှ မျှော်၍ကြည့်လိုက်သည်၌ တောင်ထိပ်တွင်ဆောက်ထားသော အိမ်ဖြစ်သည်နှင့် အညီ ပြည်မြို့တစ်ခုလုံးကို သာစပြုနေသော လရောင်၏အောက်၌ ပြားပြားဝပ်လျက် မြင်ရလေ၏။

"ဟော ... ဟိုမှာ မီးသုံးလုံး သုံးပွင့်ဆိုင် လင်းနေတာကို ဦးမြင်ပါရဲ့လားခင်ဗျာ"

ကိုကိုလတ်က ခပ်ပြုံးပြုံးမေးလိုက်ပြန်ရာ ကိုယ်စားလှယ်ကြီးလည်း ဤတွင်မှ ပြည်မြို့၏ ဟိုဘက်အစွန်းဆီတွင် မီးသုံးလုံးကို သုံးပွင့်ဆိုင်တြိဂံပုံထွန်းထားသည်ကို သတိထားမိသောကြောင့် "မြင်ပါတယ် မောင်ကိုကိုလတ်ရဲ့၊ ဘယ်ဘုရားကမီးလဲသာ မသိတယ်၊ ရွှေပလ္လင်မော်ဘုရားကလည်း မဟုတ်တန်ပါဘူး" ဟု ကိုယ့်အတွေးနှင့်ကိုယ် ဖြေလိုက်သည်၌ ကိုကိုလတ်မှာ ပြုံးသည်ထက် ပို၍ပြုံးလာရင်း "အဲဒါ ဘုရားမီးမဟုတ်ဘူးခင်ဗျာ၊ အဲဒီမီးဟာ ကျွန်တော်တို့မိသားတစ်စုလုံးရဲ့ အသက်သွေးခဲလောက်မြတ်နိုးကြတဲ့ သစ်စက်ကြီးပေါ်မှာ တမင်္ဂလာ ဟောဒီအိမ်ကနေပြီး လှမ်းမြင်နိုင်အောင်

mgyoe.com

mgyoe.com


ထွန်းထားတဲ့ မီးပါပဲ” ဟု ပြောလိုက်လေ၏။

ဤတွင်မှ ကိုယ်စားလှယ်ကြီးလည်း “သြော် … ဟုတ်လား” ဟု အံ့အားသင့်စွာ ဆိုလိုက်လေ၏။

“အဲဒီ မီးတွေထွန်းထားတဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့စက်ကြီးဟာ ချောချောမောမော အထစ်အငေါ့မရှိ လည်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ခင်ဗျာ၊ စက်မှာ အရေးကြီးတာ တစ်ခုခုဖြစ်လို့ရှိရင် အဲဒီမီးသုံးလုံး သုံးပွင့်ဆိုင်ကို ဖွင့်လိုက်မှိတ်လိုက် လုပ်ပြရပါတယ်။ ဒီလိုပြတယ်ဆိုရင် ကျွန်တော်တို့စက်ကို တစ်ခါတည်းဆင်းသွားပြီး ကြည့်ကြရပါတယ်။ အဲဒီအထိ ကျွန်တော်တို့စက်ကြီးဟာ နေ့ရော၊ ညရော မျက်စိအောက်က အပျောက်မခံဘဲနဲ့ အမြဲအရိပ်တကြည့်ကြည့် ကြည့်နေကြတဲ့ စက်ကြီးပေါ့ခင်ဗျာ”

ကိုယ်စားလှယ်ကြီးလည်း တပြုံးပြုံးနှင့် တိတိရိရိပြောနေသူ ကိုကိုလတ်၏စကားကို နားစိုက်၍ထောင်နေလေ၏။

“ဘာပြုလို့ ဒီလောက်အထိ စက်ကြီးကို ကျွန်တော်တို့ ခင်မင်မြတ်နိုးနေကြရပါသလဲဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံကို အင်္ဂလိပ်သိမ်းထားတာဟာ၊ ဦးအခု အလုပ်လုပ်နေတဲ့ ဘုံဘေဘားမားသစ်ကုမ္ပဏီက သစ်လုံးရေသုံးသိန်းကျော်ထုတ်ယူရာမှာ မြန်မာဘုရင်က ဒဏ်ငွေရှစ်သောင်းရိုက်တဲ့ကိစ္စကြောင့်ပဲမဟုတ်လား ဦးရဲ့ …။ သစ် … သစ် အထူးသဖြင့် ကျွန်းသစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကို အမျိုးမျိုးပြုပြင်ပြောင်းလဲပေးခဲ့တယ်။ ပြီးတော့ တစ်ခါ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ဆန်စပါးလုပ်ငန်းကြီးတွေကလွဲပြီး သစ်လုပ်ငန်းဟာ အကြီးကျယ်ဆုံး သယံဇာတ စီးပွားရေးအရင်းအမြစ်ကြီး ဖြစ်နေပါတယ်။ ဒီလို မြန်မာ့မြေပဒေသာကြီးက ပေါ်ထွက်နေတဲ့ ယောဒီသစ်တောကြီးတွေဟာ မြန်မာတွေဘယ်လိုမှ ဟုတ်ဟုတ်–ဟုဟ အကျိုးခံစားခွင့်မရကြဘူး ဆိုတာတွေတော့ ဦးလည်း သိပြီးမို့ မပြောတော့ပါဘူးခင်ဗျာဟုတ်လား … အထူးသဖြင့် ကျွန်တော် ပြောချင်တာကတော့ …”

ကိုကိုလတ်သည် မီးသုံးပွင့်ဆိုင်ဆီသို့ ငေးမျှော်၍ကြည့်ကာ စကားကို လေးနက်စေလိုသော သဘောဖြင့် ခေတ္တရပ်တန့်ထားလိုက်လေ၏။ ကိုကိုလတ် စကားစတင်၍ ပြောဆိုနေကတည်းကပင်၊ စီးကရက်တစ်ဖက်၊ ဆေးပြင်းလိပ်တစ်ဖက်ပါသော ငွေဆေးလိပ်အစ်ကလေးကို အဖုံးဖွင့်လျက်

mgyoe.com

mgyoe.com


လိုက်လံကမ်းလှမ်းနေရသူအလုံမှာ စားပွဲကြီးကို ပတ်လည်လှည့်ရင်း ကိုကိုလတ်၏ စကားများကို မသိမသာ နားစွင့်၍ထောင်နေမိရှာလေ၏။

"ဒီသစ်စက်ကြီးကို ကျွန်တော်တို့ဖေဖေဟာ ဟိုး … လူပျိုပေါက်အရွယ် ဖောင်သမားဘဝကနေပြီးတော့ ဖောင်စီးရင်း နွေလယ်အိပ်မက် မက်ပြီး "တစ်နေ့ကျရင် ငါ့အခုစီးစီးပြီး လိုက်နေတဲ့ အဖိုးတန်ကျွန်းသစ်မျိုးတွေကိုခွဲပြီး ပထမတန်းသစ်အဖြစ်နဲ့ နိုင်ငံခြားကို ပို့ရောင်းမယ်" လို့ စိတ်ကူးဖဲရိုက်ခဲ့ရရှာတယ်။ နောက်တစ်ခါ ဖောင်ပျက်ပြီး သေကံမရောက် သက်မပျောက်နဲ့၊ ဟောဒီ နဝင်းဂျာမန်သစ်စက်ကလေးထဲမှာ ကူလီက ဂန်ဒယ်၊ ဂန်ဒယ်က–ဂန်ဒယ်ကြီး၊ ဂန်ဒယ်ကြီးက–သစ်အဝင်အထွက် စာရင်းကိုင်၊ စသည်အားဖြင့် ရသမျှပိုက်ဆံကလေးကို မစားရက်၊ မသောက်ရက် ကိုယ့်ဝမ်းကိုယ်တောင် မသဒ္ဓါဘဲ၊ ယုတ်စွအဆုံးပြောရမယ်ဆိုရင် ဦးရယ် … ဖေဖေဟာ ထမင်းတစ်နပ်တည်းစားတဲ့နေ့များမှာ စားပြီးတော့ စုဆောင်းပြီး ဖေဖေ့ချွေးနဲ့ ကိုယ်ကာယ အသက်သွေးခဲနဲ့ နေ့မအိပ်ညမအိပ် ရင်းနှီး စရနယ်ပြီး ထူထောင်လာခဲ့တာဟာ နှစ်ပေါင်းလေးဆယ်ကျော်ကာလကြီးကြာမှ ခုအခြေကိုရောက်လာခဲ့ပါတယ်။ ဒီတော့ကာ ကျွန်တော်တို့အဖို့မှာဆိုရင် ဒီသစ်စက်ကြီးကို ဘွိုင်လာတွေ၊ အင်ဂျင်တွေ၊ ဘယ်လတင်ကြိုးတွေ၊ လွှပိုင်းတွေအနေနဲ့ မမြင်ဘဲနဲ့ ဖေဖေရဲ့အသွေးအသား၊ ဖေဖေရဲ့ ချွေးသီးချွေးပေါက်တွေလို့သာ ကျွန်တော်တို့ထင်မြင်နေကြပါတယ် ခင်ဗျာ …"

ဥပမာ – ဥပမေယျများနှင့် ဝေဝေဆာဆာပြောနေသူ ကိုကိုလတ်အား ကိုယ်စားလှယ်ကြီးမှာ ပြုံး၍သာ နားထောင်နေရလေ၏။ ဦးရွှေဖဲအောင်၏ အဖို့တွင်ကား သားဖြစ်သူ၏ ချက်ကျ၊ လက်ကျ ပိုင်ပိုင်နိုင်နိုင် ပြောနေပုံကို သဘောအတွေ့ကြီးတွေ့ကာ ကိုယ်စားလှယ်ကြီး၏ ချိုးကျူးရိပ် လွှမ်းမိုးနေသော မျက်နှာကြီးကို တစ်ချက်ကြည့်ရင်း ပီတိလုံးဆို့နေလေ၏။ စားပွဲတစ်ဖက် ဗီရိုထောင့်တွင် အလိုရှိက အသင့်ရှိရန်ရပ်၍ စောင့်နေရင်း ဘေးမှ နားထောင်နေရသူအလုံမှာမူ ကိုကိုလတ်၏အသံသြဇာပြည့်ဝလှသော အသံကို နားထောင်ရုံမျှနှင့် အားရသလို မျက်နှာကိုလည်း တစ်ချက်တစ်ချက်တွင် ကွက်ခနဲကွက်ခနဲ မသိမသာ ခိုး၍ ကြည့်နေမိရှာလေ၏။

"ဖေဖေ့ကြိုးပမ်းမှုသက်သက်ဖြစ်တဲ့ ဒီစက်ကြီးကို ကျွန်တော်တို့

mgyoe.com

mgyoe.com


ဘယ်မှာရောင်းရက်ပါ့မလဲ ဦးရယ် ...၊ ပြီးတော့လည်း ကျွန်တော်တို့ မြန်မာလူမျိုးမှာ နှစ် ၁၀၀ မပြောနဲ့၊ အနှစ်အစိတ်လောက်ကလေးကြာအောင် ခိုင်မြဲတည်တံ့တဲ့ လုပ်ငန်းရယ်လို့ ပြစရာရှာမှရှားတာကိုလည်း ကိုယ်စားလှယ်ကြီးသိပြီးသားပါပဲ။ ကျွန်တော်တို့ ပြည်မြို့မှာဆိုရင် စစ်ရှေ့ခေတ်က ရိုးတိုက်နဲ့အပြိုင်ဖွင့်တဲ့ မြန်မာဆိုင်ကြီးတွေ ရှိခဲ့ဖူးတယ်။ ဟော ... အခု နှစ် ၅၀ မပြည့်သေးဘူး၊ တစ်ဆိုင်မှမရှိတော့ဘူး။ မြန်မာတွေဟာ ကြီးပွားတဲ့ဒဏ်ကိုမခံနိုင်ဘူးလို့ လူမျိုးခြားတွေက စကားတင်းဆိုကြတယ်၊ ဆိုလည်း ဆိုစရာဖြစ်တာကိုး။ ဒါကြောင့် ကျွန်တော်တို့အဖို့မှာ ဟောဒီ အဖေအသက်နဲ့ရင်းနှီးပြီး ထူထောင်ပြုစုလာခဲ့ရတဲ့စက်ကြီးကို ရောင်းပစ်ဖို့ဝေးစွ၊ အင်္ဂလိပ်များဥပဒေပြုကြတဲ့ နေရာမှာသုံးတဲ့ စကားလုံးတစ်လုံးလို "အချိန်ကာလကြီးအဆုံးအထိ" အဲ–ကမ္ဘာပျက်သည့် အထိပေါ့ခင်ဗျာ၊ အဲဒီအထိ သားစဉ်မြေးဆက် မြစ်ညွှန့်အစဉ်တစိုက် ဆက်လက်လုပ်ကိုင်သွားပြီး ဇမ္ဗူ ဂုဏ်ကျက်သရေကိုဆောင်တဲ့ လုပ်ငန်းကြီးတစ်ခုအဖြစ် တည်တံ့အောင်အစွမ်းကုန်ကြိုးစားကြမှာပါပဲခင်ဗျာ။ ဒီလို ကြိုးစားမှုလည်း ကျွန်တော်တို့ဟာ ဒီနိုင်ငံမှာဖွား၊ ဒီနိုင်ငံကထွက်တဲ့ အသီးအနှံကိုစား၊ ဒီနိုင်ငံသားအဖြစ်နဲ့ ရတဲ့အခွင့်အရေးတွေကို ယူလာသမျှတွေဟာ ဒီနိုင်ငံတော်ကြီးကို ဒီလိုမှ ကျေးဇူးမဆပ်ကြဘူးဆိုရင် ဒီနိုင်ငံသားအဖြစ်နဲ့တောင် မတော်တော့ပါဘူးခင်ဗျာ ..."

ကိုကိုလတ်သည် ပြောရင်းပြောရင်း သူ့ကိုယ်ပိုင်နိုင်ငံရေးဝါဒစွဲကလေးများပင် ပါဝင်၍လာတော့လေရာ၊ အလုံမှာမူ ကိုကိုလတ်၏စိတ်နေစိတ်ထားကို စိတ်တွင်းကကျိတ်၍ ချီးကျူးနေမိရင်း မျက်လွှာကလေးကိုလှန်၍လှန်၍သာ ကြည့်နေမိပြန်လေ၏။

"ပြီးတော့ တစ်ခါ ဦးက သားသမီးတွေအတွက် စိတ်ချလက်ချရှိရအောင်ဆိုတဲ့ စကားတစ်လုံးပြောပါသေးတယ်။ တကယ်ဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ သားငါးယောက်ရဲ့ဖခင်မှာ ငွေတစ်သိန်းရှိတယ်ဆိုရင် ဖခင်ကြီးလည်းကွယ်ရော၊ တစ်ယောက်နှစ်သောင်းစီဝေပြီး ယူလိုက်ကြလေ့ရှိတယ်။ ဒီလိုဝေပြီးယူလိုက်ကြလို့ ငွေလည်းခေါင်းကွဲရော။ သေးကငွေလေးသောင်းသာရှိလို့ တစ်သိန်းရှိတဲ့ဖခင်လက်ထက်က အလုပ်မှာ မပြိုင်မဆိုင်နိုင်တဲ့ လူမျိုးခြားက နှစ်သောင်းစီခွဲယူလိုက်ကြတဲ့ သားငါးယောက်ကို

mgyoe.com

mgyoe.com


တစ်ယောက်ပြီးတစ်ယောက် မျိုသွားတော့တာပါပဲခင်ဗျာ။ ဒီဘေးရန်ကို ကြောက်လို့လည်း ကျွန်တော်တို့ဖေဖေက သူကွယ်လွန်ရင် သားသမီး လေးယောက်နဲ့ မေမေပါ၊ စုစုပေါင်းငါးစု ညီတူညီမျှဝေပြီး အဲဒီအစုတွေ ပြန်ထည့်ပြီး ကုမ္ပဏီဥပဒေအရ ကုမ္ပဏီလီမိတက် ဖွဲ့စည်းလုပ်ကိုင်ဖို့ ဗယ်ားချမှတ်ပြီး ထားပြီးသားပါခင်ဗျာ၊ ဒါမှလည်း ဒီလုပ်ငန်းကြီးဟာ ဖေဖေကတစ်ဆင့် ကျွန်တော်တို့၊ ကျွန်တော်တို့ကတစ်ဆင့် ကျွန်တော်တို့သားစဉ်မြေးဆက်တွေ အားလုံးစုပေါင်းပိုင်ဆိုင်တဲ့ လုပ်ငန်းကြီးအဖြစ်နဲ့ ခုနကပြောသလို (အချိန်ကာလကြီး ကုန်ဆုံးသည်အထိ) တည်မြဲနေမှာပါပဲ"

ကိုယ်စားလှယ်ကြီးမှာ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေရလေ၏။

"အဲဒီ ရည်ရွယ်ချက်ကြီးကိုထားပြီးတော့၊ ဖေဖေဟာ ကျွန်တော်တို့ကိုဆိုရင် လမ်းလျှောက်တတ်တဲ့အရွယ်လောက်ကစပြီး သစ်စက်ထဲမှာ လွှတ်ထားတာများတယ်၊ သစ်အပိုင်းအစတွေ၊ ပါးကာတွေ၊ လွှစာမှုန့်တွေနဲ့ ထွေးလုံးရစ်ပတ် ပေပေကျံကျံ ဆော့နေတာမြင်ရင်၊ ဖေဖေသိပ်သဘောကျတယ်၊ ပြီးတော့ ကျွန်တော်တို့ ခပ်ငယ်ငယ်ကဆိုရင် ဖေဖေဟာ စကားကောင်းကောင်း မပီသေးခင်ကပဲစပြီးတော့ (ခြောက်သုံးတစ်တန်–လေးရာ၊ သုံးသုံးတစ်တန်–ရှစ်ရာ၊ လေးနှစ်တစ်တန်–ကိုးရာ) ဆိုတဲ့ သစ်တစ်တန်မှာ ပေဘယ်လောက်ရှိတယ်ဆိုတဲ့ သင်္ချာတလင်္ကာလေးတွေကို သီချင်းလုပ်ပြီး သစ်အလုပ်မှာ စိတ်ဝင်စားအောင် သင်ကြားပေးခဲ့တယ်၊ အဲဒီအထိ ရှေ့က လည်း ကြိုးစားခဲ့၊ နောင်ကိုလည်း အစဉ်မပြတ် ကြိုးစားလုပ်ကိုင်သွားကြမယ့် လုပ်ငန်းကြီးကို ကျွန်တော်တို့ ဘယ်လိုနည်းနဲ့ ရောင်းပစ်ရက်ပါ့မလဲ၊ ဦးလေးရယ်၊ ရောင်းလိုက်ရင် ကျွန်တော်တို့ နှလုံးသည်းပွတ်ကို ထုတ်ပြီးရောင်းပစ်တာနဲ့ အတူတူဖြစ်နေမှာပေါ့ ..."

စကားကိုအဆုံးသတ်၍ ငွေချိတ်တွင် မ၍ချိတ်ထားသော ခန်းဆီးကို ပြန်၍ချလိုက်ပြီးလျှင်၊ ကိုကိုလတ်သည် ကုလားထိုင်တွင် ပြန်၍ဝင်ထိုင်လိုက်ရာ အသင့်စောင့်နေသူအလုံလည်း ငွေဆေးလိပ်အစ်ကလေးကို ကိုကိုလတ်၏ဘေးမှရပ်၍ အသင့်ကမ်းလိုက်လေ၏။ ကိုကိုလတ်မှာ သူ့စိတ်တွင်ပြောချင်နေသော စကားအချို့ကို ကိုယ်စားလှယ်ကြီးအား ပြောလိုက်ရခြင်းဖြင့် အတော်ပင်ကျေနပ်နေသည့်အလျောက်၊ အပြုံးမပျက်သေးမီပင် အလုံ၏

mgyoe.com

mgyoe.com


မျက်နှာကိုကြည့်ကာ စီးကရက်တစ်လိပ်ကို နှိုက်ယူလိုက်ရာ ပြုံးလျက်သား အကြည့်ခံရသူအလုံ၏ အဖို့တွင် ပြန်၍ပြုံးရတော့မလိုလို ပြုံးလိုက်ပြန်လျှင် လည်း အရှင်နှင့်အစေအပါး ဖြစ်သဖြင့်၊ အရောဝင်လွန်းသည်ဟု ထင်သွားမည်စိုး၍ မပြုံးဘဲနေလိုက်ရတော့မလိုလိုနှင့် အတော်မျက်နှာထား ခက်နေမိရှာပြန်လေ၏။

"အင်း ... ဦးရွှေဖအောင်ရဲ့သားကတော့ တယ်ပြီးစကားပြောပိုင်တဲ့ လူပါပေပဲဗျာ ... နိုင်ငံရေးလိုက်ရင် အနည်းဆုံး ဝန်ကြီးတစ်နေရာတော့ သေချာမှာပဲဗျို့ ... ဟဲဟဲ"

"ကြဲကြဲဖန်ဖန်ဗျာ၊ ကိုယ်စားလှယ်ကြီးနှယ်၊ ကျွန်တော်တို့နိုင်ငံမှာ စကားပြောတာကို နိုင်ငံရေးထင်နေကြတာ၊ အမှားကြီးမှားနေတာ၊ နိုင်ငံငယ်ငယ်၊ လူဦးရေနည်းနည်း၊ ဆင်းဆင်းရဲရဲတိုင်းပြည်ကလေးမှာ စီးပွားရေး လုပ်ငန်းမှ နိုင်ငံရေးလုပ်ငန်းအစစ်ဗျ"

ဤစကားလုံးများတွင် ကိုကိုလတ်ဝင်၍ ပြုံးနေသဖြင့်သာ အလုံမှာ မျက်နှာထားစရာ ရရှိသွားလေတော့သည်။

***

"ဗျို့ ... ကိုဖိုးလှ၊ ကိုညဏ်ရင်၊ ကိုကံသာ၊ အာဆော်ဒါလီ၊ ဟော့ ဆရာတွေ ..."

"ဟာ ... ကိုကိုလတ် မနေ့က ပြန်ရောက်တယ်ဆို ..."

"ကိုကိုလတ်ကြီးပါလား၊ မနေ့ကရောက်တဲ့အကြောင်း၊ ကိုကိုကြီး ပြောလို့ ကြားကတည်းကကွာ၊ တို့တွေမျှော်နေတာ၊ ညကများ စက်ကို ဆင်းပြီးလာဦးမလားလို့"

"ညဏ်ရင်ကြီးကတောင် စက်ထိပ်က သုံးပွင့်မီးကို မှိတ်ချည်ဖွင့်ချည် လုပ်ကွာ၊ ကိုကိုလတ် ဂျစ်ကားနဲ့ဆင်းလာမှာပဲလို့တောင် ပြောသေးတယ်၊ ကိုကိုလတ်တို့ အဖေကြီးအထိတ်တလန့်ဖြစ်မှာစိုးလို့ တားထားလို့၊ နို့မဟုတ် ရင် ညဏ်ရင်ကြီးက တကယ်လုပ်မလို့"

"ဟာ၊ ဟာ ... ကိုညဏ်ရင်ကြီးက တကယ့်ညဏ်ကြီးရှင်ပဲ၊ အဲ ... မာကြရဲ့နော်၊ ကိုဖိုးလှရော ကလေးတွေနေကောင်းရဲ့လား ..."

mgyoe.com

mgyoe.com


တဝီဝီလည်ပတ်နေသော လွှဝိုင်းကြီးများ၊ တဂျီဂျီသစ်ခွဲနေသော လွှဝိုင်းကြီးများ၊ တဖြောက်ဖြောက်ကြိုးခတ်နေသော သားရေပတ်ကြီးများ၊ တဝုန်းဝုန်းနှင့် ခုတ်မောင်းနေသော ရေနွေးငွေ့စက်ကြီးများနှင့်တကွ၊ သစ်လုံးလှိမ့်သူ၊ ပျဉ်သယ်သူ၊ သစ်တုံးတင်သူ၊ သစ်မျဉ်းချသူ၊ လွှစာလာ၍ ကျုံးသူများဖြင့် တလှုပ်လှုပ်တရွရွ ဆူညံစွာ အင်တိုက်အားတိုက် အလုပ်လုပ်လျက်ရှိသော ပျားအုံကြီးနှင့်တူနေသည့် သစ်စက်ကြီးအတွင်းသို့ ဂျစ်ကားကလေးဝင်မိသည်နှင့်တစ်ပြိုင်နက် ကိုကိုလတ်သည် ကားပေါ်ကမှမဆင်းမီပင် အလုံ၏ခဲအို ကိုဖိုးလှအစရှိသော အလုပ်သမားများကို တဂျီဂျီလွှသံများပေါ်မှ ကျော်၍ကြားလောက်အောင် ခေါ်ငင်နှုတ်ဆက်လိုက်ရာ ကိုဖိုးလှတို့လူစုလည်း ကိုကိုလတ်ကို မြင်သည်နှင့်တစ်ပြိုင်နက် ဒရောသောပါး အားရဝမ်းသာပြေးလာ၍ နှုတ်ဆက်ကြလေ၏။

ကိုကိုထွေးနှင့် မိမိလေးတို့မှာ သစ်စက်ထဲသို့ အရောက်အပေါက်နည်းကြစေကာမူ၊ ကိုကိုကြီးနှင့် ကိုကိုလတ်တို့နှစ်ယောက်မှာမူ၊ အိမ်မှာနေသည်ထက် စက်ထဲတွင် အနေများကာ၊ ကြီးပြင်းလာသူများဖြစ်သည့်အလျောက် များသောအားဖြင့်၊ လက်ရှိအလုပ်သမားခေါင်းဆောင်တစ်စုမှာ ကိုကိုကြီး၊ ကိုကိုလတ်တို့နှင့် ငယ်မိတ်ဆွေများသာ ဖြစ်ကြလေရကား၊ အလုပ်ရှင်နှင့် အလုပ်သမားဖြစ်ကြစေကာမူ၊ တစ်ဦးနှင့်တစ်ဦး ပွန်းပွန်းတီးတီးရင်းနှီးခင်မင်နေကြလေ၏။

ကိုကိုလတ်ရောက်လာသည်ကို မြင်သည်တွင် အခြားအခြားစက်ရုံအလုပ်သမားများလည်း အလုပ်အားသည်နှင့်တစ်ပြိုင်နက် ကိုကိုလတ်၏စားပွဲသို့ လွှစာကျုံးသူငယ်များကပါမကျန် ဝမ်းသာအားရ လာရောက်နှုတ်ဆက်ကြလေရာ၊ ကိုကိုလတ်မှာ အတန်ကြာအောင် ပြန်လည်နှုတ်ဆက်၍နေရလေ၏။ ပြီးမှ ဂန်ဒယ်ကြီးရာထူးကိုလုပ်ကိုင်နေရသဖြင့်၊ လက်ထောက်ဂန်ဒယ်ကလေးများ၏ အလုပ်ကိုဇယားဖြင့် စစ်ဆေးကြည့်ရှုသော ကိုဖိုးလှ၏အခန်းသို့ ကူးခဲ့လေ၏။

"လာ ... ကိုကိုလတ် ဘယ့်နှယ်လဲ၊ အမေရိကန်တိုင်းပြည်က တော်တော်ပျော်စရာကောင်းပါရဲ့လားဗျ" ဟု ကိုဖိုးလှကမေးရင်း ကုလားထိုင်ထိုးပေးလိုက်ရာ၊ ကိုကိုလတ်က

mgyoe.com

mgyoe.com


"ပျော်စရာကိုသာ သက်သက်လိုက်ရှာရင်တော့ ပျော်စရာအပေါ်ဆုံး နိုင်ငံလို့ ဆိုလောက်တာပဲဗျ၊ ဒါပေမဲ့ ကျွန်တော်ကတော့ အလုပ်နဲ့ပတ်သက် ပြီးသွားရတဲ့လူဆိုတော့ ပျော်စရာပါးစရာတွေကို ခဏတစ်ဖြုတ်ပဲရောက် တယ်။ တစ်နေ့တစ်နေ့မှာ သစ်စက်ကြီးတွေ လည်ပြီးကြည့်၊ သစ်ကုမ္ပဏီက သုတေသန အဖွဲ့နဲ့နှီးနှောပြီးတော့ ကိုယ်လိုချင်တာတွေကို လက်တွေ့သင်ပြီး ယူ၊ ဒါတွေနဲ့ အချိန်ကုန်လာတာဗျ" ဟုပြောရင်း ကုလားထိုင်၌ ထိုင်လိုက် လေ၏။

"နို့ ... တော်တော်ရော ပညာရခဲ့သလား ..."

"ရတော့ ရခဲ့တာပဲဗျ၊ ဒါပေမဲ့ နိုင်ငံချင်း ရာသီဥတုချင်း သစ်ချင်းက မတူတော့ ကျွန်တော်မှန်းထားတာတွေဟာ အတော်ကြီး ကြိုးစားယူရဦးမယ် ဆိုတာဖြင့် သေချာတာပဲ"

"ဘယ်လို ..."

"ဒီလိုလေ ကျွန်တော်သွားတုန်းက သုံးထပ်သားလုပ်နည်းတွေကို လက်တွေ့လေ့လာဖို့နဲ့ ပြီးတော့ သုံးထပ်သားလုပ်လောက်အောင် ပျဉ် ပါးလွှာတဲ့ သစ်လွှာစက်တွေတည်ဖို့ စိတ်ကူးသွားတာဗျ၊ ဟိုရောက်တော့ သူတို့ဆီက သစ်က ထင်းရှူးချည်းများတယ် ... မဟော်ဂနီအသားတို့၊ ဝက်သစ်ချသားတို့၊ သံလွင်သားတို့ကတော့ သုံးထပ်သားလုပ်တဲ့နေရာမှာ မသုံးဘူး၊ ကျစ်လို့ဗျ၊ ပြီးတော့ ဈေးလည်းကြီးလို့၊ သူတို့သုံးတာက ထင်းရှူး သားထဲက ထင်းရှူးဆီထုတ်၊ အဲဒီအဆီကို တခြားဓာတ်ဆေးတွေနဲ့ရော၊ ကော်ဖော်ပြီး ဒီအဆီထုတ်ပြီးသား ထင်းရှူးပြားတွေကို ပြန်ပြီးကပ်၊ အဲဒီလို လုပ်တာ။ ကျွန်တော်တို့ဆီမှာဆိုရင် ဒီးဒူးနဲ့ လက်ပံပဲ ... သစ်ပေါ့ပေါ့ ရှိတယ်၊ ဒီတော့ကာ ... သစ်လွှာပါးပါး ခွဲလို့ရဦးတော့ သုံးထပ်ဖြစ်အောင် ကပ်ရမယ့်ကော်က နိုင်ငံခြားကို ထင်းရှူးဆီမှာပြီးလုပ်ရရင် စရိတ်မကိုက် ဘူးဗျ၊ ဒီတော့ ကျွန်တော်တို့ဆီမှာ အများအစားရနိုင်တဲ့ တမာစေးနဲ့ အင်တွဲ ကို အမျိုးမျိုးစမ်းကြည့်ရမှာပဲ။ အဲဒီကော်ကိစ္စအောင်မြင်ရင်တော့ တခြားဟာ တွေက အလွယ်ပဲ။ ကော်တစ်ခုတည်းခက်တာ။ သစ်ပါး ပါးလွှာတဲ့ဟာက တော့ ရိုးရိုးလွှပိုင်းတွေလိုပါပဲ။ ဒါပေမဲ့ အသွားစိပ်တယ်၊ လွှသားပါးတယ်၊ ဒါပဲထူးတယ်"

mgyoe.com

mgyoe.com


"နို့ ... သူတို့ဆီက ကော်နမူနာတွေ ... ဘာတွေရော ရခဲ့ရဲ့ မဟုတ်လား"

"ဟာ ... ရခဲ့တာပေါ့ဗျ၊ မစ္စတာဆောင်းဒါးဆိုတဲ့ ကော်ဝိဇ္ဇာကြီး ဖော်တဲ့ ကော်များဖြင့် ဘယ်လောက်ကပ်သလဲဆိုရင် သစ်လွှာနှစ်ခုကို ကပ်ထားပြီး ခွာကြည့်ရင် သစ်သားသာပဲ့ထွက်တယ်၊ ကော်မကွာဘူးဗျ။ ရေစိမ်ထားတောင် မကွာဘူးဗျ ... အံ့ရော။ စစ်ဖြစ်တုန်းကများဆိုရင် ... စစ်လေယာဉ်ပျံတွေက သစ်သားအစိတ်အပိုင်းတွေကို ဘယ်မှာစရွေးတွေ–သပ်တွေနဲ့ ဆက်လိမ့်မလဲ၊ အဲဒီ 'ဆောင်းဒါးကော်' လို့ နာမည်ပေးထားတဲ့ကော်နဲ့ ကပ်တာပဲဗျ ...၊ ကော်ကပ်ရတာက စို့ရိုက်တာထက်လွယ်ပြီး အချိန်ကုန်သက်သာလို့ လေယာဉ်ပျံအထွက် အမေရိကန်က သိပ်များခဲ့သတဲ့ ..."

"ဒီလိုဖြင့် ဒီက တမာစေးတို့ အင်တွဲတို့က ဒါလောက်မှ သတ္တိရှိပါ့မလားဗျာ ..."

"အဲဒီလောက်တော့ ... သတ္တိရှိမယ်မဟုတ်ဘူး၊ ဒါပေမဲ့ ကနေဒါမှာ သုံးထပ်သားလုပ်တဲ့ကုမ္ပဏီတစ်ခုကတော့ တမာစေးကို စမ်းကြည့်ဖူးတယ်၊ ဒါပေမဲ့ တမာက နှစ်မျိုးဗျ။ အိန္ဒိယကစပြီး မျိုးပြန့်ပွားလာတဲ့ တမာရယ်၊ ဟို ... ဆူမားတြားတို့၊ ဂျားဗားတို့ဆိုတဲ့ မီးတောင်ချော်ကဖြစ်တဲ့ ကျွန်းတွေမှာ စ,ပြီးပေါက်လို့ ပြီးမှ ကမ္ဘာကို မျိုးပြန့်ပွားသွားတဲ့တမာရယ် နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးမှာ ဂျာဗားတို့၊ ပသျှူးကျွန်းဆွယ်တို့က ပေါက်တဲ့တမာက ပိုပြီးတော့ အစေးကောင်းတယ်။ ရုက္ခဗေဒနဲ့ဆိုင်တဲ့ စာတွေလည်း တွေ့လာခဲ့ရပါသေးသဗျာ။ အဲဒီတမာနှစ်မျိုးကို ခွဲခြားသိရအောင်လို့ ..."

"ဒါဖြင့် ဘယ်တော့လောက်ကို စမ်းမလဲ"

"ဒီနေ့ပေါ့ဗျ၊ တစ်ရက်နောက်ကျရင် တစ်ရက်နာတာကပဲ"

"ဟော့ ဆရာ ... မြန်လှချည်လား"

"မမြန်နဲ့လေ ... ကျွန်တော့်အကြံက ခင်ဗျားသိတဲ့အတိုင်းပဲ။ သုံးထပ်သားလုပ်ငန်းသာ အောင်မြင်ရင် ကျွန်တော်တို့ စက်ကနေပြီး အလုပ်တစ်ခုထပ်ချဲ့မယ်။ အဲဒီအလုပ်က ထုပ်လျှောက် ဒိုင်းလွှားများ ဆင့်–တိုင်–ယက်မ အားလုံးကို ဝက်အူစုပ်ပြီး သုံးထပ်သား အမိုး၊ အကာ၊ အခင်းနဲ့ 'ပြီးစလွယ်' အိမ်တွေကို တွင်တွင်ကြီးလုပ်ဖို့ပဲဗျ။ မြေရာရှိရင် တစ်ရက်တည်းနဲ့ အပြီး

mgyoe.com

mgyoe.com


ဆောက်နိုင်တဲ့အိမ်တွေ၊ တစ်လုံးကို ခြောက်ရာလောက်နဲ့ ရောင်းနိုင်မှာ၊ ခြောက်ရာဆိုရင်ဗျာ အခုစစ်ဒဏ်ကိုခံရတဲ့ လူတွေအနက်က တစ်ရာမှာ ခြောက်ဆယ်လောက် ဝယ်နိုင်ကြမယ်။ သက်သက်သာသာနဲ့ဝယ်နိုင်ရင် နိုင်ငံပြန်လည်ထူထောင်ရေးမှာ ဘယ်လောက်အရာရောက်မလဲ ... ကိုဖိုးလှ စဉ်းစားကြည့်စမ်း၊ အခုတော့ ပြီးစလွယ်အိမ် ဘယ်သူမှမထွင်ကြတော့ ဝါးနဲ့ သက်ငယ်နဲ့ဆောက် မီးလောင်၊ အခုပဲ အရပ်ရပ်မှာ မီးဘေးသင့်လို့ နိုင်ငံမှာ ပစ္စည်း သိန်း ၅၀ ဖိုး ထက်နည်းမလား၊ အလဟဿ ဆင်းရဲကြရတာ၊ ကျွန်တော့်အိမ်တွေလုပ်ရောင်းရင် မီးဘေးကို အတော်စိတ်ချသွားရမှာ။ နေရတာလည်း သန့်သန့်ရှင်းရှင်း၊ ခိုင်ခိုင်လုံလုံ၊ အလယ်တိုင်ပျောက်ဆိုတော့၊ ကျယ်ကျယ်ဝန်းဝန်းနဲ့ နိုင်ငံအဖို့ ဘယ်လောက်အကျိုးရှိမလဲ၊ နိုင်ငံခြားတွေမှာများဆိုရင် ပြီးစလွယ်သတ္တုအိမ်တွေ၊ သုံးထပ်သားအိမ်တွေ၊ ကတ်ထူပြားအိမ်တွေ၊ အထူးသဖြင့် အင်္ဂလန်မှာ လွတ်ကန်ပြီးလုပ်နေကြတာပဲ၊ အားကျစရာကြီးဗျာ ..."

"အင်း ... အကြံကတော့ ကိုကိုလတ်က တကယ်ကြီးတယ်၊ ခင်ဗျားတို့တော့ ငွေပြီးရင်း ငွေပေါ့လဗျာ ဟုတ်လား ..."

"ဟာ ... ကိုဖိုးလှကလည်း ... ကျွန်တော်တို့ ဝင်ငွေတိုးတာလည်း တိုးတာထားပါတော့၊ ဒါပေမဲ့ ခုနေအခါမှာ ကျွန်တော်တို့ဗမာတွေမှာ ယုတ်စွအဆုံး ကုန်ပို့ချင်လို့မှ နိုင်ငံခြားက ထင်းရှူးသေတ္တာနဲ့ လက်ဖက်ခြောက်သေတ္တာတွေ အားကိုးနေရတဲ့ဘဝဗျ။ ဒီတော့ သစ်နဲ့ဆိုင်တဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ စေ့ငအောင်ဝင်မလုပ်သရွေ့ နိုင်ငံကငွေ အမြဲတခြားကိုထွက်နေမှာပဲ။ ဒီတော့ နိုင်ငံခြားသားစားမယ့်အစာကို စားချင်းစားရင် ကျွန်တော်တို့ဗမာတွေ စားမှာပေါ့ဗျ ..."

"အေးလေ ... စားနိုင်အောင်လည်း ကြိုးစားဗျာ"

"ကြိုးစားဆို အခုပဲ။ ဒီးဒူးခြောက်တစ်မတ်၊ နှစ်ချပ်လောက်ယူရအောင် ခင်ဗျားဆီလာတာ"

"လာလေ ... ဒါဖြင့်"

***

mgyoe.com

mgyoe.com


ထိုနေ့မှစ၍ ကိုကိုလတ်သည် သစ်စက်ထဲတွင် အခန်းကြီးတစ်ခန်း သီးသန့်ယူလျက်၊ ဒီးဒူး၊ လက်ပံအစရှိသော သစ်အပေါ့စားများကို မှန်ဘီလူးဖြင့်ကြည့်ကာ သက်ရင့်သက်နုကွဲပြားပုံကလာပ်စည်းများ ပူးတွဲပုံများကို မှတ်ခြင်း တမာစေးအမျိုးမျိုး၊ အင်တွဲအမျိုးမျိုးတို့ကို အချိုးအစား အနည်းနည်းအဖုံဖုံ ဓာတ်ဆေးများနှင့်ရောနှော၍ ကော်အမျိုးမျိုး စမ်းသပ်ချက်လုပ်ကြည့်ခြင်းတို့ဖြင့် အလုပ်အလွန်များလျက် ရှိနေလေ၏။ ဤအချိန်အတွင်းတွင် အလုံတစ်ယောက်မှာလည်း တဖြည်းဖြည်းနှင့် တောင်ပေါ်အိမ်ကြီး၌ နေသားထိုင်သား ကျလာရတော့လျက် မိမိဆောင်ရွက်မည့်တာဝန်များကိုလည်း အစဆုံးသိရှိနားလည်လာကာ၊ အိမ်သားတစ်စုလုံး၏ တာဝန်ဟူသမျှကို အလိုက်သိစွာ ထမ်းဆောင်ပေးလျက်ရှိနေလေရာ၊ အိမ်သားတစ်စုလုံးပင် အကူအညီလိုတိုင်း "အလုံ–အလုံ" နှင့် တစ်လုံတည်းလုံ၍ လာကြသည်နှင့် အမျှ အလုံမှာလည်း လူပျိုကြီး ကိုကိုကြီး၊ ကိုကိုလတ်၊ လူပျိုပေါက် ကိုကိုထွေးနှင့် အပျိုပေါက်မိမိလေးတို့အား သွေးသားမျိုးရင်းသဖွယ် ခင်တွယ်သောစိတ်အားကိုးအားထားသော စိတ်ကလေးများပင် ဝင်စားလာမိတော့လျက် 'ကိုကြီး' 'ကိုလတ်' 'ကိုထွေး' 'အမိလေး' စသည်ဖြင့်ပင် ရင်းနှီးစွာ ခေါ်ဝေါ်ဆက်ဆံနိုင်သောအခြေသို့ ရောက်၍နေရှာလေ၏။

ထိုမျှမကသေး 'ဖေဖေကြီး' 'မေမေကြီး' နှင့် ကရုဏာသက်စရာအသံကလေးညင်သာစွာနှင့် ခေါ်ကာခေါ်ကာ၊ ပြုစုလုပ်ကိုင်ပေးတတ်သူ အလုံအား ဦးရွှေဖံအောင်နှင့် ဒေါ်သိန်းနွဲ့တို့မှာ တာဝန်လုံသူ ကလေးမအား၊ အကဲခတ်လိုက်တိုင်းပင် ပကတိရိုးသားသိမ်မွေ့စွာနှင့် မနားတမ်း အလုပ်လုပ်လျက်သာရှိသည်ကို တွေ့ကြရသဖြင့်၊ လက်နှင့်အလုပ်မပြတ်ခဲ့ဖူးသူ ဦးရွှေဖံအောင်မှာ အလုံ၏ လုပ်ပုံကိုင်ပုံတို့ကို များစွာနှစ်ခြိုက်လျက် "မယ်စု ခေါ်ပေးတဲ့ ကိုနေဒွန်းသမီးကလေးကို လက်ကောက်ကလေး၊ နားကပ်ကလေး ဆင်ပေးထားပါ မသိန်းနွဲ့ရယ်၊ ဒါမှ ခမျာကလေး လုပ်အား၊ ကိုင်အား ရှိအောင်လို့ ..." ဟု ပြောလိုက်သည်ကို ဒေါ်သိန်းနွဲ့ကိုယ်တိုင်ကပင် လိုလိုချင်ချင်နှင့် ရွှေတို ရွှေစကလေးများကို ဆင်ယင်ပေးခြင်းအားဖြင့် အလုံမှာ တစ်နေ့ထက်တစ်နေ့ တစ်သွေးတစ်မွေး လှရိပ်ရောင်ပြေးလာတော့ကာ၊ နဂိုင်းထွက်သည်ထက်လွန်၍ အရှင်မွေးနေ့ချင်းကြီး ဟူဘိသို့၊ ချစ်စရာကောင်း

mgyoe.com

mgyoe.com


သည်ထက် ကောင်းအောင် ပြောင်းလဲလာတော့လေ၏။

မိန်းမသားတို့ဘာဝ ပြစရာကလေးရှိလျှင် ပြချင်သော စိတ်ကလေး ပေါ်ပေါက်လာတတ်သည့်အတိုင်း အလုံခမျာမှာလည်း မိမိတွင် ယခင်နှင့် မတူ တစ်မူကွဲပြားခြားနားနေလျက် သားနားသန့်ရှင်း ကြော့ဝင်းနေပုံကို ဖခင်ကြီးဦးနေဒွန်းနှင့် အစ်မ မလှရွှေတို့ မြင်စေကြည့်စေချင်သည်ကလည်း တစ်ဝ၊ ထိုမျှမကသေး ဖခင်ကြီးအလိုမတူသော်လည်း အလုပ်ကိုဝင်၍ ဖွတ် လုပ်ကိုင်နေခဲ့သည်တွင် ဖခင်ကြီးအား မိမိစိတ်ချမ်းသာ၊ လက်ချမ်းသာ နေထိုင်ဝတ်စားရကြောင်းကို ကိုယ်တွေ့မြင်စေပြီးလျှင် မိမိအတွက် စိတ်ချ လက်ချရှိစေချင်သော စေတနာလည်းတစ်ကြောင်းဖြစ်သဖြင့် တစ်နေ့တွင် အလုံသည် ဒေါ်သိန်းနွဲ့တို့ထံမှ ခွင့်ပန်ကာ နဝင်းရွာကလေးသို့ တစ်ညနေ တာမျှ ပြန်လာခဲ့လေ၏။

လမ်းတစ်လျှောက်လုံးတွင် အလုံမှာ မိမိလက်တွင်ပိုက်လာသော အထုပ်ထဲရှိ ဒေါ်သိန်းနွဲ့က ဖခင်အား ကန်တော့ရန်ဟူ၍ ပေးလိုက်သော ပလေကတ်လုံချည်တစ်ထည်နှင့်၊ မိမိ၏ အိမ်ပါအဝတ်အစားကလေးများကို ဖခင်နှင့် အစ်မ မလှရွှေတို့အား ဝတ်ရန်ပေးခဲ့မည်ဟူသော စေတနာ စေ့ဆော် ချက်ဖြင့် ခပ်သွက်သွက်ကလေးလျှောက်၍လာမိရာ၊ အိမ်နားသို့နီးလာလေ လေ၊ ဝမ်းသာအားရရှိလေလေနှင့် လမ်းတွင်တွေ့ရသော အသိမိတ်ဆွေများ ကိုပင် ဝမ်းသာသောစိတ်ဓာတ်၏အရှိန်ဖြင့်၊ ဝမ်းသာအယ်လဲ နှုတ်ဆက်လာ ခဲ့မိလေ၏။

သို့သော်လည်း အလုံသည် သစ်စက်ကြီးဆောမှဖြတ်၍ နဝင်းချောင်း ကလေးကိုကျော်ကာ ဆောက်ထားသော သစ်သားတံတားကိုလွန်ခဲ့၍ နဝင်း ရွာကလေးအတွင်းရှိ မိမိ၏နေရင်းစွဲ အိမ်ကလေးဆီသို့ ချဉ်းကပ်လိုက်မိသည် နှင့်တစ်ပြိုင်နက် ...

"မင်းဘယ်သူ့သားလဲကွ ..."

"ကျွန်တော် ဦးရွှေဖဲအောင်သား ကိုကိုလတ်ဆိုတာပါ"

"အို ... အဖေကလည်း ဘာတွေများလျှောက်မေးနေပြန်ပါလိမ့်"

"ဟုတ်သားပဲ ... အဖေကလည်း ... အတော့်ကိုခက်တယ်" ဟူသော ဖခင်ကြီး၏မေးသံ၊ ကိုကိုလတ်၏ ဖြေသံ၊ ကိုဖိုးလှ၏ ကန့်ကွက်သံ၊ မလှရွှေ

mgyoe.com

mgyoe.com


၏ညည်းသံတို့ကို တစ်သံပြီးတစ်သံ ဆက်ကာဆက်ကာ ကြားလိုက်ရလေရာ၊ မိမိတို့အိမ်သို့ ကိုကိုလတ်ရောက်နေသည်ကို အံ့သြမိသလောက် အမြဲတမ်း ကိုယ့်ဘ၀ကို ကိုယ် မကျေမချမ်းဖြစ်လျက်၊ အစဉ်သဖြင့် ရန်လို၍ သာနေတတ်သော ဖခင်ကြီးက ကိုကိုလတ်အား တွေ့ကရာပေါက်သောက် လေရှည်ကြီးလျှောက်၍ အမောက်အမြီးမတည့်သော မေးခွန်းများကို မေးနေမည်စိုးမိပြန်သောကြောင့်၊ လမ်းတစ်လျှောက်လုံး ဝမ်းသာလာခဲ့သမျှတို့မှာ မီးပွားကိုရေထိသလို သေငြိမ်းသွားရတော့လျက်၊ အိမ်ထဲသို့ ကပျာကသီဝင်လာခဲ့မိလေ၏။

"သြော် ... မင်းက ဓနရှင် ရွှေဖံအောင်ရဲ့သား ဓနရှင်ကလေးပဲကိုးကွ" အိမ်ထဲသို့ အလုံရောက်ချိန်နှင့် တစ်ချိန်တည်း ဦးနေဒွန်းက ဤသို့ ခပ်ငေါ့ငေါ့ ပြောလိုက်သည်နှင့် ဆုံ၍နေရာ၊ အလုံမှာ ကိုကိုလတ်ရှိရာသို့ လှမ်းကြည့်လိုက်မိလေ၏။ ကိုကိုလတ်မှာကား ဦးနေဒွန်း၏စကားကြောင့် တစ်မျက်နှာလုံး ရဲရဲတောက်အောင် နီမြန်းနေရာမှ ဝင်လာသူ အလုံအား မြင်လိုက်သည်တွင် ဖွယ်ရာသောအမူအရာကိုဆောင်သောအနေဖြင့်၊ မျက်နှာကြီးရဲရာကပင် အားယူ၍ပြုံးလိုက်လေ၏။ သို့သော် ထိုအပြုံးတွင် မခံချိမခံသာ ဖြစ်နေသော စိတ်၏အရိပ်များ တိုး၍နေလေရာ ပါးစပ်မှာ ပြုံး၍သာပြုံးရသော်လည်း အသက်ကင်းမဲ့သော အပြုံးမျိုးဖြစ်၍နေလေ၏။ စိတ်မကောင်းဖြစ်နေရင်းကပင် မိမိအား ကြိုးစား၍ ပြုံးပြလိုက်ရှာသေးသော ကိုကိုလတ်၏အမူအရာကို ဂရုပြုမိလိုက်သူအလုံမှာ ကိုကိုလတ်ကို အားနာသွားမိလျက်၊ ဖခင်ကြီး စကားစပြတ်မှ ပြတ်ပါစေဟူသောသဘောဖြင့် "ဟော ... အဖေ နေကောင်းရဲ့လား၊ သြော် ... ကိုကိုလတ်လည်း ရောက်နေသကိုး ...၊ ကိုဖိုးလှ၊ မလှရွှေတို့ ကျွန်မ အဝတ်တွေယူလာခဲ့တယ်၊ အဖေ ... ပြီးတော့လည်း အဖေဖို့ ပလေကတ်လုံချည် တစ်ထည်လည်း မေမေကြီးက ပေးလိုက်သေးတယ်" ဟု လူစေ့တက်စေ့ နှုတ်ဆက်ပြီးနောက် စကားအဆုံးသတ်တွင် ဖခင်ကြီး၏ မျက်နှာကောင်းမှ ရပါစေသောဖြင့်၊ လောကွတ်ပျူငှာ လုပ်လိုက်ရှာလေ၏။ သို့လုပ်လိုက်မှပင် ...

'ထွီ' ဟူသော ရွံရှာစက်ဆုပ်ဟန်ကြီးနှင့် တံတွေးထွေးလိုက်ခြင်းအားဖြင့် ဦးနေဒွန်းက အဖြေပေးလိုက်ရာ၊ အလုံခမျာမှာ မျက်လုံးများ ဝိုင်းချာလည်

mgyoe.com

mgyoe.com


လျက်၊ ကိုကိုလတ်၏မျက်နှာကိုသာ အားနာစွာကြည့်လိုက်မိရှာလေ၏။ ထိုခဏတွင် ...

"ဟား ... ဟား ... ဟန် ... ဟန်သေးတော့ ဟင် ... ငမ ... နင်က ... ငရွှေဖံအောင်အိမ်ကျွန်ခံလို့ ရလာတာကလေးနဲ့ ငါ့ကိုလာပြီး မျက်နှာလို မျက်နှာရ လုပ်တာပေါ့လေ၊ ဟား ... ဟား ... နင့် ပလေကတ်လုံချည် စည်းမယ့်အစား ငါသင်ဖြူးပတ်နေမယော့၊ နားလည်လား ..." ဟု ဦးနေဒွန်းက မာန်မာနပြင်းပြစွာဖြင့် မဲ့ကာရွဲ့ကာငေါက်လိုက်သဖြင့် အလုံခမျာမှာ မိမိအား မည်မျှပင် ပြောစေကာမူ စိတ်ကိုမထိခိုက်သော်လည်း၊ ကိုကိုလတ်၏ရှေ့တွင် မိမိကျေးဇူးရှင်လစာမပြတ်ပေးထားသူ ငယ်မိတ်ဆွေကြီးအား၊ (င)ရွှေဖံဟု ရင့်ရင့်သီးသီး ပြောလိုက်သည့်အတွက်ကိုမူ ကိုကိုလတ်အား အလွန်အမင်း အားနာဖွယ်ရာဖြစ်သောကြောင့် ...

"အမယ်လေးနော် ... အဖေကလည်း ဘယ့်နှယ်ပါလိမ့် ... အဖေရယ်" ဟု ငိုတော့မလို ဖြစ်လာရာက၊ ဟန့်လိုက်မိရှာလေ၏။

သို့ ... ဟန့်လိုက်ခြင်း ခံရသည့်အတွက်ပင် ဦးနေဒွန်းမှာ စာရိတ္တဗလ အင်အား နည်းပါးနေသူတို့ ဓမ္မတာအတိုင်း ပိုမို၍ဒေါသတကြီးဖြစ်လာကာ၊ ချိုင်းထောက်ကြီးနှင့် အလုံ၏အနီးသို့လာရာက ...

"ဘာအဖေလဲ နင် ငါ့စကားနားမထောင်ဘဲ၊ ဒီ ငရွှေဖံအောင်အိမ် သွားနေကတည်းက နင့်ကို ငါ့သေခန်းဖြတ်ထားတာ" ဟု အရက်နံ့ တထောင်းထောင်းပါလာသော အသံကြီးဖြင့် ပြောလိုက်ပြီးလျှင် အလုံက ကိုကိုလတ်ကို အားနာလွန်းမက အားနာသော အမူအရာကိုလည်း အရွဲ့ကြီး ရွဲ့ရှာသကဲ့သို့ ပါးစပ်ကြီးတစ်ခုလုံး မဲ့ရွဲ့ပစ်လိုက်ပြီးနောက် ..."

"ဟော့ ... မင်းရွှေဖံအောင်သားဆိုရင် ဒီအိမ်ကို ဘယ်တော့မှ မလာနဲ့ကွ၊ ကြည့်စမ်း ... ငါ့ခြေထောက်ကို ဒီခြေထောက်ဖြတ်ပစ်ရတာ မင်းအဖေ ကော်တစ်ရာ ကပ်စေးနဲ့ကြောင့်ကွ၊ သိလား၊ မင်းအဖေကြောင့် ငါ့မှာ လူစဉ် မမီအောင် ဖြစ်နေရတာ၊ မင်းတို့ခနရှင်တွေ စည်းစိမ်ကြီးနဲ့ နေနိုင်ဖို့တို့ အလုပ် သမားတွေက အသေခံ၊ အကျိုးခံ၊ အပဲ့ခံပြီး လုပ်ကိုင်ပေးရတာ၊ မင်းတို့က တော့ သွေးစုပ်ဖို့လောက်ပဲသိတာ၊ ဒီတော့ ဟော့ ... မင်းတို့လို ခနရှင်ကို ငါ မဆက်ဆံချင်ဘူးကွ၊ နားလည်လား၊ မင်းအခု ငါ့အိမ်ထဲကို အဝင်ခံရတာ

mgyoe.com

mgyoe.com


တောင် ငါမရောက်ခင် မင်းကရောက်နှင့်နေလို့၊ နို့မဟုတ်ရင်လား ဝေလာဝေး” ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ထိုးကာဖြင့်၊ ကိုကိုလတ်အား ပြောပြနေပြန်လေရကား ကိုဖိုးလှမှာ မနေသာတော့ဘဲ၊ “အဖေနော်၊ တော်တော့၊ အဖေပြောတာတွေ တဖြည်းဖြည်းနဲ့ တရားလွန်လာကုန်ပြီ” ဟု ဝင်၍ ဟန့်လိုက်မိလေ၏။

သမက်ဖြစ်သူ၏ ဟန့်တားခြင်းကို ခံရသည်မှ ဦးနေဒွန်းမှာ စိတ်ထွက်သည်ထက်ထွက်၍ လာဟန်ဖြင့် “ဘာ” ဟူသော စကားလုံးဖြင့် ပြန်မေးကာ ပါးစပ်မစေ့သေးဘဲ ဖြစ်နေစဉ် ကိုကိုလတ်လည်း ကြာရှည်နေလျှင် မိမိအား မြင်နေရသည့်အတွက်နှင့်ပင် ဦးနေဒွန်းမှာ ဆိုးသည်ထက် ပို၍ဆိုးလာတော့မည်ကို ရိပ်မိသဖြင့် “ကဲ … ကိုဖိုးလှ၊ ကျွန်တော် စက်ထဲကိုပြန်နှင့်မယ်၊ ခုနကပြောတဲ့ ဆေးပြားကလေးကိုသာကြိတ်ပြီး ကလေးအနာတွေကို ထည့်ပေးပါ။ မကြာခင် အနာကလေးတွေ ခြောက်ကုန်ပါလိမ့်မယ် …” ဟု ဣန္ဒြေမပျက်အောင် အတော်ဟန်ဆောင်ထားရကြောင်း သိသာလှသည့်အသံဖြင့် ပြောကာ အိမ်ကလေးအတွင်းမှ ထွက်၍သွားရန် ခြေလှမ်းပြင်လိုက်လေ၏။

ဤတွင် ဦးနေဒွန်းက မဲ့မဲ့ရွဲ့ရွဲ့ကြီး လုပ်လိုက်ရင်း “ကြွပေတော့၊ ဓနရှင်ပေါက်စရေ ငါ့အိမ်ကိုတော့ ဘယ်တော့မှ မလာပါနဲ့” ဟု ဘုတစ်လုံးထပ်၍ မှုတ်လိုက်ပြန်ရာ ကိုကိုလတ်ခြေလှမ်းများတန့်၍ ဦးနေဒွန်း လွန်လွန်းနေသည်ကို စူးစူးစားစား ပြန်၍တစ်ချက်ကြည့်လိုက်လေ၏။ ပြီးမှ သူ့စိတ်ကို သူ နိုင်နင်းစွာချုပ်ထိန်းနိုင်သည့်အတိုင်း၊ ကိုဖိုးလှနှင့် အလုံတို့ကို မချိပြုံးပြုံးသလိုမျက်နှာပျက်နေသည့်ကြားထဲကပင် အားယူ၍ပြုံးကာ နှုတ်ဆက်၍ ထွက်သွားသည်၌ အလုံခမျာမှာ ကိုကိုလတ်ကို အားနာလွန်းမက အားနာနေမိတော့ပြီဖြစ်သောကြောင့် မည်သည်ကိုမျှ ဂရုမထားမိ၊ ကိုကိုလတ်နောက်သို့သာ ဖခင်ဆိုးကြီးအတွက် တောင်းပန်လိုသော စိတ်တစ်စိတ်တည်းဖြင့် ပြေး၍လိုက်သွားမိရှာလေ၏။

“အေး … အေး … လိုက်သွား … လိုက်သွား … နင့်လင်နောက်…”

အရက်မူး၍လည်းတစ်ကြောင်း၊ အနာဟောင်းပေါ်လာ၍လည်းတစ်ထွေ၊ ဦးနေဒွန်းသည် သမီးပျိုကလေးကိုပင်လျှင် မဖွယ်မရာ အော်ဟစ်လိုက်ပြန်လေသေးရာ၊ ကိုကိုလတ်မှာ ထိုစကားများကို ကြားရသည်၌ အလုံခမျာ

mgyoe.com

mgyoe.com


ရှက်ရှာတော့မည်ကို စိုးသဖြင့်၊ ခပ်သုတ်သုတ် လျှောက်ထွက်လာခဲ့လေ၏။ သို့သော်လည်း ...

"ကိုကိုလတ်၊ ကိုကိုလတ်" ဟု ချည့်နဲ့တုန်ရီ စကားပင်ကောင်းစွာ မပီသနိုင်အောင် ကတိုက်ကရိုက် မောဟိုက်လှိုက်လှဲသောအသံဖြင့် မိမိနောက်မှ အပြေးကလေးလိုက်ကာ ခေါ်လိုက်ရှာသော အလုံ၏အသံကို ကြားရသဖြင့် သမင်လည်ပြန်ကြည့်ရင်း ရပ်စောင့်နေလိုက်ရာ၊ အလုံမှာ ဒရောသောပါး ကိုကိုလတ်၏အနီးကိုကပ်လာရှာရင်း ...

"အလုံဖြင့် သေသာသေလိုက်ချင်တော့တယ် ကိုကိုလတ်ရယ် ..." ဟု ပြောပြောဆိုဆို ကိုကိုလတ်၏မျက်နှာကို မော်ကြည့်ရင်း မျက်ရည်တွေဝေ့ကာ ရင်ဆို့နေရာက ပြောလိုက်သဖြင့် ...

"အို ... လူကြီးပဲ ... အသက်ကြီးလာတော့ တဖျစ်တောက်တောက်ပြောတတ်တာပေါ့ကွဲ့" ဟု ကိုကိုလတ်က ပြုံး၍ ဖြေသိမ့်လိုက်ရလေ၏။

"မဟုတ်ဘူး ... မဟုတ်ဘူး၊ အဖေဟာ သိပ်ရိုင်းတယ်၊ တောင်ပေါ်ကဖေဖေကြီးများ ဒီအကြောင်းကြားရင်တော့ ဒုက္ခပါပဲ ကိုလတ်ရယ် ... နို့ကိုလတ်ကတော့ ဘာပြုလို့ သူရှိရာကို သွားရတာလဲ ..."

"ကိုဖိုးလှက သူ့ကလေးဝဲပေါက်တာ အိုင်းတွေကျနေပြီး သိပ်ဆိုးနေတယ်လို့ စက်ထဲမှာပြောတာနဲ့ ကိုလတ်ကလေးတွေနဲ့ မတွေ့တာကြာလို့၊ ပြီးတော့ (အမ်ဘီ) ဆေးပြားကလေးတွေပေးရင်း မလှရွှေလည်းနှုတ်ဆက်ရအောင် ဆိုသလို အညောင်းပြေစားပွဲကထလိုက်မိသွားတာပဲ အလုံရဲ့ ..."

ဤတွင် အလုံမှာ ကိုကိုလတ် မိမိအိမ်သို့ ဝင်ရောက်လာသည်မှာ အလည်အပတ်မဟုတ်ဘဲ မိမိ၏တူကလေးကိုပင် ဆေးဝါးကုသပေးရန် လာသည်ကိုသိရလေရာ ကျေးဇူးပေါ်တွင် ကျေးဇူးထပ်၍သာနေသော ကိုကိုလတ်အား ပို၍အားနာသွားမိတော့လျက် ...

"အားနာစရာကောင်းလိုက်တာ ကိုလတ်ရယ်၊ အားနာစရာတော့ သိပ်ပြီးကောင်းနေတော့တာပဲ၊ ဩော် ... အဖေ ... အဖေ ... သူများကသူ့ကို ဘယ်လိုမှမလုပ်ရဘဲနဲ့ ကိုယ့်အတွေးနဲ့ ကိုယ့်ကိုယ်ကိုယ်ရန်ရှာနေတဲ့ အဖေပါပဲ ကိုလတ်ရယ်။ အလုံတော့ ဒီဝဋ်တွေဘယ်တော့မှကျွတ်မယ် မသိပါဘူး" ဟုပြောရင်း၊ ပြောရင်းက ရှိုက်သံတွေပါလာကာ ကလေးငယ်ပမာ

mgyoe.com

mgyoe.com
လမ်းပေါ်တွင် ငိုကြီးချက်မဖြစ်လာသောကြောင့်၊ ကိုကိုလတ်သည် အနီးအနားရှိ အိမ်များမှ အလုံ၏ငိုသံကြောင့်၊ တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုနေကြသည်ကို မြင်ရသဖြင့် ...

"တိတ်လေ အလုံ၊ ဟိုမှာ လူတွေ ကြည့်ကုန်ပြီ၊ မရှက်ဘူးလား" ဟု ချော့လိုက်ရလေ၏။

"ငိုချင်တယ် ... ကိုလတ်ရယ် ... ငိုချင်တယ် ... အလုံ ... ငိုချင်တယ်"

အလုံသည် ပြောရင်းကပင် အသံမထွက်တော့ဘဲ၊ ရှိုက်ကြီးတငင်ဖြစ်လာပြန်ရာ ကိုကိုလတ်လည်း "ကဲ ဘယ်သွားမလဲ၊ မလှရွှေတို့ဆီ ပြန်မလား၊ တိတ် ... တိတ် အလကား လူမြင်ရင် ရှက်စရာ" ဟု စိတ်ပြောင်းအောင် စကားလွှဲပစ်လိုက်သည်၌ အလုံက "အလုံပေးစရာရှိတာကလေးတွေ ပေးပြီးပါပြီ ... တောင်ပေါ်အိမ်ကိုပဲ ပြန်တော့မယ်" ဟုပြောသဖြင့် ကိုကိုလတ်က "လာ ဒါဖြင့် ကိုလတ်ကားနဲ့ ပြန်လိုက်ခဲ့ပေတော့" ဟုပြောကာ ခေါ်လာခဲ့ရလေ၏။

နှစ်ယောက်သား နဝင်းချောင်းကူးတံတားကိုဖြတ်၍ လျှောက်လာခဲ့ကြသည်တွင် အလုံမှာ ရှိုက်ကြီးတငင်နှင့်ဖြစ်လာကာ၊ ခြေလှမ်းနှေးသွားပြန်သောကြောင့်၊ ကိုကိုလတ်မှာ အံ့အားကြီးသင့်သွားလျက်၊ "ဘာဖြစ်ပြန်တာလဲ အလုံ"ဟု မေးလိုက်မိရာ၊ အလုံလည်း မျက်ရည်ဖြိုင်ဖြိုင်စီးကျနေရာက "အလုံ တောင်ပေါ်အိမ်ကို မလိုက်ဝံ့တော့ဘူး၊ ကိုကိုလတ်ရဲ့" ဟု ငိုသံနှင့် ဗလုံးဗထွေးပြောလိုက်သဖြင့် ကိုကိုလတ်မှာ အဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်သွားရသဖြင့် "ဘာပြုလို့လဲ အလုံရဲ့" ဟု မေးလိုက်သည်တွင် အလုံထံမှ စကားပြန်မရ၊ တရှုပ်ရှုပ်နှင့်သာ ငို၍နေသဖြင့် ကိုကိုလတ်လည်း "ကဲ ... လာဒီကို ပြောစမ်း၊ ဘာပြုလို့လဲ" ဟုမေးရင်း ချောက်ကမ်းပါးတွင် လိုမ့်တင်ထားသော ကျွန်းလုံးကြီးများဆီသို့ အလုံအားခေါ်သွားကာ အထိုင်ခိုင်းလိုက်လေ၏။

"ပြောလေ"

အလုံသည် ဘာမျှပြန်မပြောနိုင်ဘဲ မျက်ရည်တွေတွေသာ ကျဆင်းနေသောကြောင့် ကိုကိုလတ်လည်း သူ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ပေးကာ "အင့် မျက်ရည်တွေများ သုတ်စမ်းပါဦး၊ တကတဲ ကလေးကလေးကျနေ

mgyoe.com

mgyoe.com


တာပဲ" ဟု ပြောလိုက်ရလေ၏။ အလုံလည်း မျက်ရည်များအကြားမှ ကိုကိုလတ်ကို သနားစရာကြည့်နေရင်း ကိုကိုလတ်၏မျက်နှာကဲကို ကြည့်နေပြန်ပြီးမှ၊ ကိုကိုလတ်၏ မျက်နှာတွင် ဦးနေဒွန်းအား စိတ်ဆိုးသောအရိပ်အယောင် တစ်ကွက်မျှမရှိတော့ဘဲ၊ ကြင်နာယုယသော အမူအရာတွေသာ ပြည့်လျှမ်းနေသည်ကိုတွေ့ရမှ အငိုတိတ်သွားကာ၊ ကိုကိုလတ်၏ လက်ကိုင်ပဝါကိုယူ၍ မျက်လုံးအိမ်ထောင့်များကိုတို့ကာ ပြန်ပေးလိုက်ပြီးမှ တစ်ခါသူ့ချွေးခံအင်္ကျီထဲမှ လက်ကိုင်ပဝါကိုထုတ်ပြန်ကာ နှာခေါင်းကို ဖိုးခနဲညှစ်နေပြန်သဖြင့်၊ ကိုကိုလတ်မှာလည်း သနားစရာ၊ ကြင်နာစရာနှင့် ရယ်စရာရော၍ ကောင်းနေသော အလုံမမြင်အောင် တစ်ဖက်သို့လှည့်၍ ပြုံးလိုက်လေ၏။

"ကဲ ... ပြောစမ်း၊ ဘာပြုလို့ တောင်ပေါ်အိမ်ကို မပြန်ချင်ရတာလဲ"

"တောင်ပေါ်အိမ်ရောက်လို့ ကိုလတ်ကို အဖေက ဒီလိုပြောဆိုလွှတ်တယ်ဆိုရင် ဖေဖေကြီးနဲ့မေမေကြီးတို့က စိတ်ဆိုးမှာ ..."

ရှိုက်သံတစ်ချက်က ဟင့်ခနဲ ဝင်လိုက်သဖြင့် စကားစပြတ်သွားပြီးမှ အလုံကဆက်၍ ...

"ဖေဖေကြီးတို့စိတ်ဆိုးရင် အဖေ့ကိုပေးထားတဲ့ လခကလေးဖြုတ်၊ ကိုဖိုးလှကိုလည်း အလုပ်ဖြုတ်၊ အလုံ့ကိုလည်းနှင်ပစ်နဲ့ တစ်ဆွေလုံး တစ်မျိုးလုံး ဒုက္ခရောက်ကုန်တော့မှာပဲ ကိုလတ်ရယ်"

တွေးတွေးတောတော ပူပင်ကာ၊ အစိုးရိမ်ကြီးစွာပြောလိုက်သော အလုံ၏စကားကို ကိုကိုလတ်မှာ စိတ်ထဲတွင် ကြင်နာစွာပြုံးလိုက်မိလေ၏။ သို့ပြုံးခိုက်တွင် အလုံမှာ ဝမ်းနည်းပမ်းနည်း ဖြစ်လာဟန်ဖြင့်၊ မျက်ရည်များ ဝေလာပြန်လေရာ၊ ကိုကိုလတ်လည်း မျက်နှာကလေးနီနီ၊ ပါးစုန့်ကြီးတွေ ရဲရဲ၊ မျက်ရည်ရွှဲနေသော မျက်တောင်ကော့ကြီးများကို မခတ်အားဘဲ မိမိအား အသနားခံသလို မော်ကြည့်နေရှာသူ အလုံအား ကြည့်ရင်းကြည့်ရင်း သနားရယ်ချင် ဖြစ်လာမိသည်အလျောက် မပြုံးမိဘဲမနေနိုင်အောင် ဖြစ်လာလေရာ၊ မျက်နှာ တစ်ဖက်သို့လှည့်လိုက်ရလေ၏။

မျက်နှာစာပြုထားသော နဝင်းချောင်းနှင့် ဧရာဝတီမြစ်ပြင်တွင်ကား တံငါလှေငယ်နှစ်စင်းတို့သည် အတူယှဉ်တွဲကာ၊ ရေစုန်တွင် ပျင်းရိငြီးငွေ့ဖွယ်ရာ တရွေ့ရွေ့မျောပါလျက်၊ ငါးသလောက်ပိုက်ချနေသည်ကို မြင်ရလေ၏။

mgyoe.com

mgyoe.com


စင်ရော်တစ်ကောင်မှာမူ အဖော်ကွဲဟန်ဖြင့်၊ တစာစာ ကျူးကျော်ရင်း တဝဲဝဲ လည်ကာ ပျံသန်းနေလေ၏။

"တိတ်ကွယ် ... အလုံရယ် ... အလုံငိုတာ ကိုလတ် စိတ်မချမ်းသာဘူး"

"စိတ်ညစ်လွန်းလို့ပါ ... ကိုလတ်ရယ်၊ အဖေ့ကြောင့် အလုံ စိတ်ညစ်လွန်းလို့ ..."

ကိုကိုလတ်သည် မျက်ရည်မကျတော့သည့်တိုင်အောင် တစ်ချက်တစ်ချက်တွင် ရှိုက်ငင်နေသော အလုံကိုကြည့်ရာက အကြံရ၍ ...

"ကိုလတ်တော့စိတ်ညစ်ရင် သီချင်းဆိုပစ်လိုက်တာပဲ၊ ကဲ ... ဆိုစမ်း ... သီချင်းတစ်ပုဒ်လောက်၊ ဒါမှ စိတ်ညစ်ပျောက်သွားအောင်"

ကလေးငယ်ကို ညာ၍ခိုင်းသော လူကြီးကဲ့သို့ ကိုကိုလတ်သည် အလုံ စိတ်ပြောင်းသွားစေရန် ကုလားဖန်ထိုးလိုက်သည်၌ အလုံလည်း၊ အရှိုက်ရပ်ကာ အံ့သြစိတ်တွင် သီချင်းဆိုရမည်ကို ရှက်စနိုးသောစိတ်ကလေး အပေါ်လွှာဖုံးလျက် မပြုံးတစ်ကွက်နှင့်ဖြစ်လာကာ "ဟာ ... ကိုလတ်ကလည်း" ဟု ရှက်ကိုးရှက်ကန်းနှင့် ပြောလိုက်လေ၏။ ကိုကိုလတ်လည်း အလုံ စိတ်ပြောင်းလာကြောင်းကိုသိသဖြင့်၊ ရှေ့သို့ဆင့်၍ ...

"ကဲလေ ... ဆို ... သီချင်းတစ်ပုဒ် ... ကိုလတ်ကိုဆိုပြ၊ ဒါမှဆရာ၊ နို့ မဟုတ်ရင် ကိုလတ်က ဒီနေ့ဖြစ်တာတွေကို ဖေဖေကြီးကိုတိုင်လိုက်မှာ..."

မိန်းမရိုးကလေး အလုံမှာ ဤတွင် အကျပ်ရိုက်သွားတော့လျက် "ဟာ ... ကိုလတ်ကလည်း အလုံ သီချင်းမှမဆိုတတ်တာပဲဟာကို ပြီးတော့လည်း စိတ်ညစ်ရင် သီချင်းဘယ်မှာဆိုလို့ရပ့ါမလဲ ..." ဟု မျက်ရည်ကြောင့် ရွဲ၍နီရဲသော ပါးမို့များတွင် ရှက်သွေးထပ်ဆင့်၍ဖျန်းကာ၊ ပြောလိုက်သဖြင့် ကိုကိုလတ်က ...

"အို ... ရတဲ့သီချင်းကိုပဲဆိုပေါ့ ... ကဲ ... မယုံရင်ဆိုကြည့်စမ်း၊ ဆိုလိုက်ရင် တစ်ခါတည်း စိတ်ညစ်ပျောက်သွားမယ်၊ ဆိုလေ ... မဆိုဘူးလား ... ဖေဖေကြီးကို တိုင်လိုက်ရမလား၊ ဟုတ်လား ..." ဟု ကြောက်တတ်ပါတယ်ဆိုကာမှ ကြောင်ကြီးနှင့်ထပ်တို့လိုက်သဖြင့် အလုံ ခမျာမှာ တကယ်ပင် အခက်ကြုံနေပြီးမှ "အလုံရတဲ့သီချင်းကို ကိုလတ်ကြိုက်မှာ မဟုတ်ပါဘူး၊ ကောင်းလည်း မကောင်းပါဘူး ..." ဟု ယိုင်ပါလာသော

mgyoe.com

mgyoe.com


စကားထွက်လာရတော့လေ၏။

"ဆို ... မကောင်း၊ ကောင်းကောင်း ... ဆို ..."

အလုံသည် ကိုကိုလတ်အား မျက်လွှာကလေးလှန်ကြည့်ကာ၊ ပြုံးစနဲ့ကလေးဖြစ်လာပြီး ခေါင်းကိုသာ အတွင်ငုံ့နေရာက၊ "ကိုလတ် မရယ်ရဘူးနော် ..." ဟု ရယ်မည်ကို ရှက်သောအသံနှင့် ပြောလိုက်ရာ၊ ကိုကိုလတ်ကလည်း မိမိခိုင်းသည့်အတိုင်း လုပ်နေရှာသော မိန်းမရိုးကလေးကို ကရုဏာသက်မိရာက "အေးပါ ... ဆိုပါလို့ဆို" ဟု တွန်းပေးလိုက်လေ၏။ ဤတွင်မှ အလုံလည်း ရှက်ကိုးရှက်ကန်းနှင့်ပင် ...

"သောင်ယံလယ် ... မောင်နှံငှက်တွေက ... လည်ချင်းယှက်ကာ ... တောင်ပံဆက်သွယ် ... မြူးထူးကြကာ ... အစာရှာကြတယ် ... အဏ္ဏဝါ ရေပြင်လယ် ... လှိုင်းဂယက်ကဖွေးတယ် ... နဒီကမ်းဆွယ် ... သာ ... လှတယ်" ဟာ ဆိုချင်တော့ဘူး" ဟု သီချင်းအတွဲပိုဒ်ကို ချီလိုက်ရာက၊ ရှက်ကိုးရှက်ကန်းကြီးနှင့် အဆုံးသတ်ကာ ခေါင်းတငုံ့ငုံ့နှင့် ပြုံးရောင်ပွင့်နေတော့လေရကား ...၊ ကိုကိုလတ်မှာ သနားစရာ၊ ကြင်နာစရာ၊ ရိုးသားလှသော အလုံအား ကြည့်ရင်းကပင် ကြင်နာစိတ်တွေ သိသိသာသာ ယိုဖိတ်လာမိတော့လျက်၊ မြစ်ပြင်ဆီသို့ တစ်ချက်ငေးနေလိုက်မိလေ၏။ ငေးနေစဉ်တွင်လည်း ...

ကရုဏာသံကလေး တစာစာမှာ ကိုကိုလတ်၏နားထဲတွင် အသက်ပြန်ဝင်သလို ပဲ့တင်ထပ်ပြန်တော့ရာ ကြည်နူးရတော့မလိုလို ဖြစ်မိရပြန်တော့လေ၏။

"ဆိုလေ ... ဆက်ဆို ... အလုံက အသံအတော်ကောင်းသားပဲ ... သီချင်းကလည်းကောင်းတယ်"

အလုံလည်း မြစ်ပြင်ဆီကို ငေးရာက ...

"ပိုက်ကြိုးများနဲ့ ကိုတံငါတွေရယ် ... ငါးကိုထောင်ကာ ... ရေယဉ်ကြောဝယ် ... အမြဲမျောကာ ... ပိုက်ကိုချတယ် ... ဝမ်းရေးကိုသာကွယ်... ရှာကြံနေကြတယ် ... ငါးဒန် ... ရွှေငါးကြင်းရယ် ... ပေါများကြွယ် ... ဟို ... မြစ်အလယ်" တော်ပါတော့ ကိုလတ်ရာ၊ အလုံဆိုရင်းရှက်လာပြီ"

ကိုကိုလတ်မှာ အားရပါးရ ရယ်လိုက်မိလေတော့သည်။ ပြီးမှ "ကဲ...

mgyoe.com

mgyoe.com


ပြန်ကြစို့ … စက်ဝင်းဝကစောင့်နေ၊ ကိုလတ်ကားထုတ်ခဲ့မယ်" ဟုပြောကာ၊ သစ်လုံးကြီးများပေါ်မှ နှစ်ယောက်သားထလာခဲ့ကြလေ၏။ ဤအချိန်တွင် အလုံ၏မျက်နှာကလေးတွင် မျက်ရည်စများ မသွေ့တသွေ့နှင့် နီရဲသော ပါးစုန့်ကြီးများမှာလည်း ပြန်လည်ကြည်လင်၍ သန့်စင်ဝင်းဝါနေကြပြီ ဖြစ်လေ၏။

❋ ❋ ❋

ကားထားသောရုံထဲသို့ ကားကို အရောက်မောင်းဝင်ခဲ့သဖြင့် အလုံမှာ ကားပေါ်မှအဆင်းတွင် ကိုကိုလတ်၏ နောက်မှ ကပ်၍ လိုက်လာခဲ့လေရာ၊ ကိုကိုလတ်သည် စိတ်လက်ပေါ့ပါးရွှင်ပျနေဟန်ဖြင့်၊ "ပိုက်ကြိုးများနဲ့ ကိုတံငါတွေရယ် … ငါးကိုထောင်ကာ … ရေယဉ်ကြောဝယ် … အမြဲ မျှောကာ ပိုက်ကိုချတယ်" ဟူသော သီချင်းပိုဒ်ကို ခပ်ညည်းညည်းဆိုရင်း လျှောက်သွားသဖြင့်၊ အလုံမှာ ကိုကိုလတ်၏ ကျောပြင်ကြီးကိုကြည့်ကာ ကြည်နူးရမလိုလိုပင် ဖြစ်နေမိရှာလေ၏။

သို့နှင့် အိမ်ရှေ့ဝင်းတံခါးဝ ကျောက်ဖြူလှေကားထစ်များရှေ့သို့ ရောက်ခဲ့ရာ၊ အလုံလည်း ကိုကိုလတ်၏နောက်မှ ထိုလှေကားထစ်များကို တက်မည်ပြုပြီးမှ ခြေလှမ်းတန့်သွားပြီး … "အဟင်း" ဟု တစ်ချက် ရှက်ရယ်ကလေး ရယ်သံပေးလိုက်ပြီးလျှင် "သွားတော့မနော် ကိုလတ်" ဟု ကိုကိုလတ်အား နှုတ်ဆက်ပြီးလျှင် အိမ်ဘေးမှကွေ့၍ မီးဖိုဘက်သို့သွားသော မြေနီလမ်းကလေးဆီသို့ ခြေဦးတည်လိုက်သည်၌ ကိုကိုလတ်လည်း စည်းကမ်းကြီးစွာထားသည့်အတိုင်း အိမ်ရှေ့တံခါးမကြီးအပေါက်မှ ဝင်ခွင့်ထွက်ခွင့်မရှိဘဲ နောက်ဘေးတံခါးပေါက်မှသာ ဝင်ဝံ့၊ ထွက်ဝံ့ ရှာသူကလေးအား၊ "အေး" ဟု တစ်လုံးတည်းပြုံး၍ ပြောလိုက်ရရှာရင်း အလုံအား သနားကြင်နာစွာ ကြည့်ငေးနေမိတော့၏။ ထိုစဉ်တွင် …

"အမယ်လေး ကြည်နူးနေလိုက်ကြတာ၊ ဧည့်သည်ကိုတောင် မမြင်ဘူး ထင်ပါရဲ့" ဟု အောက်ကလိ အာကြောင်လှစွာသောအသံဖြင့် ပြောသံကို ကြားရလေရာ၊ လှည့်ကြည့်လိုက်သည်၌ နှင်းဆီရုံအကြားမှ နှင်းဆီပွင့်ကို ခူးကာဝင်လာသော ခင်နှင်းလွင်ကို တွေ့ကြရသဖြင့် ကိုကိုလတ်မှာ "ဟော…

mgyoe.com

mgyoe.com


အနှင်း၊ ဘယ်တုန်းကရောက်နေသလဲ"ဟု ခပ်ပြုံးပြုံးကြီး၍ မေးလိုက်လေ၏။

အလုံခမျာမှာလည်း လှည့်၍ကြည့်မိလျက်သား ဖြစ်နေသောကြောင့် "ဩော် ... မမနှင်း" ဟု ကိုယ့်ထက်ငယ်ပုံရသူကိုပင် (မမ) တပ်၍ခေါ်ကာ အလိုက်သင့်ပြုံးကာ ထွက်သွားရှာလေ၏။

"သီချင်းကလေးတအေးအေးနဲ့ ကိုရွှေလတ်တယ်ပြီး ကြည်နူးနေပါကလား၊ ဟင် ... ကိုသာယာကြီး၊ လုံမကို ဘယ်ကခေါ်ခဲ့သလဲ" ဟု ခင်နှင်းလွင်က အလုံအား မဲ့ပြုံးပြုံးကာ တစ်ချက်ကြည့်၍ ပြောလိုက်ရာ၊ ကိုကိုလတ်က "ဩော် ... သစ်စက်က သူ့အဖေဆီသွားတာ၊ အပြန်မှာ ကြုံလို့ ... လမ်းအရှည်ကြီးလျှောက်ရမှာစိုးလို့ ကိုလတ်ဂျစ်နဲ့ တင်ခေါ်ခဲ့ရတယ်" ဟု ပြောလိုက်လေ၏။

"ခေါ်လာတာကလည်း ရှေ့ကခုံမှာ ထိုင်ခိုင်းရသလား"

"ဩော် ... အနှင်းရယ်၊ ခက်ပါဘိတော့၊ လျှောက်ရမယ့်ခရီးက အဝေးကြီး၊ သနားစရာ"

"ဘာလဲ ... ကရင်မလေးကို သနားတာမျိုးလား၊ ဟင်းနော်"

❋ ❋ ❋

"စိတ်မှာလည်း ကြည်နူးဖွယ်၊ တောတန်းနဲ့သောင်ကမ်းက သာယာပါပေတယ်၊ လောင်းလှေကလေးတွေများရယ် ကူးသန်းလို့နေ့တိုင်းပါ့၊ ထာဝစဉ်အမြဲအားဖြင့်ကွယ် နေကြတယ်။ တို့တောရွာကြီး မြစ်ဆိပ်ကမ်းသာလယ် ..."

အလုံသည် ထမင်းစားခန်းတွင် တစ်ယောက်တည်း မိမိလေးတို့၏ ဘော်လီအင်္ကျီများကို မီးပူတိုက်ရင်း၊ သီချင်းကလေး တိုးတိုးညည်းကာ၊ ညနေကဖြစ်ပျက်ခဲ့သမျှတို့ကို အပြန်ပြန်အလှန်လှန်တွေး၍ နေမိလေ၏။ အချိန်မှာ ည ၁၁ နာရီကျော်ပြီဖြစ်ရာ၊ အိမ်ကြီးရှင်များ အိပ်ရာဝင်သွားကြပြီဖြစ်သောကြောင့် အလုံသည်တစ်ယောက်တည်း လွတ်လပ်စွာအလုပ်လုပ်ရင်း ကျန်ရစ်ခဲ့ခြင်းဖြစ်လေ၏။ ညနေက အဖြစ်အပျက်တို့ကို တွေးမိရာ၌၊ တွေးလုံးများ၏အကြားတွင် မားမားကြီးပေါ်လွင်၍နေသူမှာ ကိုကိုလတ်ဖြစ်လေရာ၊ အလုံမှာ ကိုကိုလတ်၏ ပျော်တတ်ရွှင်တတ်ပုံ ရယ်စရာလုပ်

mgyoe.com

mgyoe.com


တတ်ပုံ၊ သည်းခံနိုင်စိတ်ရှိပုံ၊ ကြင်နာယုယတတ်ပုံများနှင့်တကွ စိတ်ရင်းကောင်းသည်နှင့်အမျှ အကြံအစည်ကြီးမားကာ သစ်စက်ကြီးကို အသက်တမျှချစ်ခင်ပုံတို့ကိုပါ နွှေဦးလေရူးကဲ့သို့ အတွေးမျိုးစုံဝန်းဝိုင်းလျက်၊ မီးပူတိုက်၍နေရှာလေ၏။ ထိုအခိုက်တွင် လှေကားကြီးဆီမှ ခပ်ဖော့ဖော့ခြေနင်း၍ တစ်စုံတစ်ယောက် ဆင်းလာသောအသံကို တိတ်ဆိတ်နေသော ညဥ့်ဖြစ်သဖြင့်အလုံနားစွင့်လိုက်မိရာ၊ လက်မှမီးပူကို ခုံတတ်အားပိတ်၍ ထောင်လိုက်ပြီးနောက် လျှော်တံခါးကြီးကိုကပ်၍ တံခါးဟနေသည့်အကြားမှ ချောင်းကြည့်လိုက်သည်၌ အလုံမှာ မျက်လုံးပြူးသွားရတော့လေ၏။

မြင်ရသူမှာကား၊ အခြားမဟုတ်၊ မိမိလေး ဖြစ်နေသည်သာမကသေး၊ မိမိလေးမှာ တစ်ကိုယ်လုံးအလှူအတန်းသွားမည့်ပမာ၊ ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသည့်ပြင်၊ အလှအပပြင်ဆင်ထားလိုက်သည်မှာလည်း ညွှန့်ကြော့နေတော့သည်သာမက လက်တွင်လည်း လက်ပွေ့ချိုင်းညှပ်သားရေပြောင်အိတ်အကြီးစားတစ်လုံးကိုပါ ကိုင်၍လာသည်ကို မြင်ရသဖြင့်အလုံလည်းမိမိလေး၏ ရိုးပုံမရသောအကဲကို ဆက်၍ခတ်နေလိုက်လေ၏။ မိမိလေးလည်း လှေကားထိပ်တွင် ခပ်မှိန်မှိန်ထွန်းထားသော မီးရောင်ဖြင့်လှေကားကိုအသံမမြည်အောင် ဂရုစိုက်ဟန်နှင့် ဖော့ဖော့ကလေးဆင်းလာရာတွင် အပေါ်ထပ်သို့လည်း မကြာခဏ ပြန်၍ပြန်၍ကြည့်ကာ၊ တစ်စုံတစ်ခုကို စိတ်မချသောအမူအရာများ ပေါ်လွင်နေတော့ရာ၊ အလုံမှာ မိမိလေးခိုးကြောင်ခိုးဝှက် အလစ်တွင်ဆင်းလာကြောင်းကို သိရတော့လျက် ဆက်၍အကြောင်းကို သိနိုင်ရန် ကြည့်မြဲကြည့်နေလိုက်ပြန်လေ၏။

လှေကားထိပ်သို့ ရောက်သည်၌ မိမိလေးသည် လှေကားအောက်ဘက်၌ရှိသော ဖိနပ်စင်သို့သွားကာ ပိန်းတန်းဖိနပ်တစ်ရန်ကို ထုတ်လိုက်လေ၏။ သို့သော်လည်း ခြေထောက်တွင်မစီးဘဲ လက်ကသာကိုင်၍ ခြေဖျားကလေးသောက်ကာ၊ တံခါးမကြီးဆီသို့ တရွေ့ရွေ့သွားနေလေရာ၊ အလုံမှာခြေသံမကြားစေရန်၊ အမျိုးမျိုးကြံဖန်နေရှာသော မိမိလေး၏အကြံအစည်ကိုဝိုးဝါးမျှ ရိပ်မိလာရတော့လျက် ချောင်းတစ်ချက်ဟန့်လိုက်လေ၏။ မိမိလေးမှာ အလုံ၏ချောင်းဟန့်သံကို ကြားလိုက်ရသည်တွင် သရဲခြောက်ခံရသူပမာမျက်လုံးပြူးကလာ၊ ပျာကလဲနှင့်ဖြစ်ကာ ကြောင်တက်တက်နှင့် တံခါးမကြီး

mgyoe.com

mgyoe.com


အနီးတွင် မလှုပ်မယှက်ရပ်၍ ထမင်းစားခန်းဆီသို့ စူးစိုက်ကြည့်နေပြီးမှ အတန်ငယ်ကြာသည်တွင် စိတ်ချသွားသလို တစ်ချက်ပြုံးလိုက်ပြီးနောက်၊ တံခါးမကြီးကို လက်တွင်ပါလာသည့်သော့ဖြင့် ဖွင့်နေလေရာ အလုံမှာ မိမိလေးမည်သည့်အခါမျှ ကိုင်လေ့မရှိ၊ မိမိနှင့်ဒေါ်စုတို့သာ ကိုင်ဖွင့်သိမ်းရလေ့ရှိသော တံခါးသော့ကို မိမိလေးမည်သည့်အချိန်က ချိတ်ထားရာ၊ တိုင်ကွယ်မှ ဖြုတ်ယူထားသည်မသိ၊ မိမိလေး၏လက်၌ တွေ့မြင်နေရခြင်းကြောင့် ချောင်းဟန့်ရုံမျှဖြင့် ကိစ္စပြီးမည်မဟုတ်ကြောင်းကို သိရတော့သောကြောင့် လျှောတံခါးကြီးမှ ခြေသံပေး၍ ထွက်လိုက်လေ၏။

မိမိလေးသည် တံခါးသော့ကိုဖွင့်ရန် ကြိုးစားနေရာမှ ခြေသံနှင့်တကွ ထမင်းစားခန်းထဲမှ အလုံထွက်လာသည်ကို မြင်သည်နှင့်တစ်ပြိုင်နက်၊ ကျောဘက်တွင် လက်ကလေးနှစ်ဖက်ယှက်၍ သော့ကိုဖွက်လိုက်ကာ "ဩော် ... အလုံမအိပ်သေးဘဲကိုး" ဟု ခပ်တိုးတိုးပြောကာ ဘာမှမဖြစ်ဟန်ဆောင်နေလိုက်ရာ၊ အလုံမှာ အလုံးစုံတွေ့မြင်ပြီးသူ ဖြစ်သည့်အလျောက် "အမိလေး ဘာလုပ်နေတာလဲဟင်"ဟု မသိဟန်ဆောင်မေးလိုက်လေ၏။

ဤတွင် မိမိလေးက အားရပါးရပြုံးဟန်မျိုးဖြင့်ပြုံးကာ "အမိလေး အိပ်လို့မပျော်ဘူး အလုံရဲ့၊ ဒါကြောင့် ခြံထဲဆင်းပြီး ခဏလမ်းလျှောက်မလို့ အိုက်လည်းအိုက်လို့" ဟု ခပ်တည်တည်ဖိန့်လိုက်သဖြင့် အလုံက မေးကလေးငေါ့၍ "ဒါလားကွယ် ... အမိလေးရယ် ... အိပ်မပျော်လို့ထပြီး လမ်းလျှောက်မယ့်လူ၊ ဟင် ... ဝတ်ဆင်ထားလိုက်တာကြော့လို့ အလှူသွားသလို ဝတ်ထားတဲ့ လူကလားကွ ... လမ်းလျှောက်မယ်ဆိုတာ" ဟု ချက်ကိုကိုင်လိုက်သည်၌ မိမိလေးမှာ မျက်စိမျက်နှာပျက်သွားလေ၏။ ပြီးမှ ဣန္ဒြေပြန်ဆယ်ကာ ခြောက်သွေ့သွေ့ရယ်လိုက်ရင်း ...

"ဩော် ... ခက်လိုက်ပါဘိတော့အလုံနှယ် ... အမိလေးက အမြဲဒီလိုပဲ ကြော့ကြော့ရှော့ရှော့ ဝတ်တတ်တဲ့ဟာကို" ဟု ထပ်ဖိန့်လိုက်ပြန်လေ၏။

အလုံလည်း ဖိန့်နေမှန်းသိလျက်နှင့်ပင် "ကဲ ... ဒါဖြင့် သွားလေ၊ အလုံလည်းလိုက်မယ် ဟုတ်လား" ဟု ပြောလိုက်ရာ၊ မိမိလေးမှာ စိတ်ပျက်သွားဟန်ဖြင့် "ဟင့်အင်းကွယ် အမိလေးတစ်ယောက်တည်း အေးအေးလူလူ

mgyoe.com

mgyoe.com


လမ်းလျှောက်ချင်တာ" ဟု ကလေးဆိုးလိုလုပ်၍ ပြောနေပြန်သဖြင့် အလုံလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရာက "သွားလေ ... သွား ... အလုံ တံခါးစောင့်ဖွင့်ပေးမယ်၊ ဒါပေမဲ့ ..."

စကားမဆုံးမီ အလုံသည် မိမိလေး၏လက်ထဲမှ လက်ပွေ့အိတ်နှင့် တံခါးမကြီးသော့ကို ဆတ်ခနဲအမှတ်မဲ့ဆွဲယူလိုက်လေ၏။ ပြီးမှ "ည ကိုယ့်ခြံထဲကိုယ် လမ်းလျှောက်တာပဲကွယ် ... လက်ပွေ့အိတ်ယူသွားဖို့ မလိုပါဘူး" ဟု ခပ်ကြောင်ကြောင်ပြောလိုက်လေ၏။

မိမိလေးမှာ ရုတ်တရက်ဖြစ်၍ အလုံ၏လက်သို့ လက်ပွေ့အိတ်နှင့် တံခါးမကြီးသော့ ပါသွားရသည်တွင် ပါးစပ်ကလေးပွင့်လျက်သား ဖြစ်သွားရာမှ၊ ရုတ်တရက်၊ သတိပြန်ရလာသလို "ပေးပါ အလုံရဲ့၊ လက်ပွေ့အိတ်ကို ပေးပေး" ဟုပြောကာ ဖွတ်ရောအစမ္ပလိုက်၍ လုသဖြင့် အလုံလည်း မိမိလေး၏လက်များကိုနိုင်နင်းစွာ ဖယ်ရှားပစ်ကာ "လက်ပွေ့အိတ်လိုချင်ရင်ပြောလေ ဘာပြုလို့ ဒီအိတ်ကြီးကို ယူသွားရတာလဲလို့" ဟု မျက်နှာထားတည်တည်နှင့် မေးခွန်းထုတ်လိုက်ပြန်သည်၌ မိမိလေးမှာ ကြောင်တက်တက်ကြီး ဖြစ်နေပြန်လေ၏။

ထိုအခိုက်တွင် ကြည်နူးသော တယောသံတစ်ခုသည် ခြံဝင်းပြင်ဘက်ဆီမှ လူးကာလိမ့်ကာ ဝင်၍လာလေ၏။

တယောသံကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက်၊ မိမိလေးမှာ ပျာရိပျာယာအမူအရာများ ပေါ်လာတော့ကာ၊ အလုံ၏လက်မှ လက်ပွေ့အိတ်နှင့်သော့ကို "ပေးပါအလုံရဲ့၊ ပေး ... ပေး ... ပေးဆိုနေ ပေး" ဟု ခပ်ကျိတ်ကျိတ် ပြောရင်း၊ ဖွတ်အတင်းဖက်၍လုပြန်ရာ၊ အလုပ်ကြမ်းနှင့် ကြီးပြင်းလာခဲ့သူ အလုံသည် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေရသူ မိမိလေးအား နိုင်နင်းစွာထိန်းသိမ်းထားနိုင်ရာက "မပေးဘူး၊ မပေးဘူး၊ အမိလေး ဘာပြုလို့ ဒီလက်ပွေ့အိတ်ကို ဒါလောက်လိုချင်တာကို အလုံ သိတယ်" ဟု ပြောလိုက်လေ၏။

"မပေးဘူးလား ..."

"မပေးဘူး ..."

"ပေး ..."

mgyoe.com

mgyoe.com


"မပေးဘူး ..."

"ကိုင်း ... မိလုံမ ... ငါ့အိတ်ကို မပေးနဲ့ဦး"

"အို ... အမိလေး ..."

အလုံခမျာမှာ မနည်းအံခဲ၍ ကျိတ်မှိတ်ကာ ညည်းလိုက်ရရာရင်း မျက်ရည်များပင် ဝိုင်း၍လာတော့သည်။ အကြောင်းမူကား နွဲ့ဆိုးမိမိလေးသည် ကလေးစိတ်မပျောက်သေးသူဖြစ်သည့်အတိုင်း၊ အလုံကို အတင်းဖက်၍အိတ်ကိုလုနေရာမှ ပခုံးစွန်းကို ကိုက်ဆွဲလိုက်သောကြောင့်ဖြစ်လေ၏။

နွဲ့နှောင်းပျော့ညသော တယောသံသည် ခြံဝင်းပြင်ဘက်မှလူးလိမ့်ကာဝင်လာပြန်လေ၏။ အမိလေးမှာလည်း တစ်ကိုယ်လုံးဆတ်ဆတ်တုန်ကာ အသက်ရှူပြင်းထန်၍ နေလေ၏။

"ကဲပါ ... အမိလေးရယ်၊ အိမ်ပေါ်သာ ပြန်တက်ပါတော့ကွယ် ... ခြံထဲကိုမဆင်းပါနဲ့တော့ ..."

"ဆင်းမယ် ... ဘာဖြစ်သလဲ၊ ကိုယ့်အိမ်ခြံထဲကိုယ်ဆင်းတာ"

"အေးနော် ... ဆင်းကြည့်ပါလား၊ အခုချက်ချင်း မေမေကြီးကိုနှိုးပြီး တိုင်လိုက်မယ်"

ဤတွင် မိမိလေးမှာ ပင့်ကူနှင့်အအုပ်ခံရသော မြွေဆိုးကြီးကဲ့သို့ ဒေါထန်နေရာမှ နွဲ့သောအမူအရာသို့ ချက်ချင်းပြောင်းသွားကာ "သွားပါရစေ အလုံရယ် ... ခဏကလေးပါ" ဟု တောင်းပန်သောလေသံနှင့် ချော့ရှာပြန်လေ၏။ သို့သော်လည်း အလုံက "မသွားရဘူး၊ အမိလေး ... မသွားရဘူး၊ မေမေကြီးတို့သိရင်လည်း မကောင်းဘူး၊ လာအိပ်တော့ ... အိပ်တော့" ဟု ပြောကာ မိမိလေး၏လက်ကိုဆွဲ၍ လှေကားကိုတက်ခဲ့ရာ မိမိလေးလည်း အလုံအား ပြော၍မရမှန်းကို သိပြီးဖြစ်သဖြင့် စူစူအောင့်အောင့်နှင့် လိုက်ပါ၍ လာခဲ့လေ၏။

မိမိလေးအား သူ့အိပ်ခန်းထဲသို့ အရောက်ပို့ပြီးသည်နှင့်တစ်ပြိုင်နက် အလုံလည်း တံခါးမကြီးသော့ကို ချွေးခံအိတ်ထဲသို့ထည့်ကာ မိမိလေး၏ လက်ပွေ့အိတ်ကို ဖွင့်ကြည့်လိုက်ရာ၊ အလုံမှာ မျက်လုံးမျက်ဆန်ပြူးသွားရလေ၏။ အကြောင်းမူကား လက်ပွေ့အိတ်ထဲတွင် မိမိလေး၏ တစ်ကိုယ်စာ စိန်ထည်များနှင့် ရွှေခြေချင်းကြီးတစ်ရန်အပြင် အင်္ကျီဘော်လီလုံချည်တစ်စုံ

mgyoe.com

mgyoe.com


ကိုပင် တွေ့မြင်နေရသောကြောင့် ဖြစ်လေ၏။

"ကြည့်စမ်း ... ကြည့်စမ်း ... တယ်ပြီး မိုက်ပါကလား၊ အမိလေးရယ်၊ အမိလေးတို့လို ဂုဏ်သရေရှိသားသမီးတွေမပြောထားနဲ့၊ အလုံတို့လို သူဆင်းရဲတွေတောင် ဒီလိုဟာမျိုး မကြံဝံ့ကြဘူးကွဲ့၊ ယောကျ်ားဆိုတာ လက်ထပ်ယူတဲ့မယားကိုတောင်၊ စိတ်မထင်ရင် မထင်သလို လုပ်တတ်ကြ တာ၊ ခိုးရာလိုက်တဲ့မိန်းမဆိုရင် အင်မတန် အထင်သေးအမြင်သေးခံရတတ် တယ်၊ ငါလက်ဖျောက်တီးခေါ်လိုက်တာနဲ့၊ လိုက်လာတဲ့မိန်းမလို့ ဆိုတတ် တယ်၊ အင်း ... အမိလေး ... အမိလေး ... ငါ့ညီမ မှားတော့မလို့ပါလား ကွယ်၊ ကဲ ... အိပ်တော့၊ အိပ်တော့ အလုံစောင်ခြုံပေးပြီး ခြင်ထောင်ချခဲ့ မယ်နော် ..."

အလုံသည် မိမိလေး၏ အကြံအစည်ကို လုံးဝရိပ်မိသွားကာ၊ ဖျောင်း ဖျောင်းဖျဖျနှင့် ခုတင်ပေါ်တွင် ငိုင်၍ထိုင်နေသူ မိမိလေးအား ယုယစွာ ပြော လိုက်လေ၏။ မိမိလေးမှာမူ၊ နှုတ်ခမ်းကလေးစူလျက်၊ ရုတ်တရက် ထိုင်ရာမှ ထလိုက်ပြီး၊ "အလုံ ဘာနားလည်သလဲ၊ လောကမှာ ချစ်တာသာ ပဓာန၊ အချစ်မရှိတဲ့ဘဝဟာ အသေနဲ့တူတူပဲဆိုတာ အလုံ နားမလည်ပါဘူး၊ ထမင်း ရည်လျှက်ရလျှက်ရ၊ တဲပျက်မှာ အချစ်နဲ့ပျော်နိုင်တယ်၊ ခုလိုစည်းစိမ်ကြီးနဲ့ နေပြီး၊ ချစ်သူကိုလွမ်းနေရတာ အလကားပဲ" ဟု ဆောင့်ကြီးအောင့်ကြီးနှင့် ပြောလိုက်ရာ အလုံလည်း မိမိလေးအား ခေါင်းတညိတ်ညိတ်နှင့် ကြင်နာစွာ ကြည့်ရာက ...

"အပြောမှာတော့ လွယ်တာပေါ့၊ အမိလေးရယ်၊ တကယ့်လက်တွေ့ ကျတော့ လောကမှာအချစ်တစ်ခုတည်းသာ ပဓာနမဟုတ်ဘူးကွယ်၊ အဲဒီ အချစ်ခိုင်အောင်မြဲအောင်ဆိုတာဟာ အချစ်ကိုအရသာခံစားနိုင်တဲ့ အခြေ အနေရှိမှ အချစ်ကို အရသာခံစားနိုင်အောင်ကလည်း မတောင့်မတ မကြောင့် မကြ တတ်နိုင်သရွေ့နေရမှ အချစ်ဟာ မြဲတာ၊ နို့မဟုတ်ရင် ကလေးကငို၊ သေးကစို၊ ဒန်တိုကပျောက်၊ လင်ကငေါက်ဆိုတာလို ဆင်းဆင်းရဲရဲနဲ့ နေရပြီ ဆိုမှဖြင့်၊ အင်မတန်ချစ်တဲ့ လင်မယားတောင် ကတောက်ကဆတ်ဖြစ်ကြရ တယ်၊ အချစ်မွှန်တဲ့ သမီးရည်းစားဘဝမှာတော့ ဘာဖြစ်ဖြစ် မရိုးသေးလို့ သည်းညည်းခံနိုင်တယ်။ လင်မယားဘဝရောက်ပြီဆိုမှဖြင့် အချစ်သွေးက

mgyoe.com

mgyee.com


လည်း အေးပြီးလာ၊ တောင့်တောင့်တတ ဘာမှလည်းမနေရဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဗွေယူစရာကလေးတွေပေါ်လာပြီး နောက်ဆုံးမှာ စိတ်မချမ်းသာစရာတွေ ဖြစ်တတ်တယ်။ ကဲပါ ညီမရယ် ... အိပ်ပါတော့ ကွယ်" ဟု ဖျောင်းဖျောင်းဖျဖျ အိပ်ခိုင်းရပြန်လေ၏။

"မအိပ်ဘူး ... မအိပ်ဘူး၊ အမိလေး ဒီမှာ အသည်းတွေကျွမ်းနေပြီ၊ ဘယ်လိုမှ မအိပ်နိုင်ဘူး"

"အသည်းကျွမ်းနေတယ်ဆိုရင် အမိလေး ခုနေကို ဆေးရုံကြီးကို ပို့ရရောပေါ့ကွယ်၊ အမိလေး အသည်းဟာ အကောင်းကြီးရှိပါသေးတယ်၊ ကဲ ... အိပ်"

"အိပ်ဘူး ... အိပ်ဘူး ..."

"ဘာပြုလို့ ..."

"အို ... မအိပ်ဘူးဆိုနေ"

"ကဲ ... ပြောစမ်း၊ အလုံကို ... အမိလေး ဒါလောက်တောင် မိန်းကလေးဣန္ဒြေကို မဆောင်နိုင်အောင် ဖြစ်နေတာ၊ ဘယ်သူမို့လဲ"

"အမယ်လေး ... မပြောချင်ပါဘူး၊ ပြောရင် အလုံကလည်း ဖျက်ဦးမှာ ပါပဲ၊ တစ်အိမ်လုံးမှ သဘောမတူတဲ့ဟာ ..."

"အလုံက မဖျက်ပါဘူးကွဲ့၊ ပြော ... ဟော ဘယ်သူဘယ်ဝါ ဘာလုပ်ကိုင်စားတယ်ဆိုတာကိုပြော အလုံသိရရင် မေမေကြီးတို့ကို နားမဝင်ဝင်အောင် အလုံပြောပေးမယ်၊ ခိုးရာတော့မလိုက်ပါနဲ့ ညီမရယ်၊ တင့်တောင့်တင့်တယ်ဖြစ်အောင် အလုံကြိုးစားပေးမယ် ဟုတ်လား၊ ဒါနဲ့မှ လူကြီးတွေက သဘောမတူဘူးဆိုရင် အလုံကိုယ်တိုင် အထုပ်ရွက်ပြီး လိုက်ပို့မယ်၊ ကဲ အိပ်အိပ်၊ အမိလေးက လိမ္မာပါတယ်ကွယ်"

ထိုအခိုက်တွင် ခြံဝင်းအပြင်ဘက်မှ တယောသံသည် ကျယ်လောင်စွာ တစ်ချက်လွန့်လိုက်ပြန်ရာ၊ မိမိလေးမှာ မခံမရပ်နိုင်တော့သကဲ့သို့ အလုံ အဝတ်များကိုထုတ်ပြီးနောက် အမှတ်မဲ့ချထားသော လက်ပွေ့အိတ်ကြီးကို ကောက်ယူကာ၊ ဖယ် ... ဖယ် ... ဖယ်ကြ ငါသွားမယ်" ဟု အသံကို မထိန်းနိုင်ဘဲပြောကာ၊ အောက်ထပ်သို့ ဆင်းပြေးရန်ကြိုးစားလေရာ၊ အလုံ လည်း အပျိုဖော်ဝင်စ ချစ်ရူးကြွချိန်တွင် ချစ်မီးရှိန်လောင်မြိုက်၍ ချစ်မှိုင်း

mgyee.com

mgyoe.com



တိုက်ခံရဖြင့်၊ ချစ်ငမ်းဖမ်းနေသူ မိမိလေးအား အတွင်သာဖက်ထားရင်း တားထားရလေ၏။ မိမိလေးမှာ ဇွတ်အတင်းပင် ရုန်းကန်နေလေရာ၊ ထိုခဏ၌...

"ဘာဖြစ်နေသလဲ သမီး ..." ဟူသောအသံသည် တံခါးပြင်ဘက်မှ ကပ်၍ပေါ်လာသောကြောင့်၊ အလုံကိုယ်တိုင်ပင် မျက်စိမျက်နှာပျက်သွားရာက "ဟော မေမေကြီးလာနေပြီ ... သွား ... သွားအိပ်ရာထဲ၊ အလုံ လှည့်ပတ်ပြီး ပြောလိုက်မယ်" ဟု မိမိလေး၏ နားဝတွင်ကပ်၍ပြောကာ၊ အိပ်ရာဆီသို့ ကပျာကသီ တွဲခေါ်ခဲ့လေ၏။ မိမိလေးလည်း မိခင်ကြီးကို ကြောက်သော အရှိန်ဖြင့် ကပျာကသီ ပိုးလုံကွင်းကိုချွတ်ကာ ဘော်လီရှည်ကြီးနှင့် အိပ်ရာပေါ်သို့တက်၍ အိပ်လိုက်သဖြင့် အလုံလည်း ချွတ်ထားသောပိုးလုံကွင်းကို ကောက်လိုက်ရလေ၏။

"တံခါးဖွင့်စမ်း သမီး"

"ဖွင့်ထားပါတယ် မေမေကြီး"

ဒေါ်သိန်းနွဲ့သည် အခန်းတံခါးလက်ကိုင်ကို လှည့်၍ဝင်လာရာက အလုံကိုမြင်သည်၌ "ဩော် ... အလုံပါလား၊ ညဥ့်နက်လှပါပကော၊ ဒီပိုးလုံချည်တွေဘာလုပ်တာလဲ" ဟု ဆက်တိုက်မေးလိုက်ရာ အလုံလည်း ရယ်ရယ်ပြုံးပြုံးနှင့်ပင် "မိမိလေးက သူ့အဝတ်အစားတွေနဲ့ လက်ဝတ်လက်စားတွေကို အမျိုးမျိုးထုတ်ပြီး ဝတ်ပြတယ် မေမေကြီးရဲ့ ...၊ ကျွန်မဝတ်တာက တောဆန်လို့တဲ့၊ သူ့ဝတ်ပုံစားပုံ၊ အရောင်အသွေးရွေးပုံတွေကို ကျွန်မ အတုခိုးရအောင် ... လက်ထပ်သင်ပေးနေတာနဲ့ အမိလေးခမျာမှာလည်း ခုပဲ အိပ်ရာဝင်ရှာတယ်" ဟု ပြောလိုက်ရလေ၏။ ဒေါ်သိန်းနွဲ့လည်း ယုံကြည်သွားဟန်ဖြင့် "ဩော် ... ဟုတ်လား၊ အမိလေးက အဝတ်အစားတော့ အဆန်းထွင်တတ်သကွဲ့၊ အေး ... အေး ... ဩော် ဒါနဲ့ ... သမီး ... အမိလေး၊ အိပ်ပြီလား၊ ခဏကလေးထစမ်းပါဦး သမီးရယ်၊ နက်ဖြန်စောစော ဆီစက် ဦးသာဒွန်းဖြူတို့အလှူကို မေမေနဲ့တူတူသွားမယ့် ခြံနံပါတ် ၉ က ရာဇဝတ် ဝန်ကလေးကတော်က စိန်တစ်စုံစာငှားလို့ သမီးစိန်တွေ မေမေ့ပေးထားစမ်းပါ" ဟုတောင်းလိုက်သဖြင့် မိမိလေးက အိပ်ရာထဲမှပင် "လက်ပွေ့အိတ်ထဲမှာမေမေ" ဟု အိပ်ချင်သံနှင့် ပြောလိုက်လေ၏။

"ကဲ ... ကဲ ... အိပ်တော့သမီး ... အိပ်တော့"

mgyoe.com

mgyoe.com


ဒေါ်သိန်းနွဲ့သည် လက်ဗွေ့အိတ်ကိုဖွင့်၍ ပစ္စည်းများကိုစမ်းကြည့်ကာ ထွက်သွားလေ၏။ ဤတွင်မှ အလုံခမျာတွင်လည်း သက်ပြင်းချနိုင်တော့ကာ၊ မိမိလေး၏လုံချည်ကို ခေါက်သိမ်းပြီးနောက် တံခါးပိတ်ပေး၍ အခန်းထဲမှထွက်လာခဲ့လေ၏။

"အလုံ ... ခဏ"

အလုံသည် ရုတ်တရက်ဖြစ်၍၊ လန့်သွားကာ လှည့်၍ကြည့်လိုက်ရာ၊ ခေါ်လိုက်သူမှာ လေ့ကားဆင်းစကြံခပ်လှမ်းလှမ်း၌ရပ်နေသူ ဒေါ်သိန်းနွဲ့ ဖြစ်သည်ကို တွေ့ရသောကြောင့် ရှိသေစွာချဉ်းကပ်သွားရလေ၏။

"ခုနက ဘာတွေဆူညံနေတာလဲ အလုံ"

"ဩော် ... အမိလေးက တောမူတောရာတွေ၊ ဝတ်ပုံစားပုံတွေ လုပ်ပြနေလို့ ရယ်မိတာပါ မေမေကြီးရဲ့"

ဒေါ်သိန်းနွဲ့သည် မိမိလေး၏လက်ဗွေ့အိတ်ကိုဖွင့်ကာ တိုက်ချိတ်ကြီးနှင့် သီ၍ထားသော စိန်ကြယ်သီးငါးလုံးတစ်စုံကို ကိုင်တွယ်ကြည့်ရင်း၊ ခေါင်းငုံ့ကြည့်နေရာကပင် ...

"အင်း ... ငါ့သမီးကြီး အလုံ လိမ္မာပါပေတယ်၊ အမိလေးထင်ရာသာ လုပ်ရင်၊ ဒီစိန်ကြယ်သီးငါးလုံးကလည်း အနည်းဆုံးသုံးထောင်ကျော်၊ လေးထောင်တန်နေတာကလား အလုံရယ်၊ မေမေကြီးသိတယ်၊ အောက်ထပ်မှာ အလုံတို့ စကားပြောနေကတည်းက မေမေကြီး နိုးပြီးထွက်ကြည့်နေခဲ့တယ်၊ အို ... ရော့ ... ရော့ ... ငါ့သမီးကြီးကို ကျေးဇူးတင်လိုက်တာကွယ် ..." ဟု ပြောပြောဆိုဆို ပရုတ်ဆီဘူးတစ်ဘူး လှမ်းပေးလိုက်သဖြင့် အလုံမှာ ကြောင်၍နေရင်း "ဘာလုပ်ဖို့လဲ မေမေကြီးရဲ့" ဟု မေးလိုက်လေ၏။

"အထွေးဆုံးမို့ အလိုလိုက်ထားတော့ အမိလေးအတွက် မေမေကြီး ရင်လေးလှတယ်အလုံရယ်၊ ကဲ ... ခုနက အမိလေးကိုက်ဆွဲတာကို ပရုတ်ဆီ ထည့်လိုက်ဦး၊ မေမေကြီးအားလုံးမြင်ပြီးသားပါပဲကွယ်"

အလုံမှာ ဤတွင်မှ အမိလေးကိုက်ဆွဲသော ဒဏ်ရာမှာ စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်ကို သတိပြန်၍ ထားမိတော့လေ၏။

"ဒီလောက်တောင် ဖြစ်နေရင်လည်း စိတ်ချရအောင် ပေးစားလိုက်ပါတော့လား မေမေကြီးရယ်၊ နို့မဟုတ်ရင် တစ်နေ့မလစ် တစ်နေ့လစ်ပြီး

mgyoe.com